# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တပို့တွဲလဆန်း (၃) ရက် ၊ တနင်္လာနေ့ ၊ (12-2-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၂၈၈)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




2024 ckESpf(77)ESpfajrmuf jynfaxmifpkaeYuHk&R fyKyg/

ရတနာပုံ
၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်
အယ်ဒီတာ့အာဘော်

# ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြည်ထောင်စုကြီးအဓွန့်ရှည်တည်တံ့ရေး

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်နေ့ (ယနေ့)သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွက် မင်္ဂလာကျက်သရေအပေါင်းနှင့် ပြည့်စုံသော ၇၇ နှစ်မြောက် ပြည်ထောင်စုနေ့ဖြစ်ပါသည်။ လွန်ခဲ့သောနှစ်ပေါင်း ၇၇ နှစ်က မြန်မာ့လွတ်လပ်ရေးအတွက် ပြည်ထောင်စုဖွား တိုင်းရင်းသားသွေးချင်းတို့ စည်းလုံးညီညွတ်မှုကို အနှစ်သာရပြည့်ဝစွာ သက်သေပြမော်ကွန်းတင်လျက် ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုး၍ စည်းလုံးညီညွတ်မှုကို တင်းပြည့်ကျပ်ပြည့်ပြနိုင်ခဲ့ပြီး နယ်ချဲ့တို့ထံမှ လွတ်လပ်ရေးအောင်ပန်းကို ဆွတ်ခူးနိုင်ခဲ့သော သမိုင်းမော်ကွန်းတင်သည့် နေ့တစ်နေ့လည်း ဖြစ်ပါသည်။

မြန်မာ့သမိုင်းကို ပြန်ကြည့်ပါက နိုင်ငံအတွင်း သူတစ်လူ ငါတစ်မင်းနှင့် စည်းလုံးမှုပြိုကွဲနေချိန်၊ အုပ်ချုပ်ရေးအာဏာ လျော့ကျလာချိန်တွင် နိုင်ငံပြိုကွဲ၍ လွတ်လပ်ရေးဆုံးရှုံးကာ နယ်ချဲ့တို့လက်အောက် သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့ရသည်။ သူ့ကျွန်ဘဝတွင် တိုင်းရင်းသားတို့က နယ်ချဲ့တို့ကို နည်းမျိုးစုံတော်လှန်တိုက်ခိုက်မှု ပြုလုပ်ခဲ့ပါသော်လည်း စုစုစည်းစည်း ထိရောက်စွာ တော်လှန်နိုင်မှုအားနည်းခဲ့ပါသည်။ ဆုံးရှုံးခဲ့သောလွတ်လပ်ရေး ပြန်လည်ရရှိရန်အတွက် တိုင်းရင်းသားပြည်သူများသည် နိုင်ငံ့တပ်မတော်နှင့် လက်တွဲကာ အသက်ပေါင်းများစွာပေးဆပ်၍ သွေးစည်းညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။

နိုင်ငံ့ခေါင်းဆောင်များ၏ ဖြောင့်မတ်တည်ကြည်သည့်ဦးဆောင်မှု တိုင်းရင်းသားသွေးချင်းညီအစ်ကိုမောင်နှမများ ချစ်ကြည်စည်းလုံးညီညွတ်မှုဖြင့် လွတ်လပ်ရေးကို ရယူရန် ပင်လုံစာချုပ်ကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်နေ့တွင် စုပေါင်းလက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ပင်လုံစာချုပ်၏ အသီးအပွင့်ရလဒ်အဖြစ် တောင်တန်းနှင့် မြေပြန့်ဒေသများ ညီညွတ်ပေါင်းစည်းပြီး မြန်မာ့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့တွင် ပြန်လည်ရယူနိုင်ခဲ့ပါသည်။ ထိုသို့ နိုင်ငံတော်တစ်ဝန်းလုံး အကြားအလပ်မရှိ လွတ်လပ်ရေးပြန်လည်ရယူပေးနိုင်ခဲ့သည့် အရင်းခံအကြောင်းတရားမှာ ပြည်ထောင်စုစိတ်ဓာတ်ဖြစ်ပါသည်။

ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ ပြည်ထောင်စုကြီးတစ်ခုလုံးကို တစ်မိသားစုတည်း၊ တစ်အိမ်တည်းဟု စွဲမြဲခိုင်မာစွာ လက်ခံမှတ်ယူထားသော သဘောထားခံယူချက်ဖြစ်ပါသည်။ ငြိမ်းချမ်းသာယာခေတ်မီဖွံ့ဖြိုးသည့် နိုင်ငံတော်ကြီးကို ပြည်ထောင်စုဖွား တိုင်းရင်းသားတို့၏ ပြည်ထောင်စုစိတ်ဓာတ်ဖြင့်သာ ခိုင်ခိုင်မာမာတည်ဆောက်နိုင်မည်ဖြစ်ပြီး ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ရေးအတွက်လည်း အရည်အချင်းမြင့်မား၍ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသော မျိုးဆက်သစ်များကို ဆက်လက်ပြုစုပျိုးထောင်သွားရမည်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ပြည်ထောင်စုငြိမ်းချမ်းရေးရရှိရေးအတွက် ထာဝရငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြီးကို မဆုတ်မနစ် အကောင်အထည်ဖော်လျက်ရှိပါသည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားတို့အားလုံးတွင် ပြည်ထောင်စုစိတ်ဓာတ်၊ ဗြဟ္မစိုရ်တရား၊ စစ်မှန်သော မျိုးချစ်စိတ်များထားကာ အပြန်အလှန်ချစ်ကြည်လေးစားဆက်ဆံကြမှသာ တည်ငြိမ်အေးချမ်းမှု၏ အသီးအပွင့်ဖြစ်သည့် ပြည်ထောင်စုကြီးတစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါသည်။ သို့ပါ၍ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူအပေါင်း၏ ပြည်ထောင်စုစိတ်ဓာတ်ကောင်းများကို အခြေပြုလျက် နိုင်ငံတော်တည်ငြိမ်အေးချမ်းခေတ်မီဖွံ့ဖြိုးရေးအတွက် ကျရာကဏ္ဍအသီးသီးတွင် ဝိုင်းဝန်းအားပေးကူညီကြပါရန် တိုက်တွန်းရေးသားအပ်ပါသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး ဖေဖော်ဝါရီ ၁၁**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့် ပြည်သူစုစုပေါင်း ၃၆၃၇၀၄ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"မဟာမုနိရုပ်ရှင်တော်ကို အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေ နေ့စဉ် လာရောက်ဖူးမြော်ကြပါတယ်။ နေ့ထူးနေ့မြတ်၊ အခါကြီးရက်ကြီးတွေဆိုရင် ဝင်ရောက်ဖူးမြော်သူတွေနဲ့ စည်ကားနေပါတယ်။ ဘုရားရိပ်၊ တရားရိပ်က အေးမြတဲ့အတွက် လာရောက်တရားထိုင်သူတွေလဲ ရှိကြပါတယ်။ ဘုရားဖူးတွေက ပြတိုက်တွေ၊ ကြေးရုပ်ကြီးတွေဆီကိုလဲ သွားရောက်လေ့လာကြပါတယ်။ အမှတ်တရပစ္စည်းအရောင်းဆိုင်ခန်းတွေလဲ နေ့စဉ် ဖွင့်လှစ်ရောင်းချနေတာကိုတွေ့ရပြီး ဝယ်ယူသူတွေနဲ့စည်ကားနေပါတယ်"ဟု မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ရုံး ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူးဦးရေ ၃၅၇၅၆၀ လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူ ပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှဝင်ရောက်ဖူးမြော်နိုင်ကြောင်း သိရသည်။

ဝေရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ည ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၄၁၆၂ ဦး လာရောက်ဖူးမြော်ကြောင်း ဝေရောစန ကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ည ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူး ၁၉၈၂ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေး-ကျောက်မြောင်း ရေကြောင်းတွင် ရောဝတီလင်းပိုင်နှင့်ပေါင်း၍ ကွန်ပစ်ငါးဖမ်းဓလေ့ကိုကြည့်ရှုသော ပြည်တွင်းပြည်ပခရီးသွား များလာ

**မန္တလေး ဖေဖော်ဝါရီ ၁၁**

ရောဝတီလင်းပိုင်ထိန်းသိမ်းရေးဇရိယာ မန္တလေး-ကျောက်မြောင်း ရေကြောင်းတွင် ရောဝတီလင်းပိုင်နှင့်ပေါင်း၍ ကွန်ပစ်ငါးဖမ်းသည့်ဓလေ့ကို ကြည့်ရှုသော ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေများပြားလာကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ရောဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ယခုလက်ရှိ ရောဝတီမြစ်ရေနည်းချိန်ကာလ မန္တလေး-ကျောက်မြောင်း ရေကြောင်းတွင် ရောဝတီလင်းပိုင်နှင့်ပေါင်း၍ ကွန်ပစ်ငါးဖမ်းသည့်ဓလေ့ကို ဖေဖော်ဝါရီလ ဒုတိယပတ်အတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်ကြည့်ရှုလေ့လာမှု များပြားလျက်ရှိကြောင်း၊ ယခုလက်ရှိတွင် ရောဝတီမြစ်ရေနည်းချိန်ကာလဖြစ်သောကြောင့် ရောဝတီလင်းပိုင်များသည် အစာရေစာပေါများသည့် အင်ဒေါင်းကျေးရွာအနီးတွင် အုပ်စုလိုက် နေထိုင်ကျက်စားလျက်ရှိကြောင်း သိရသည်။

"အခု မြစ်ရေနည်းချိန်ကာလဖြစ်ပေမဲ့လဲ မန္တလေးဆိပ်ကမ်းကနေ မန္တလေး-ကျောက်မြောင်း ရေကြောင်းမှာ နေထိုင်ကျက်စားနေတဲ့ ရောဝတီလင်းပိုင်တွေကို ပြည်တွင်း၊ ပြည်ပ ခရီးသွားတွေ သွားရောက်ကြည့်ရှုမှု ပြန်များလာတယ်။ အဓိက ကတော့ မန္တလေး-ကျောက်မြောင်း ရေကြောင်းမှာရှိတဲ့ လင်းပိုင်တွေနဲ့ ကျေးရွာတွေက ရေလုပ်သားတွေပူးပေါင်းပြီး ကွန်ပစ်ငါးဖမ်းတဲ့ဓလေ့ကို သွားပြီးကြည့်ရှုလေ့လာကြတာပိုများလာတယ်"ဟု ဦးမောင်မောင်လေးက ပြောပြသည်။

မန္တလေးဆိပ်ကမ်းမှ မန္တလေး-ကျောက်မြောင်း ရေကြောင်းတွင် ရောဝတီလင်းပိုင်နှင့်ပေါင်း၍ ကွန်ပစ်ငါးဖမ်းသည့်ဓလေ့ကို သွားရောက်ကြည့်ရှုသော ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေမှာ ဖေဖော်ဝါရီလ ပထမပတ်အတွင်းက တစ်ရက်လျှင် ဦးရေ ၃၀၀ ကျော်သာရှိခဲ့သော်လည်း ဖေဖော်ဝါရီလ ဒုတိယပတ်အတွင်း ရောဝတီလင်းပိုင်နှင့်ပေါင်း၍ ကွန်ပစ်ငါးဖမ်းသည့်ဓလေ့ကို သွားရောက်ကြည့်ရှုသော ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၄၀၀ ကျော်ထိရှိလာကြောင်း ၎င်းက ပြောပြ၍ သိရသည်။ (၁၈၄)

# ပြည်ပကဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်တွင် ပဲကြီး အရောင်းအဝယ်ကောင်းလာ

**မန္တလေး ဖေဖော်ဝါရီ ၁၁**

ပြည်ပက ဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်တွင် ပဲကြီး အရောင်းအဝယ်ကောင်းလာကြောင်း ပွဲစားကုန်သည် စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပဲကြီးကို ယခုလက်ရှိ အိန္ဒိယနိုင်ငံဘက်က ဝယ်ယူမှုများရှိလာပြီး ပြည်တွင်း၌လည်း ပဲကြီးများ အရောင်းအဝယ် ကောင်းလျက်ရှိကြောင်း၊ ထို့ကြောင့် မန္တလေးဈေးကွက်အတွင်း ကုန်သည်များက ဝယ်ယူမှုများပြားလာသဖြင့် ပဲကြီး အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း သိရသည်။

"ပဲကြီးတွေကို အခုလက်ရှိမှာ ပြည်ပကကော၊ ပြည်တွင်းကပါ ဝယ်ယူမှုများလာတာကြောင့် အရင်ကထက်ပိုပြီး အရောင်းအဝယ်ကောင်းနေတဲ့အနေအထားမှာ ရှိနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် ဖေဖော်ဝါရီ ၁၀ ရက်ပေါက်ဈေးအရ ပဲကြီးသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၉၀၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

"မန္တလေးကုန်စည်ဒိုင်မှာတော့ ပဲကြီးကလဲ အရောင်းအဝယ်ဖြစ်နေတဲ့ ပဲအမျိုးအစားထဲမှာ ပါပါတယ်။ မန္တလေးဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ထဲမှာလဲ ပဲကြီးအရောင်းအဝယ်ပြန်ပြီးကောင်းနေပါတယ်"ဟု ဦးစက်မောင်ဆွေက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပုသိမ်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၄၉၂၃၆ ဧက စိုက်ပျိုးမည်

**ပုသိမ် ဖေဖော်ဝါရီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၄၉၂၃၆ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

ပုသိမ်မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၄၉၂၃၆ ဧကကို ဖေဖော်ဝါရီလ တတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ စပါး ၄၉၂၃၆ ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရန်အတွက် တောင်သူပညာပေး လုပ်ငန်းများနှင့် စိုက်ပျိုးရေးနည်းပညာများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကြိုတင်ကွင်းဆင်း ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

"ပုသိမ်မြို့နယ်မှာ နွေသီးနှံစိုက်ပျိုးရာသီ နွေစပါး ၄၉၂၃၆ ဧက စိုက်ပျိုးမှာပါ။ နွေစပါး ၄၉၂၃၆ ဧကစိုက်ပျိုးနိုင်ဖို့ လိုအပ်တာတွေကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကြိုတင်ဆောင်ရွက်ပေးထားပါပြီ။ အထွက်ကောင်း စပါးတွေကို ရွေးချယ်စိုက်ပျိုးမှာဖြစ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့က နွေစပါးတစ်ဧကကို တင်း ၁၀၀ ထိ ထွက်ရှိစေဖို့၊ စပါးတွေ အရည်အသွေး ကောင်းဖို့ကိုလဲ အဓိကထား လုပ်ဆောင်နေပါတယ်။ စပါးအရည်အသွေးကောင်းမှ ဈေးကောင်းကောင်း ရရှိမှာဖြစ်ပါတယ်" ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

ပုသိမ်မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်နေကြောင်း၊ နွေစပါး ၄၉၂၃၆ ဧကတွင် ရက် ၉၀ စပါး၊ နှစ်လခွဲစပါး အမျိုးအစားများကို အများဆုံး စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

## ၂၀၂၄ ခုနှစ်၊ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီး ထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူ အတူတကွလက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၃) တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရေး။

# ရမည်းသင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၆၈၅၄ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ပဲကြီးစိုက်ခင်းကို တွေ့ရစဉ်။

**ရမည်းသင်း ဖေဖော်ဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၆၈၅၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

ရမည်းသင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ဧက ၆၈၀၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလ တတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ပဲကြီး ၆၈၅၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲကြီးစိုက်ဧက လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ရမည်းသင်းမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ ပဲကြီးဧက ၆၈၀၀ စိုက်ပျိုးဖို့ လျာထားတာ ဒီနေ့ထိ ပဲကြီး ၆၈၅၄ ဧက စိုက်ပျိုးပြီးစီးပါပြီ။ ပဲကြီးဧက လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲကြီးစိုက်ဧကတွေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်နဲ့ စိုက်ပျိုးဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်တဲ့ မျိုးတွေ စိုက်ပျိုးနိုင်ဖို့အတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးပါတယ်"ဟု ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က က ပြောပြသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် အခြားနည်းစနစ်များဖြင့် စိုက်ပျိုးသည့်သီးနှံများထက် အရည်အသွေး ပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်း ဈေးကွက်သာမက ပြည်ပဈေးကွက်များသို့ပါ တင်ပို့ရောင်းချနိုင်သည်ထိ အရည်အသွေးကောင်းမွန်ခြင်းကြောင့် အဆိုပါနည်းစနစ်ဖြင့် စိုက်ပျိုးသည့်တောင်သူများ အကျိုးစီးပွားပိုမိုဖြစ်ထွန်းလာမည်ဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

# ဘားအံမြို့နယ် ဖအွံ့ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ဘားအံ ဖေဖော်ဝါရီ ၁၁**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိစေရန်ရည်ရွယ်၍ ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ကော့ကျိုက်ကျေးရွာအုပ်စု ဖအွံ့ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်၊ ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက သောက်သုံးရေရရှိရေးကော်မတီဝင်များနှင့်အတူ ဖအွံ့ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ဖအွံ့ကျေးရွာ၌ အကျယ် လေးလက်မ၊ အနက်ပေ ၂၀၀ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ အလျား ငါးပေ၊ အနံ ငါးပေ၊ အမြင့် ခုနစ်ပေရှိ ရေစက်ရုံ တည်ဆောက်ခြင်းနှင့် ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်း လုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရရန်ပုံငွေကျပ် ၂၀ ဒသမ ၂၆၄ သန်းဖြင့် လင်းဒွေးကုမ္ပဏီက ၂၀၂၃ ခုနှစ် မေလစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဆက်လှ**

# ရှောင်မြို့နယ် ရေလုကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရှောင် ဖေဖော်ဝါရီ ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရှောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြင်းကျဒိုးကျေးရွာအုပ်စု ရေလုကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရှောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းမြတ်ထိုက်က ရေလုကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံ ဦးစီးအရာရှိ ဦးအောင်လွင်မိုးနှင့်ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ရှောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းမြတ်ထိုက်က ရေလုကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရေလုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူ ဦးရေ ၁၁၀ ကို နဝမအကြိမ်အဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၆၃၉ သိန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**



# အတွေးနဲ့ အရေး

ချစ်နိုင်(စိတ်ပညာ)

**"လောကကြီးကို ပြောင်းလဲနိုင်တဲ့ တစ်ခုတည်းသောအရာက ဘာလဲဆိုတော့ ပညာပါပဲ။"**

**နယ်လဆင် မင်ဒဲလား**

**တောင်အာဖရိက၊ လူမည်းနိုင်ငံရေးခေါင်းဆောင် နိဒါန်း**

လောကကြီးဟာ အဆက်မပြတ်ပြောင်းလဲနေပါတယ်။ ကောင်းတဲ့ဘက်၊ တိုးတက်တဲ့ဘက်၊ အကျိုးရှိစေတဲ့ဘက်ကို ပြောင်းလဲတာတွေရှိသလို မကောင်းတဲ့ဘက်၊ ဆုတ်ယုတ်တဲ့ဘက်နဲ့ အကျိုးပျက်စီးစေတဲ့ဘက်တွေကို ပြောင်းလဲနေကြတာတွေလည်း ရှိပေတယ်။

လောကရဲ့သဘောသဘာဝ ဘယ်လိုရှိသလဲဆိုရင် လေ့လာမှတ်သားဖူးသမျှ အနက်အဓိပ္ပာယ် ဒီလို ဖော်ညွှန်းတာလည်း တွေ့ရတယ်။ **"လုဇ္ဇတိ ပလုဇ္ဇတိ လောကော"**တဲ့။

လုဇ္ဇတိ-ပျက်တတ်၏။

ပလုဇ္ဇတိ-ပရမ်းပတာ ပျက်တတ်၏။

ဣတိတသ္မာ-ထို့ကြောင့်

လောကော-လောကမည်၏ တဲ့။

သြကာသလောက၊ သတ္တလောက၊ သင်္ခါရလောက၊ လောကကြီးဟာ တစ်ရှိန်ထိုး အဆက်မပြတ်ပြောင်းလဲ ရွေ့လျားနေတာပဲ။ ပျက်တတ်တဲ့သဘောရှိတာဟာ ဘာမှအဆန်းမဟုတ်ဘူး။ တိုတောင်းလှတဲ့ လူ့ဘဝ သက်တမ်းတစ်ခုမှာ မိမိနဲ့တကွ မိမိရဲ့လူမှုပတ်ဝန်းကျင်နဲ့တကွ၊ ကမ္ဘာမြေ၊ ရေမြေတောတောင်၊ ပင်လယ်သမုဒ္ဒရာတွေရယ်၊ မြင်ရ၊ မမြင်ရတဲ့ စကြဝဠာ အန္တရိုက်တွေရယ် အကောင်းအဆိုး အမျိုးမျိုးဖြစ်ပေါ်ပြောင်းလဲနေဆဲမှာ ကောင်းရာကောင်းကျိုးကလေးတွေ တတ်နိုင်သလောက် ကြိုးစားပါဝင်လုပ်ဆောင်သွားနိုင်ကြရင် မကောင်းပေဘူးလား။

စာပေရေးသားတယ်ဆိုတဲ့လူတွေမှာ စိတ်ကူးတွေရှိကြတယ်နော်။ မိမိကိုယ်ကို ကောင်းအောင်ပြောင်းလဲဖို့လည်း ကြိုးစားရတယ်။ မိမိပတ်ဝန်းကျင် အနီးကပ်ဆုံး မိသားစုဝင်တွေမှအစ အနီးအဝေးလူမျိုး၊ ဘာသာတူသူကော၊ ကွဲပြားသူကော ကမ္ဘာတစ်ဝန်း အေးချမ်းသာယာ ဘေးရန်ကွာကြစေချင်ပါတယ်။ စိတ်ကောင်းစေတနာရှိကြပါတယ်။

**စေ့ဆော်မှု**

စာရေးတာ အပါအဝင်ပါပဲ။ လူတွေအလုပ်လုပ်တယ်။ အပြုအမူ တစ်ခုခုလုပ်ကိုင်တယ်ဆိုရင် ဟောဒီ သုံးမျိုးမှာ တစ်ခုဖြစ်ဖြစ်၊ နှစ်ခုဖြစ်ဖြစ် အရင်းအမြစ်ခံပြီး စီးဆင်းလာတယ်။

၁။ ဆန္ဒ Will, Motive

၂။ ခံစားချက် Feeling, Emotion

၃။ အသိဉာဏ် Rational, Intelligence

စာရေးသူမှာ စာရေးတဲ့အကြောင်းတော့ တစ်ခုခု ရှိပေမှာပေါ့။ ကဗျာပဲရေးရေး၊ ဆောင်းပါးပဲရေးရေး၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ စာစီစာကုံး၊ စာညွှန်း၊ ဘာပဲရေးရေး။

ရေးချင်လို့ ရေးတယ်။ မရေးရမနေနိုင်လို့ ရေးတယ်။ အဲဒါမျိုးလည်း ရှိတတ်တယ်။ ခံစားချက်ဖော်ထုတ်ချင်လို့ရေးတာလည်းရှိနိုင်တယ်။ အသိဉာဏ်အရ စာရေးမှ တစ်စုံတစ်ခု မိမိအတွက် ကောင်းကျိုးရဖို့ရှိမယ် ယုံကြည်ယူဆလို့ ရေးတာလည်းရှိနိုင်တယ်။

**အမျိုးအစား**

စာပေမှာ အမျိုးအစားခွဲခြားမယ်ဆိုရင် အခြေခံသဘောကတော့ နှစ်မျိုးရှိနိုင်တယ်။

၁။ စကားပြေ PROSE

၂။ ကဗျာလင်္ကာ POEM

စာပေကို အနောက်တိုင်းစာပေက ခွဲခြားပုံနောက်တစ်နည်းရှိပါသေးတယ်-

၁။ Fiction စိတ်ကူးယဉ်စာပေ

၂။ Non.Fiction စိတ်ကူးယဉ်မဟုတ်တဲ့ စာပေ

စိတ်ကူးကွန့်မြူးဖန်တီးပြီး ရေးတာတွေက ကဗျာ၊ ပြဇာတ်၊ ဝတ္ထုတွေကို ဆိုလိုပါတယ်။

စိတ်ကူးယဉ်မဟုတ်တဲ့ စာပေဆိုတာက စကားပြေထဲမှာ ပထဝီ၊ သမိုင်း၊ သိပ္ပံ၊ စိုက်ပျိုးရေး၊ အတတ်ပညာ၊ နည်းပညာစတဲ့ ဆောင်းပါး၊ မှတ်တမ်း၊ အတ္ထုပ္ပတ္တိ၊ တိတိကျကျ၊ ပကတိအရှိတရားတွေပါတဲ့ သဘောပေါ့။

❖ သုတချည်းလည်းမဟုတ်ဘဲ ရသပါရောစွက်ပြီး ရေးတာမျိုးလည်းရှိခဲ့တာပဲ။ ရှိနိုင်တာပဲလေ။ စာဖတ်သူကို သုတအသိပညာမျှဝေပေးချင်တယ်။ စာဖတ်သူကိုဖတ်ချင်လာအောင် ဆွဲဆောင်ဖမ်းစားချင်တယ်။ အဲဒီအခါမျိုးမှာ စေတနာကတော့ ပညာပေးချင်တာဖြစ်ပေမယ့် အတတ်ပညာသဘောမှာ ရသအနုပညာနဲ့ ရောစပ်ပါဝင်ပြီး ရေးဖွဲ့တာမျိုးရေးကြတာပေါ့။ သုတနဲ့ ရသကို ကွဲကွဲပြားပြား၊ ခွဲခွဲခြားခြားရေးရင်လည်းရပါတယ်။ သုတဆေးခါးဆိုရင် ကလေးကမျိုချင်မှာမဟုတ် မသောက်ဘဲ ခါးလို့ထွေးပစ်မှာစိုးရလေတော့ အရောင်နီနီဝါဝါလှလှ သကြားရည်ခဲလေး အပေါ်ယံဖုံးအုပ်ထားတဲ့ ဆေးပြား၊ ဆေးတောင့်လို ရသအနုပညာ ဝန်းရံရေးသားတိုက်ကျွေးတော့ စာဖတ်သူတွေက ရသကိုကြိုက်လို့ သုတကိုဝါးမျိုသွားတာပေါ့။ ❖

အဲဒါနဲ့ဆင်တူတဲ့ ခွဲခြားခြင်းသဘောတစ်မျိုးလည်း ရှိနိုင်ပါသေးတယ်။ အဲဒါကတော့ အားလုံးလည်း သိပြီးသား-

၁။ ရသစာပေ

၂။ သုတစာပေ

အလွယ်တကူ ဒီလိုခွဲခြားသတ်မှတ်ရင်လည်း ရပါရဲ့။

၃။ သုတရသရောနှောတဲ့စာပေ

သုတချည်းလည်းမဟုတ်ဘဲ ရသပါရောစွက်ပြီး ရေးတာမျိုးလည်းရှိခဲ့တာပဲ။ ရှိနိုင်တာပဲလေ။ စာဖတ်သူကို သုတအသိပညာမျှဝေပေးချင်တယ်။ စာဖတ်သူကို ဖတ်ချင်လာအောင် ဆွဲဆောင်ဖမ်းစားချင်တယ်။ အဲဒီအခါမျိုးမှာ စေတနာကတော့ ပညာပေးချင်တာဖြစ်ပေမယ့် အတတ်ပညာသဘောမှာ ရသအနုပညာနဲ့ ရောစပ်ပါဝင်ပြီး ရေးဖွဲ့တာမျိုး ရေးကြတာပေါ့။ သုတနဲ့ရသကို ကွဲကွဲပြားပြား၊ ခွဲခွဲခြားခြားရေးရင်လည်း ရပါတယ်။

သုတ ဆေးခါးဆိုရင် ကလေးက မျိုချင်မှာမဟုတ် မသောက်ဘဲ ခါးလို့ထွေးပစ်မှာစိုးရလေတော့ အရောင်နီနီဝါဝါလှလှ သကြားရည်ခဲလေး အပေါ်ယံဖုံးအုပ်ထားတဲ့ ဆေးပြား၊ ဆေးတောင့်လို ရသအနုပညာ ဝန်းရံရေးသားတိုက်ကျွေးတော့ စာဖတ်သူတွေက ရသကို ကြိုက်လို့ သုတကို ဝါးမျိုသွားတာပေါ့။

သုတ=ပညာပြန့်ပွားစေခြင်း Education

ရသ=ဖျော်ဖြေနှစ်သက်စေခြင်း Entertaining

**တရားတော်**

စာဖတ်သူတွေ ဓမ္မပဒဇာတ်ဝတ္ထုတွေ ဖတ်ဖူး၊ ကြားဖူးကြမှာပါပဲ။ ရှေးအဆက်ဆက် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တွေ ရေးသားခဲ့ကြတာလည်း ရှိတယ်။ လူပြန်တော်ပညာရှိဆရာကြီးတွေ ရေးသားတာတွေလည်းရှိတယ်။ ကလေးလူငယ်တွေ ဖတ်ဖြစ်အောင် ရုပ်ပြစာအုပ်အနေနဲ့ ဓမ္မပဒဇာတ်ဝတ္ထုတွေကို ရေးဆွဲထုတ်ဝေကြတာလည်းရှိကြပါတယ်။

မြတ်စွာဘုရားဟာ အခြေအနေအရ၊ လူပုဂ္ဂိုလ်အရ ဟောကြားတော်မူတဲ့ တရားတော်တွေမှာ တရားရဲ့ လိုရင်းအနှစ်သာရ (ရည်ရွယ်ချက်) အကြောင်းခြင်းရာကို တရားနာသူ၊ စာဖတ်သူ၊ ပရိသတ်စိတ်ဝင်စားအောင် နားထောင်ချင်သဖွယ်ရှိအောင် ဇာတ်ကွက်ဇာတ်လမ်းနဲ့ပါ ဟောကြားလေ့ရှိပါတယ်။ အာဠဝက ဘီလူးချွတ်ခန်း၊ အင်္ဂုလိမာလချွတ်ခန်း၊ ပဋာစာရီချွတ်ခန်း စသဖြင့် အားပြိုင်မှုသဘော၊ စိတ်လှုပ်ရှားဖွယ်သဘော၊ ဝမ်းနည်းကြေကွဲ၊ သနားစဖွယ်သော ကရုဏာရသ စတဲ့ခံစားမှုတွေပေးနိုင်တာ တွေ့ကြရမှာပါ။

ဒါတွေက ရှည်ရှည်ဝေးဝေး နိဒါန်းပျိုးသလိုတော့ ဖြစ်နေတယ်ပေါ့နော်။ ဒါပေမဲ့ ဝတ္ထုတိုဆိုတဲ့ စာပေဖန်တီးမှုအတတ်ပညာနဲ့ ဝတ္ထုတိုရေးသားနေကြတဲ့ စာရေးဆရာလူငယ်အများစု၊ ထင်ရှားအောင်မြင်စပြုနေတဲ့ ရေးဖော်ရေးဖက် စာပေရောင်းရင်းတွေကို ကြိုဆိုဂုဏ်ပြုပြီး အားပေးဆွေးနွေးချင်လို့ တင်ပြနေတာဖြစ်ပါတယ်။

**ရှေ့ကအခြေ**

လွတ်လပ်ရေးမရခင်ကတည်းက စာပေလောကမှာ ဝတ္ထုတိုဟာရှိခဲ့ပါတယ်။ လွတ်လပ်ရေးရလာခဲ့ပြီး ၁၉၅၀-၁၉၆၀ ကာလတွေမှာလည်း သွေးသောက်၊ ရှုမဝ၊ မြဝတီ စတဲ့မဂ္ဂဇင်းတွေဟာ လစဉ်ထုတ်ဝေရာမှာ ဝတ္ထုတို ရှစ်ပုဒ်ကနေ ၁၄ ပုဒ်ထိ ထည့်သွင်းထုတ်ဝေလေ့ရှိပါတယ်။

ဝတ္ထုရှည်ရေးပြီး နာမည်မကျော်ကြားခင် ဝတ္ထုတိုကောင်းတာနဲ့ စာဖတ်ပရိသတ်နဲ့ ထိတွေ့ရင်းနှီးပြီး လေးစားချစ်ခင်မှုကို ရနေကြပါပြီ။ ဒဂုန်ခင်ခင်လေး၊ ဂျာနယ်ကျော်မမလေး၊ ခင်နှင်းယု၊ ခင်ဆွေဦး၊ အောင်လင်း၊ ဇန်းမော်တင်အောင်၊ တက္ကသိုလ်ဘုန်းနိုင်၊ မောင်သာရ စတဲ့ မဂ္ဂဇင်းအယ်ဒီတာစားပွဲပေါ်မှတစ်ဆင့် လုံးချင်းဝတ္ထုရှည်မှာ နိုင်ငံကျော်အောင်မြင်သွားကြတာပဲပေါ့။

နှစ်ပေါင်း ၄၀၊ ၅၀ ကြာလာတဲ့အခါမှာ မဂ္ဂဇင်းတွေ မှေးမှိန်ပျောက်ကွယ်သွားပြီး ဂျာနယ်ခေတ်ရောက်လာတော့ ရသစာပေဝတ္ထုတို၊ ဝတ္ထုရှည်တွေဟာ နေရာရှားပါးခက်ခဲသွားကြရတယ်။ ဝတ္ထုတိုရွှေခေတ်ဆိုတာ ပြောနေရင်းပဲ မဂ္ဂဇင်းတွေ လုံးပါးပါးတဲ့အခါ ဝတ္ထုတိုရေးသူတွေ မိမိဘာသာ ဝတ္ထုတိုပေါင်းချုပ်စုပေါင်းထုတ်နိုင်မှ စာဖတ်ပရိသတ်နဲ့ ထိတွေ့ခွင့်ရတဲ့ အခြေအနေရောက်ခဲ့ကြပါတော့တယ်။

စာအုပ်အငှားဆိုင်တွေ ပျောက်ကွယ်ခြင်း၊ လစဉ်ထုတ်မဂ္ဂဇင်းတွေ နှစ်ကျပ်တန်ခေတ်မှ ငွေကျပ် ၆၀၀၀ ၇၀၀၀ ခေတ်ထိ အရေအတွက်လျော့ပါးကျဆင်းသွားခြင်းဟာ ဝတ္ထုတိုစာရေးဆရာတွေ ရေးကွက်ကျဉ်းသွားခဲ့ကြပါပြီ။

**လက်ရှိအနေ**

ဒီလိုအခြေအနေမှာ သတင်းစာတချို့က ဝတ္ထုရှည် (ထင်ရှားကျော်ကြားပြီးသား ဒါမှမဟုတ် စာပေဆုရ)တွေကို အခန်းဆက်ဖော်ပြတယ်။ တစ်ပတ်တစ်ကြိမ် ဝတ္ထုတိုလေးတွေ ဖော်ပြထည့်သွင်းလာတယ်။ ဒါဟာ နေရာပေးခံရခြင်းပါပဲ။ ကျေးဇူးတင်စရာလည်းကောင်းတယ်။ စာပေလောကမှာ ခန်းခြောက်ပျောက်ကွယ်သွားနိုင်တဲ့ ကျဆင်းမှုမျိုးကြုံတွေ့နေရာမှာ ကယ်တင်ဆွဲထူအားပေးချီးမြှောက်ခံရခြင်းပါပဲ။

လက်လှမ်းမီသမျှ ဝတ္ထုတွေ အပုဒ်ရေ ၃၀ ကျော်လောက် စာရေးသူ သေသေချာချာဖတ်ပြီး လေ့လာသုံးသပ်ကြည့်ပါတယ်။ တကယ်တော့ စာဖတ်ဝါသနာထုံသူ၊ စာပေမွေ့လျော်သူ၊ ဆောင်းပါးရှင်တစ်ဦးပါ။

ဝတ္ထုတိုရေးနေကြတဲ့ စာရေးဆရာတွေကို အထူးပဲလေးစားဦးညွှတ်ပါတယ်။ (ကျွန်တော် မရေးတတ်လို့ မော်ကြည့်မိတဲ့သဘော) ရသဖန်တီးမှုအနုပညာကို အသိအမှတ်ပြုရပါတယ်။ စေတနာအရ အကြံပြုခွင့်ပေးမယ်ဆိုရင် အောက်ပါစာအုပ်တွေကို လက်လှမ်းမီရာ စာကြည့်တိုက်တွေမှာ ရှာဖွေလေ့လာရင် အခုအခြေအနေထက် သိသိသာသာ ပိုမိုကောင်းမွန်လာလိမ့်မယ်လို့ ဆိုပါရစေ-

| | | |
|---|---|---|
| ၁။ | ဦးဖေမောင်တင် | မြန်မာစာပေသမိုင်း (၁၉၃၈) |
| ၂။ | ဗိုလ်မှူးဘသောင်း | စာဆိုတော်များ အတ္ထုပ္ပတ္တိ(၂၀၀၂) |
| ၃။ | ဇော်ဂျီ | ရသစာပေအဖွင့်နှင့် နိဒါန်း(၁၉၆၇) |
| ၄။ | မောင်ခင်မင်(ဓနုဖြူ) | စကားပြေ သဘောတရားနှင့် စကားပြေ အတတ်ပညာ (၁၉၇၉) |
| ၅။ | လှသမိန် | မြန်မာစကားပြေ လမ်းညွှန် |
| ၆။ | မောင်ခင်မင်(ဓနုဖြူ) | စကားအကြောင်း စာအကြောင်း |
| ၇။ | လှသမိန် | မြန်မာစကားပြေ လက်ရွေးစင် |
| ၈။ | မြန်မာစာအဖွဲ့ | မြန်မာစကားပုံ |
| ၉။ | မြန်မာစာအဖွဲ့ | မြန်မာဆိုရိုးစကား |
| ၁၀။ | မြန်မာစာအဖွဲ့ | မြန်မာစာလုံးပေါင်း သတ်ပုံကျမ်း |

အချင်းချင်း အပြန်အလှန်လေ့လာရင်လည်း သင်ခန်းစာရရှိပါမယ်။ စာပေဖန်တီးကြသူတွေဟာ စာဖတ်ခြင်းဖြင့် ပိုမိုကြီးမြင့်ထွန်းတောက်လာကြမှာ သေချာပါကြောင်း ဖော်ပြတိုက်တွန်းအပ်ပါတယ်။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၈၃၆၈၂ ဧက စိုက်ပျိုးပြီးစီး

**ယင်းမာပင် ဖေဖော်ဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၈၃၆၈၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၈၃၆၁၈ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၈၃၆၈၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ နေကြာ ၈၃၆၁၈ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၈၃၆၈၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နေကြာကို ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ အဓိကထားစိုက်ပျိုးတယ်။ ပြည်ပကတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်"ဟု မြို့နယ်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် နေကြာစိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၁၈၅၆၁ ဧက၊ ကနီမြို့နယ်တွင် ၁၆၈၉၇ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၁၇၂၄၂ ဧကနှင့် ပုလဲမြို့နယ်တွင် ၃၀၉၈၂ ဧက စုစုပေါင်း ၈၃၆၈၂ ဧကဖြစ်ကြောင်း၊ မြို့နယ်အလိုက် နေကြာသီးနှံစိုက်ပျိုးရန် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၁၈၅၆၄ ဧက၊ ကနီမြို့နယ်တွင် ဧက ၁၆၈၃၀၊ ဆားလင်းကြီးမြို့နယ်တွင် ၁၇၂၄၂ ဧကနှင့် ပုလဲမြို့နယ်တွင် ၃၀၉၈၂ ဧက စုစုပေါင်း ၈၃၆၁၈ ဧကဖြစ်ကြောင်း သိရသည်။

နေကြာသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့်နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြှင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်ဆောင်ရွက်ခြင်းတို့ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ (၂၀၆)




# ကျုံပျော်မြို့နယ် ကုက္ကိုစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျုံပျော် ဖေဖော်ဝါရီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ ကုက္ကိုစုကျေးရွာ၌ ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျုံပျော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်ဌေးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာရပ်မိ၊ ရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျုံပျော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ဝါဝါမြတ်မွန်က စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်း သတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကုက္ကိုစုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦးကို ငွေကျပ် ၁၁ ဒသမ ၄ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၉ ဦးကို ငွေကျပ် ၂၁ ဒသမ ၇ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူငါးဦးကို ငွေကျပ် ၁ ဒသမ ၉ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသား ၁၂၇ ဦးကို ငွေကျပ် ၃၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သံသာ**

# ညီညာပြည်သာ သည်ချိန်ခါ

- နယ်ချဲ့အမွေဆိုး ရိုက်ချိုးတော်လှန်
  ပြည်မတောင်တန်း အောင်ပန်းတွေးဆကြံ
  စိတ်ချင်းညီပြန် အားမာန်စုပေါင်း
  မြို့ရွှေပင်လုံ အတူစုံ
  ရှိန်ဟုန်စည်းလုံး ကောင်းသည်နှင့်လေး။

- သဘောတူကြောင်း စုပေါင်းစာလွှာ
  တို့လွတ်လပ်ရေး မနှေးရလိုတာ
  သွေးမကွဲပါ ညီညာလက်တွဲ
  မြန်မာပြည်ထောင် ဓွန့်ရှည်အောင်
  စွမ်းဆောင်လက်များ မြဲသည်နှင့်လေး။

- ဘယ်သူခွဲခွဲ မကွဲဖို့လိုသည်
  အရေးကြီးက သွေးစည်းကြလေပြီ
  နယ်ချဲ့ကြံစည် ပျက်ပြီထိုစဉ်က
  လွတ်လပ်ရေးမှာ နီး၍လာ
  ရွှေကြာဖူးပွင့် လှသည်နှင့်လေး။

- နေမင်းထွက်စ လှပပုံသွင်
  အေးတူပူမျှ နေကြအတူယှဉ်
  မြစ်ရေအလျဉ် အစဉ်စီးဆင်း
  အရေးကြီးသော် သွေးစည်းဖော်
  ရှင်ပျော်မဆုံး လင်းသည်နှင့်လေး။

- ညီနောင်သွေးချင်း ချစ်ခြင်းညီတူ
  တရားမျှတ ရှိကြများပြည်သူ
  မွေးတကြုကြု စိုက်ထူအောင်ပန်း
  ညီညာပြည်သာ သည်ချိန်ခါ
  စဉ်လာကောင်းဖို့ မှန်းသည်နှင့်လေး။

- ရှင်လန်းသာယာ ပြည်ရွာလှပေ့အတည်။
  မြင်စမ်းသေချာ ညီညာကြတော့မည်။ ။

**ဘုန်းမောင်ဝင်း(ဖျာပုံ)**

# မလှိုင်မြို့နယ် ရေငံရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဖေဖော်ဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေငံရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစု၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ရေငံရွာသစ်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၆ ဦးကို ငွေကျပ် ၁၈ ဒသမ ၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦးကို ငွေကျပ် ၁၉ ဒသမ ၄ သိန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦးကို ငွေကျပ် ၉ ဒသမ ၅၅ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၉၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၇ ဒသမ ၄၅ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **ဟိန်းထက်နိုး(မလှိုင်)**

# နိုင်ငံတကာ သတင်းများ

## ရုရှားသမ္မတရွေးကောက်ပွဲအတွက် သမ္မတလောင်းများ မှတ်ပုံတင်စာရင်းသွင်းမှုလုပ်ငန်းစဉ် ပြီးဆုံးခဲ့ပြီဖြစ်

**မော်စကို ဖေဖော်ဝါရီ ၁၁**

လာမည့်မတ်လတွင် ကျင်းပမည့် ရုရှားသမ္မတရွေးကောက်ပွဲအတွက် သမ္မတလောင်းများမှတ်ပုံတင်စာရင်းသွင်းမှုလုပ်ငန်းစဉ်မှာ ယနေ့တွင် ပြီးဆုံးခဲ့ပြီဖြစ်ကြောင်း သိရသည်။

ရုရှား ဗဟိုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသော သမ္မတရွေးကောက်ပွဲပါဝင်ယှဉ်ပြိုင်ခွင့်ရသမ္မတလောင်းများ အပြီးသတ်စာရင်းတွင် လက်ရှိသမ္မတ ပူတင်၊ ရုရှားအောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဗလာဒီဆလပ်ဒ်ဒါဗင်ကော့ဗ်၊ လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ သမ္မတလောင်း လီယိုနစ်ဆလပ်စကီးနှင့် ကွန်မြူနစ်ပါတီသမ္မတလောင်း နီကိုလိုင်ခါရီတိုနော့ဗ်တို့ ဖြစ်ကြသည်။

ရုရှားသမ္မတ ပူတင်နှင့်အတူ သမ္မတရွေးကောက်ပွဲပါဝင်ယှဉ်ပြိုင်ခွင့်ရထားသည့် အဆိုပါသမ္မတလောင်း သုံးဦးစလုံးမှာ ယူကရိန်းစစ်ပွဲကိုထောက်ခံသည့် ရုရှားနိုင်ငံရေးသမားများဖြစ်ကြသည်။

လာမည့်သမ္မတရွေးကောက်ပွဲတွင် သမ္မတပူတင်သည် လက်ရှိအာဏာရရုရှားယူနိုက်တက်ပါတီကိုယ်စားပြု သမ္မတလောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်မည်မဟုတ်ဘဲ တစ်သီးပုဂ္ဂလသမ္မတလောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

အဆိုပါ ရွေးကောက်ပွဲတွင် သမ္မတပူတင်သာအနိုင်ရရှိ၍ သမ္မတရာထူး ပဉ္စမမြောက်သက်တမ်းကို ဆက်လက်ရယူရန် အလားအလာကောင်းလျက်ရှိသည်။

သမ္မတပူတင်သည် ရုရှားနိုင်ငံကို ၂၀၀၀ပြည့်နှစ်မှစ၍ စတင်ဦးဆောင်ခဲ့သူဖြစ်သော်လည်း ၎င်းရရှိထားသော လူထုထောက်ခံမှုနှုန်းမှာ အားကောင်းနေဆဲဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ရုရှားအရပ်ဘက်ကုန်တင်သင်္ဘောများကိုတိုက်ခိုက်ရန် ယူကရိန်းကြိုးပမ်းမှု ရုရှားစစ်ဘက်တားဆီး



**မော်စကို ဖေဖော်ဝါရီ ၁၁**

ပင်လယ်နက်ဒေသ အနောက်တောင်ပိုင်းရေပြင်အတွင်း ရုရှားအရပ်ဘက် သယ်ယူပို့ဆောင်ရေးသင်္ဘောများအား မောင်းသူမဲ့ရေငုပ်ယာဉ်များဖြင့်တိုက်ခိုက်ရန်ယူကရိန်း၏ကြိုးစားမှုကို တားဆီးနိုင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၀ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ယူကရိန်းစစ်ဘက်သည်ရုရှားအရပ်ဘက်သယ်ယူပို့ဆောင်ရေးသင်္ဘောများကိုတိုက်ခိုက်ရန် ဖေဖော်ဝါရီ ၉ ရက်တွင် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

ယူကရိန်းစစ်ရေးပဋိပက္ခစတင်ခဲ့ပြီးနောက် သာမန်အားဖြင့် ပင်လယ်နက်ရေပြင်အတွင်းရှိ အရပ်ဘက်သင်္ဘောများမှာ ပစ်မှတ်ထားတိုက်ခိုက်ခံရမှုများနှင့် ရင်ဆိုင်ခဲ့ရခြင်းမရှိကြောင်း သိရသည်။

သို့သော် ပင်လယ်နက်ရေလမ်းကြောင်းမှတစ်ဆင့် ရုရှားဆိပ်ကမ်း၊ ယူကရိန်းဆိပ်ကမ်းများသို့ သွားရောက်ကြမည့် ကုန်တင်သင်္ဘောများ၊ စစ်လက်နက်တင်ဆောင်ထားနိုင်သည့်သင်္ဘောများအဖြစ် မှတ်ယူမည်ဖြစ်ကြောင်း ရုရှားနှင့် ယူကရိန်းနှစ်ဖက်စလုံးက ပြောကြားထားသည်။

ရုရှားအရပ်ဘက် ကုန်တင်သင်္ဘောများအား မောင်းသူမဲ့ရေငုပ်ယာဉ်များဖြင့် တိုက်ခိုက်ရန် ယူကရိန်း၏ကြိုးပမ်းမှုကို ရုရှားကင်းလှည့်ရေယာဉ်များနှင့် စစ်လေယာဉ်များက တားဆီးနိုင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်အရ သိရသည်။

ပင်လယ်နက် အနောက်တောင်ပိုင်း ရေလမ်းကြောင်းများသည် ရုရှားနှင့် ယူကရိန်းနှစ်နိုင်ငံစလုံးမှ ကောက်ပဲသီးနှံနှင့် စွမ်းအင်ပို့ကုန်များအတွက် အရေးကြီးသော ရေလမ်းကြောင်း ဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ကြက်သား ၁၃၃ တန် ခိုးယူရောင်းစားသူ ဦးရေ ၃၀ တို့ကို ကျူးဘားတာဝန်ရှိသူများတရားစွဲ

**ဟာဗားနား ဖေဖော်ဝါရီ ၁၁**

ကြက်သား တန်ချိန် ၁၃၃ တန်ကိုခိုးယူ၍ လမ်းတကာလှည့်ရောင်းစားခဲ့သော လူပေါင်း ၃၀ တို့ကို ကျူးဘားနိုင်ငံ တာဝန်ရှိသူများက တရားစွဲထားကြောင်း ဖေဖော်ဝါရီ ၁၀ ရက်သတင်းများ၌ ရေးသားတင်ပြထားသည်။

ကြက်သားတန်ချိန် ၁၃၃ တန် ခိုးယူရောင်းချခံရမှုသည် စားနပ်ရိက္ခာရှားပါးမှုနှင့်ရင်ဆိုင်ခဲ့ရသော ကျူးဘားနိုင်ငံ၌ ရှားရှားပါးပါးဖြစ်ပွားခဲ့သည့် အနုကြမ်းစီးမှုဖြစ်စဉ်ကြီးတစ်ရပ်ဖြစ်သည်။

ကျူးဘား တာဝန်ရှိသူများ၏ အဆိုအရ ကြက်သားသူခိုးများသည် ဟာဗားနားမြို့ရှိ နိုင်ငံပိုင်ကုန်လှောင်ရုံတစ်ခုမှ ကြက်သားတန်ချိန် ၁၃၃ တန်ကို ခိုးယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ခိုးယူမှုကျူးလွန်သူများသည် ကြက်သား ရောင်းချမှုမှရယူထားသည့် အကျိုးအမြတ်များကို ရေခဲသေတ္တာများ၊ လက်တော့ပ်ကွန်ပျူတာများ၊ ရုပ်မြင်သံကြားစက်များ၊ လေအေးပေးစက်များ ဝယ်ယူရန် သုံးစွဲခဲ့ကြောင်း ကျူးဘားတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ကွယ်လွန်သူကျူးဘားခေါင်းဆောင် ဖီဒယ်ကတ်စထရို၏ ၁၉၅၉ ခုနှစ် တော်လှန်ရေးအပြီး စတင်ကျင့်သုံးခဲ့သော စားနပ်ရိက္ခာခွဲတမ်းစနစ်တွင် ကြက်သားလည်း ပါဝင်သည်။

သို့သော် စီးပွားရေးအကျပ်အတည်းကြောင့် ပြီးခဲ့သည့်နှစ်များအတွင်း ကျူးဘားနိုင်ငံ၏ရိက္ခာခွဲတမ်းစနစ်၌ ကြက်သားပါဝင်မှုပမာဏ ကျဆင်းလာခဲ့ရကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



## ဂါဇာကမ်းမြောင်ဒေသရှိ ဟားမတ်စ်အုပ်စု မြေအောက်ကွပ်ကဲရေးစခန်းကို အစ္စရေးတပ်ဖွဲ့ဝင်များတွေ့ရှိ

**ဂါဇာစီးတီး ဖေဖော်ဝါရီ ၁၁**

ဂါဇာကမ်းမြောင်ဒေသရှိ ကုလသမဂ္ဂပါလက်စတိုင်းဒုက္ခသည်များအေဂျင်စီဌာနချုပ်အဆောက်အအုံအောက်၌ ဟားမတ်စ်အုပ်စု၏ မြေအောက်ဥမင်ကွန်ရက်တစ်ခုကို အစ္စရေးတပ်ဖွဲ့ဝင်များက ရှာဖွေတွေ့ရှိထားကြောင်း ဖေဖော်ဝါရီ ၁၀ရက်သတင်းများအရ သိရသည်။

အဆိုပါဥမင်ကွန်ရက်သည်ပါလက်စတိုင်း ဒုက္ခသည်များအေဂျင်စီဌာနချုပ်အောက်မြေအောက်အနက် ရှစ်မီတာတွင်ရှိပြီး ဥမင်ကွန်ရက်အရှည်မှာ မီတာ ၇၀၀ ထိရှိကြောင်း သိရသည်။



စစ်ဆင်ရေး ကွပ်ကဲမှုစခန်းတစ်ခုအဖြစ် ဟားမတ်စ်အုပ်စုအသုံးပြုခဲ့သော အဆိုပါမြေအောက်ဥမင်ကွန်ရက်တွင်ကွန်ပျူတာဆာဗာများ တပ်ဆင်ထားသော အခန်းလည်းပါဝင်ကြောင်း အစ္စရေးစစ်ဘက်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အေဂျင်စီ ဝန်ထမ်းများထဲတွင် ဟားမတ်စ်အုပ်စုဝင်များလည်းပါဝင်နေသည်ဆိုသော အစ္စရေး၏စွပ်စွဲချက်ကြောင့် ကုလသမဂ္ဂ ပါလက်စတိုင်းဒုက္ခသည်များအေဂျင်စီအနေဖြင့် ဖိအားများနှင့်ရင်ဆိုင်နေရစဉ် အဆိုပါ မြေအောက်ဥမင်ကွန်ရက်ကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ကုလသမဂ္ဂ ပါလက်စတိုင်းဒုက္ခသည်များ အေဂျင်စီသည် ပြည်ပအကူအညီများအပေါ် မှီခိုနေရသော ဂါဇာကမ်းမြောင်ပြည်သူများကို နှစ်ပေါင်းများစွာကူညီနေသည့် အဖွဲ့ဖြစ်ပြီး ဂါဇာရှိ ပါလက်စတိုင်းလူမျိုး ၁၃၀၀၀ကို အလုပ်ပေးထားသည်။

အစ္စရေး၏စွပ်စွဲချက်များသည် ပါလက်စတိုင်း ဒုက္ခသည်များအေဂျင်စီ၏ ဂုဏ်သိက္ခာကိုချရန် ရည်ရွယ်သည့် စွပ်စွဲချက်များဖြစ်သည်ဟု ပါလက်စတိုင်းလူမျိုးများက ဝေဖန်ထားကြောင်း သိရသည်။

Ref : RT
Trs : KKO

## ကာတာနိုင်ငံမှ တစ်ပတ်ရစ်တိုက်လေယာဉ်များဝယ်ယူရေးအစီအစဉ် အင်ဒိုနီးရှားဖျက်သိမ်း

**ဂျကာတာ ဖေဖော်ဝါရီ ၁၁**

ကာတာနိုင်ငံထံမှ မိုင်းရိတ်-၂၀၀၀အမျိုးအစား တစ်ပတ်ရစ်တိုက်လေယာဉ်များကို အမေရိကန်ဒေါ်လာ သန်း ၇၉၀ဖြင့် ဝယ်ယူမည့်အငြင်းပွားဖွယ် အစီအစဉ်ကို ဖျက်သိမ်းလိုက်ပြီ ဖြစ်ကြောင်း အင်ဒိုနီးရှား ကာကွယ်ရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၀ ရက်တွင် သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ကာတာနိုင်ငံထံမှ တစ်ပတ်ရစ်မိုင်းရိတ် တိုက်လေယာဉ်များကို ဝယ်ယူရေးအတွက် မူလကစီစဉ်ထားသည့်တိုင် ယခုအခါအစီအစဉ်ကိုဖျက်သိမ်းလိုက်ပြီ ဖြစ်ကြောင်း အင်ဒိုနီးရှား ကာကွယ်ရေးဝန်ကြီးဌာနသတင်းထုတ်ပြန်ချက်၌ဖော်ပြထားသည်။

ကာတာနိုင်ငံထံမှ မိုင်းရိတ်-၂၀၀၀ တိုက်လေယာဉ် ၁၂ စင်း ဝယ်ယူရေးအစီအစဉ်ကိုဘဏ္ဍာရေးအခက်အခဲကြောင့် ဆိုင်းငံ့ထားကြောင်း အင်ဒိုနီးရှားကာကွယ်ရေးဝန်ကြီးဌာနတာဝန်ရှိသူများက ပြီးခဲ့သည့်လအတွင်း ထုတ်ဖော်ပြောကြားထားသည်။

လာမည့်ဖေဖော်ဝါရီ ၁၄ ရက်တွင်ကျင်းပမည့် သမ္မတရွေးကောက်ပွဲ၌ အနိုင်ရရန် အလားအလာများနေသော အင်ဒိုနီးရှားကာကွယ်ရေးဝန်ကြီး ပရာဘိုဝိုဆူဘီယန်တိုမှာ အဆိုပါလေယာဉ်အရောင်းအဝယ်ကိစ္စအတွက် မဲဆွယ်လှုပ်ရှားမှုကာလအတွင်း ပြိုင်ဘက်များ၏ ဝေဖန်မှုနှင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။


သို့သော် အဆိုပါတစ်ပတ်ရစ်မိုင်းရိတ် တိုက်လေယာဉ်များကို နောင် ၁၅ နှစ်ကြာထိ ဆက်သုံးနိုင်သည်ဟု ပရာဘိုဝိုဆူဘီယန်တိုက ပြောကြားထားကြောင်း သိရသည်။

ကာကွယ်ရေးဝန်ကြီး ပရာဘိုဝိုသည်အင်ဒိုနီးရှားလေတပ် ခေတ်မီရေးကို ဦးဆောင်ကြီးကြပ်ခဲ့သူဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## ချာရီကလိုးဂြိုဟ်သိမ်တစ်စင်း၏ ပတ်ပတ်လည်၌ ခါးပတ်ကွင်းများတည်ရှိနေမှုကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ



**ဝါရှင်တန် ဖေဖော်ဝါရီ ၁၁**

ကြာသပတေးဂြိုဟ်နှင့် နက်ပကျွန်းဂြိုဟ်တို့ကြား နေပတ်လမ်းပေါ်တွင်ရှိနေသည့် ချာရီကလိုး အမည်ရှိဂြိုဟ်သိမ်တစ်စင်း၏ ပတ်ပတ်လည်၌ ခါးပတ်ကွင်းများတည်ရှိနေမှုကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဖေဖော်ဝါရီ ၁၀ ရက် သတင်းများအရ သိရသည်။

ချာရီကလိုး ဂြိုဟ်သိမ်သည် အော့တိမ်တိုက် (Oort Cloud) နယ်မြေမှပေါ်ထွက်လာသော စင်တော် ခေါ် ဂြိုဟ်သိမ်အမျိုးအစားများထဲတွင် အရွယ်အစားအကြီးဆုံးဖြစ်ကြောင်း သိရသည်။

အမေရိကန် သိပ္ပံပညာရှင်များ၏ အဆိုအရ ချာရီကလိုးဂြိုဟ်သိမ်၏ ပတ်ပတ်လည်တွင် ခါးပတ်ကွင်းနှစ်ခု တည်ရှိနေကြောင်း သိရသည်။

အဆိုပါ ခါးပတ်ကွင်းနှစ်ကွင်းအနက် တစ်ကွင်းမှာ အနံ ၄ ဒသမ ၃ မိုင်ရှိပြီး ကျန်တစ်ခုမှာ ၁ ဒသမ ၉ မိုင်ရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ထို့ပြင် အဆိုပါခါးပတ်ကွင်းနှစ်ကွင်းသည် ချာရီကလိုးဂြိုဟ်သိမ်ဗဟိုချက်မှ ၂၄၃ မိုင်နှင့် ၂၅၂ မိုင်အကွာတို့တွင် အသီးသီးတည်ရှိနေကြောင်း သိရသည်။

ချာရီကလိုး ဂြိုဟ်သိမ် ခါးပတ်ကွင်းနှစ်ကွင်းကို တည်မြဲအတိုင်းရှိနေစေရန် ဂြိုဟ်ရံလငယ်တစ်စင်းက ဖြပ်ဆွဲအားဖြင့် ထိန်းထားခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

## ဂျီမီနစ်ဥက္ကာမိုးရွာသွန်းမှုဖြစ်စဉ်တွင်ပါဝင်သော ဥက္ကာခဲများ စတင်ထွက်ပေါ်လာချိန်က မူလတွေးထင်ထားသည်ထက် ၁၀ ဆခန့်ပိုစော

**ဆိုးလ် ဖေဖော်ဝါရီ ၁၁**

ဂျီမီနစ်ဥက္ကာမိုး ရွာသွန်းမှုဖြစ်စဉ်တွင် ပါဝင်သော ဥက္ကာခဲများ စတင်ထွက်ပေါ်လာချိန်မှာ မူလတွေးထင်ထားသည်ထက် ၁၀ ဆခန့်ပိုစောကြောင်း သိပ္ပံပညာရှင်များက ဖေဖော်ဝါရီ ၁၀ ရက်တွင် ပြောကြားသည်။

ဂျီမီနစ်ဥက္ကာမိုး ရွာသွန်းမှုဖြစ်စဉ်တွင်ပါဝင်သည့် ဥက္ကာခဲများသည် ၃၂၀၀ ဖေသီယွန်အမည်ရှိဂြိုဟ်သိမ်တစ်စင်းထံမှ လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀၀ ခန့်က ပေါ်ထွက်ခဲ့ကြောင်း ယခင်က ယုံကြည်ခဲ့ကြသည်။

သို့ရာတွင် တောင်ကိုရီးယားသိပ္ပံပညာရှင်များ၏ ကွန်ပျူတာစံပြုပုံစံလေ့လာချက်အရ ဂျီမီနစ်ဥက္ကာခဲများသည် လွန်ခဲ့သောနှစ်ပေါင်း ၁၈၀၀၀ ကျော်ကပင် ၃၂၀၀ ဖေသီယွန်ဂြိုဟ်သိမ်မှ ပေါ်ထွက်လာခြင်းဖြစ်နိုင်ကြောင်း သိရသည်။



အချင်းသုံးမိုင်ခန့်ရှိသော ၃၂၀၀ ဖေသီယွန်ဂြိုဟ်သိမ်သည် လွန်ခဲ့သော နှစ်ပေါင်း ၁၈၀၀၀ ခန့်ကပင် ဂျီမီနစ်ဥက္ကာခဲများကို ခါထုတ်ခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယားသိပ္ပံပညာရှင်များက ပြောကြားသည်။

၃၂၀၀ ဖေသီယွန်ဂြိုဟ်သိမ်သည် နေကို နေနှင့်ကမ္ဘာကြားအကွာအဝေး၏ ၁၀ ပုံပုံ တစ်ပုံမျှသာ ဝေးသောနေရာမှဖြတ်ကျော်ပျံသန်းစဉ် ဂျီမီနစ်ဥက္ကာခဲများကို ခါထုတ်ခဲ့ခြင်းဖြစ်သည်။

ဂျပန် အာကာသအေဂျင်စီသည် ၃၂၀၀ ဖေသီယွန်ဂြိုဟ်သိမ်ကို လေ့လာရေးအတွက် Destinyt အမည်ရှိမစ်ရှင်ကို ၂၀၂၅ ခုနှစ်တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ်များကို ဖေဖော်ဝါရီ ၁၀ ရက်က Space-X ကုမ္ပဏီ ထပ်မံလွှတ်တင်

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၁**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုသစ်များကို ဖေဖော်ဝါရီ ၁၀ ရက်ကထပ်မံလွှတ်တင်ခဲ့ကြောင်း သိရသည်။

စတားလင့်ခ်အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တုသစ် ၂၂ စင်းကို သယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ်လေတပ်စခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် အထက်ပါ စတားလင့်ခ်အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တုများကို ဖေဖော်ဝါရီ ၇ ရက်တွင် လွှတ်တင်ရန် မူလကစီစဉ်ထားသော်လည်း ရာသီဥတု အခြေအနေကြောင့် ဖေဖော်ဝါရီ ၁၀ ရက်မှသာ လွှတ်တင် နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၀ ရက် မစ်ရှင်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ပင်မဒုံးယာဉ်သည် ၈ ဒသမ ၅ မိနစ်ခန့်အကြာတွင် ပစိဖိတ်သမုဒ္ဒရာအတွင်း အသင့်စောင့်ဆိုင်းနေသော မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့သည်။

Space-X ကုမ္ပဏီသည် ယခုနှစ်အတွင်း စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု မစ်ရှင်ပေါင်း ၁၁ ခုထိ လွှတ်တင်ထားပြီးဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ကမ္ဘာပတ်လမ်းကြောင်းပေါ်သို့ Space-X ကုမ္ပဏီက ပို့ဆောင်ထားသည့် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုအစင်းရေ ၅၄၀၀ ခန့်ရှိပြီဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

# HEALTH

## သွေးခဲချေဖျက်ရေးဆေးနှင့် သွေးကျဲဆေး နှစ်မျိုးပေါင်းကုထုံးက လေဖြတ်လူနာများ၏ ကျန်းမာရေးရလဒ် ကောင်းမွန်လာခြင်းမရှိ

**နယူးယောက် ဖေဖော်ဝါရီ ၁၁**

သွေးခဲချေဖျက်ရေး ဆေးများနှင့် သွေးကျဲဆေးများပေါင်းစပ်ထားသည့် ဆေးနှစ်မျိုးပေါင်း ကုထုံးသည်လေဖြတ်လူနာများ၏ကျန်းမာရေးရလဒ်များ ပိုကောင်းမွန်လာခြင်းမရှိကြောင်း ဖေဖော်ဝါရီ ၁၀ ရက် သတင်းများအရ သိရသည်။

သွေးကျဲဆေးနှင့် သွေးခဲချေဖျက်ရေးဆေး နှစ်မျိုးပေါင်းကုထုံးသည် လေဖြတ်လူနာများကို ကုသရာတွင် အကျိုးရှိနိုင်သည်ဟု ဆေးပညာရှင်များက မျှော်လင့်ခဲ့ကြကြောင်း သိရသည်။

သို့ရာတွင် လက်တွေ့စမ်းသပ်မှုရလဒ်များအရ အထက်ပါ ဆေးနှစ်မျိုးပေါင်းကုထုံးသည် လေဖြတ်လူနာများ၏အခြေအနေကိုမြှင့်တင်ပေးနိုင်မှုမရှိသည်ကို တွေ့ရကြောင်း အမေရိကန်နိုင်ငံ ဝါရှင်တန်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ဆေးနှစ်မျိုးပေါင်းကုထုံးကို လူနာ ၅၀၀ ခန့်တို့ဖြင့် စမ်းသပ်မှုပြုလုပ်ခဲ့ရာ ၎င်းကုထုံးကြောင့် မည်သည့်အကျိုးကျေးဇူးမျှမရှိသည်ကို သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း သိရသည်။

သို့ဖြစ်ရာ မိမိတို့အနေဖြင့် လေဖြတ်လူနာများဖြင့် ပြုလုပ်နေသည့် လက်တွေ့စမ်းသပ်မှုကို ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**

**Trs : KKO**

## သစ်ကြံပိုးမှုန့် နေ့စဉ်စားသုံးခြင်းဖြင့် ဆီးချိုရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်

**နယူးယောက် ဖေဖော်ဝါရီ ၁၁**

အစားအစာများတွင် သစ်ကြံပိုးမှုန့်ကို နေ့စဉ်ထည့်သွင်းစားသုံးခြင်းဖြင့် ဆီးချိုရောဂါဖြစ်နိုင်ခြေမြင့်မားသူများ၌ ရောဂါဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်ဖွယ်ရှိကြောင်း ဖေဖော်ဝါရီ ၁၀ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သစ်ကြံပိုးမှုန့် လက်ဖက်ရည်ဇွန်းတစ်ဇွန်းစာကို နေ့စဉ်စားသုံးခြင်းဖြင့် သွေးအတွင်းသကြားဓာတ်ပါဝင်မှုလွန်ကဲမှုကို လျှော့ချပေးနိုင်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ သစ်ကြံပိုးမှုန့် နေ့စဉ်စားသုံးမှုသည် သွေးအတွင်းသကြားဓာတ်ပါဝင်မှု ပုံမှန်ထက်လွန်ကဲနေမှု (Prediabetes) ကြောင့် ဆီးချိုဖြစ်နိုင်ခြေ မြင့်မားသူများအတွက် အကျိုးကျေးဇူးရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Prediabetes ပြဿနာရှိနေသူများသည် ဆီးချိုရောဂါဖြစ်ပွားခြင်းမရှိသေးသော်လည်း သွေးအတွင်း သကြားဓာတ် ပုံမှန်ထက်လွန်ကဲနေမှုကြောင့် ဆီးချိုဖြစ်နိုင်ခြေ မြင့်မားသူများဖြစ်ကြကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် Prediabetes ပြဿနာရှိနေသည့် လူပေါင်း ၁၈ ဦးခန့်ဖြင့် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့ပြီးနောက် သစ်ကြံပိုးမှုန့် စားသုံးခြင်းဖြင့် သွေးအတွင်း သကြားဓာတ်ပါဝင်မှုကို လျှော့ချနိုင်သည်ဟု တင်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**






# ပရီးမီးယားလိဂ်သမိုင်းတွင် ဂိုးဖန်တီးမှုအများဆုံး ကစားသမားအဖြစ် အာနိုး စံချိန်သစ်တင်

**လန်ဒန် ဖေဖော်ဝါရီ ၁၁**


လီဗာပူးအသင်းက ဘန်လေအသင်းကို သုံးဂိုး တစ်ဂိုးဖြင့်အနိုင်ရခဲ့သည့်ပွဲစဉ်တွင် လီဗာပူးအသင်းအတွက် ဂိုးဖန်တီးမှုတစ်ကြိမ်ပြုလုပ်ပေးခဲ့သည့် ခံစစ်ကစားသမား အာနိုးသည် ပရီးမီးယားလိဂ်သမိုင်းတွင် အသင်းဖော်ကစားသမား ရော်ဘင်ဆန်ကို ကျော်ဖြတ်၍ ဂိုးဖန်တီးမှုအများဆုံး ခံစစ်ကစားသမားအဖြစ် စံချိန်သစ်တင်ခဲ့ကြောင်း သိရသည်။

အသင်းဖော်ခံစစ်ကစားသမား ရော်ဘင်ဆန်သည် ဒဏ်ရာကြောင့် အနားယူနေရသော်လည်း ယခင်က လီဗာပူးအသင်းနှင့်အတူ ဂိုးဖန်တီးမှု ၅၇ ကြိမ်ထိပြုလုပ်နိုင်ခဲ့သဖြင့် ဂိုးဖန်တီးမှုအများဆုံး ကစားသမားအဖြစ် ရပ်တည်နေသော်လည်း ယခုပွဲစဉ်တွင် အာနိုးကတိုက်စစ်မှူး ဂျိုတာသွင်းယူသည့် ဦးဆောင်ဂိုးကို ဖန်တီးပေးနိုင်ခဲ့ပြီးနောက် ဂိုးဖန်တီးမှု ၅၈ ကြိမ်ထိရှိလာခဲ့ပြီး ပရီးမီးယားလိဂ်သမိုင်းတွင် ဖန်တီးမှုအများဆုံး ခံစစ်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ပရီးမီးယားလိဂ်ဘောလုံးသမိုင်းတွင် ဂိုးဖန်တီးမှုအများဆုံးကစားသမားများမှာ ခံစစ်ကစားသမား အာနိုးက ၅၈ ကြိမ်ဖြင့် အဆင့်(၁)၊ အသင်းဖော်ကစားသမား ရော်ဘင်ဆန်က ၅၇ ကြိမ်ဖြင့် အဆင့်(၂)၊ အဲဗာတန်အသင်း ကစားသမားဟောင်း လေတန်ဘိန်းက ၅၃ ကြိမ်ဖြင့် အဆင့်(၃)၊ ဂရီမီက ၄၄ ကြိမ်ဖြင့်အဆင့်(၄)၊ မန်ယူအသင်းကစားသမားဟောင်း ဗလင်စီယာက ၃၉ ကြိမ်ဖြင့် အဆင့်(၅)နေရာတွင် ရပ်တည်လျက်ရှိသည်။

ခံစစ်ကစားသမား ရော်ဘင်ဆန်သည် ၂၀၂၂ ခုနှစ်က ဂိုးဖန်တီးမှုအများဆုံးဖြစ်နေသည့် လေတန်ဘိန်း၏ စံချိန်ကိုကျော်ဖြတ်နိုင်ခဲ့ပြီးနောက် ဖန်တီးမှု ၅၇ ကြိမ်ဖြင့် အများဆုံးဖြစ်ခဲ့သော်လည်း ယခုနှစ်တွင် ဒဏ်ရာပြဿနာကြောင့် အမှတ်ပေးပွဲ ၁၁ ပွဲသာပါဝင်ခဲ့ရပြီး ဖန်တီးမှုမလုပ်ခဲ့ချိန်တွင် အသင်းဖော်ကစားသမား အာနိုးက လေးကြိမ်ထိ ဖန်တီးမှုပြုလုပ်နိုင်ခဲ့သဖြင့် ရော်ဘင်ဆန်၏ စံချိန်ကိုကျော်ဖြတ်နိုင်ခဲ့သည့်အပြင် လီဗာပူးအသင်းသမိုင်းတွင် ဂျာရတ် ၉၂ ကြိမ်၊ ဆာလာဟ်က ၆၆ ကြိမ်ပြီးလျှင် တတိယမြောက် ဖန်တီးမှုအများဆုံး ကစားသမား ဖြစ်ခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : ML




## အားကစားသတင်း အတိုအထွာများ

- အာဖရိကဖလားပြိုင်ပွဲ တတိယလုပွဲစဉ်တွင် တောင်အာဖရိကအသင်းက ကွန်ဂိုအသင်းကို ပင်နယ်တီအဆုံးအဖြတ်တွင် ခြောက်ဂိုး ငါးဂိုးဖြင့်အနိုင်ရရှိခဲ့ကြောင်း သိရသည်။
- လီဗာပူးအသင်းသည် အာဆင်နယ်အသင်းကစိတ်ဝင်စားနေသည့် ဆိုစီဒက်ကစားသမားငူဘီမန်ဒီကို စာချုပ်ဖျက်သိမ်းကြေး စတာလင်ပေါင် ၅၀ သန်းဖြင့်ခေါ်ယူရန်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ML

## ပြင်သစ်လီဂူး ပွဲစဉ် (၂၁) ရလဒ်

| | | | | |
|---|---|---|---|---|
| လီဟာဗေး | ၀ | - | ၁ | ရင်းနက် |
| ကလဲယားမောင့် | ၁ | - | ၁ | ဘရက် |
| လိုရီယန့် | ၂ | - | ၀ | ရိမ်း |
| တူးလော့ | ၁ | - | ၂ | နန့်တက် |
| မောင့်ပယ်လီယာ | ၁ | - | ၂ | လိုင်ယွန် |

(၀၄၀)

# ဂျော်ဒန်ကို ဂိုးပြတ်အနိုင်ရခဲ့သည့် ကာတာအသင်း အာရှချန်ပီယံဆုဖလားဆွတ်ခူး




**ဒိုဟာ ဖေဖော်ဝါရီ ၁၁**

ဂျော်ဒန်အသင်းနှင့် ကာတာအသင်းတို့ ကစားခဲ့သည့် ၂၀၂၃ အာရှဖလား ဖိုင်နယ်ပွဲစဉ်တွင် ကာတာအသင်းက ပင်နယ်တီ သုံးကြိမ်ထိရရှိခဲ့ပြီး သုံးဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ယခုပြိုင်ပွဲတွင် ကာတာအသင်းသည် အုပ်စုအဆင့်တွင် သုံးပွဲစလုံးအနိုင်ရခဲ့ပြီး အုပ်စုပထမဖြင့် ရှုံးထွက်အဆင့် တက်ရောက်ခဲ့ကာ ပါလက်စတိုင်းအသင်းနှင့် တွေ့ဆုံခဲ့ရာတွင် နှစ်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ ကွာတားဖိုင်နယ်အဆင့်တွင် ဥဇဘက်ကစ္စတန်အသင်းကို ပင်နယ်တီအဆုံးအဖြတ်ဖြင့်လည်းကောင်း၊ ဆီမီးဖိုင်နယ်တွင် အီရန်အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း အနိုင်ယူ၍ ရှုံးပွဲမရှိဖြင့် ဖိုင်နယ်ပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဂျော်ဒန်အသင်း သည်လည်း အုပ်စုအဆင့်တွင် တတိယအကောင်းဆုံးဖြင့် ရှုံးထွက်အဆင့်တက်ရောက်ခဲ့ကာ အီရတ်အသင်းနှင့်တွေ့ဆုံခဲ့ရာ သုံးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း၊ ကွာတားဖိုင်နယ်အဆင့်တွင် တာဂျစ်ကစ္စတန်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ဆီမီးဖိုင်နယ်အဆင့်တွင် တောင်ကိုရီးယားအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရခဲ့သဖြင့် ပထမဆုံးအကြိမ် ဖိုင်နယ်ပွဲသို့ ရောက်ရှိခဲ့သည်။

ဖိုင်နယ်ပွဲစဉ်တွင် ဂျော်ဒန်အသင်းက ဘောလုံးပိုင်ဆိုင်မှုအသာဖြင့်ကစားနိုင်ခဲ့သော်လည်း ကာတာအသင်း၏ တန်ပြန်တိုက်စစ်ဆင်မှုကို ထိန်းချုပ်နိုင်ခြင်း မရှိခဲ့သဖြင့် ပွဲချိန် ၂၂ မိနစ်၊ ပွဲချိန် ၇၃ မိနစ်နှင့် ပွဲချိန် မိနစ် ၉၀ ကျော်တို့တွင် ပင်နယ်တီသွင်းဂိုးများ ခွင့်ပြုခဲ့ရပြီး ဂျော်ဒန်အသင်းက ပွဲချိန် ၆၇ မိနစ်တွင် ချေပဂိုးတစ်ဂိုးသာ သွင်းယူနိုင်ခဲ့သောကြောင့် သုံးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး ကာတာအသင်းက ဂျပန်အသင်းပြီးလျှင် နှစ်ကြိမ်ဆက် အာရှဖလားရရှိသည့် အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ထို့ပြင် ကာတာတိုက်စစ်မှူး အဖစ်သည်လည်း အာရှဖလား ဖိုင်နယ်ပွဲသမိုင်းတွင် ဟက်ထရစ်ဂိုး သွင်းယူနိုင်သည့် ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

Ref : RT
Trs : ML

# ရီးရဲလ်မက်ဒရစ်ကွင်းလယ်ကစားသမားဘယ်လင်ဟမ် ဒဏ်ရာကြောင့် ရက်သတ္တသုံးပတ်ခန့်အနားယူရမည်

**မက်ဒရစ် ဖေဖော်ဝါရီ ၁၁**

ရီးရဲလ်မက်ဒရစ်အသင်း ကွင်းလယ်ကစားသမား ဘယ်လင်ဟမ်သည် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ဂျီရိုနာအသင်းတို့ ကစားခဲ့သည့် ပွဲစဉ်တွင်ရရှိခဲ့သည့် ဒဏ်ရာကြောင့် ရက်သတ္တသုံးပတ်ခန့်ထိ အနားယူသွားရမည်ဖြစ်ကြောင်း သိရသည်။

စပိန်လာလီဂါပွဲစဉ်အဖြစ်ကစားခဲ့သည့် ရီးရဲလ်မက်ဒရစ်အသင်းက ဂျီရိုနာအသင်းကို လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဘယ်လင်ဟမ်သည် အသင်းအတွက် ၃၅ မိနစ်နှင့် ၅၄ မိနစ်တို့တွင် နှစ်ဂိုးသွင်းယူနိုင်ခဲ့သည်ထိ ခြေစွမ်းပြသနိုင်ခဲ့သော်လည်း ပွဲချိန် ၅၇ မိနစ်တွင် ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့သည့်အတွက် လူစားလဲထွက်ခွာခဲ့ရသည်။

ဘယ်လင်ဟမ်အနေဖြင့် ခြေချင်းဝတ်ဒဏ်ရာ မပြင်းထန်သော်လည်း ကြံ့ခိုင်မှုပြန်လည်ပြည့်ဝရန်အတွက် အနားယူရမည် ဖြစ်သောကြောင့် ရက်သတ္တသုံးပတ်ခန့်ထိ အနားယူရမည်ဖြစ်ကာ လာမည့် ဖေဖော်ဝါရီ ၁၄ ရက်တွင်ကစားမည့် ချန်ပီယံလိဂ်ပြိုင်ပွဲ (၁၆)သင်းရှုံးထွက် ပထမအကျော့ပွဲစဉ်အဖြစ် ကစားရမည့် လိုက်ပ်ဇစ်အသင်းနှင့်ပွဲစဉ်ကို လွဲချော်မည်ဖြစ်သည်။

ရီးရဲလ်မက်ဒရစ် ကွင်းလယ်ကစားသမား ဘယ်လင်ဟမ်သည် အသင်းနှင့်အတူ ပထမဆုံးဘောလုံးရာသီတွင် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ကာ ကွင်းလယ်ကစားသမားတစ်ဦးဖြစ်သော်လည်း တိုက်စစ်ထိ လိုက်ပါကစားပြီး ဂိုးများသွင်းယူလျက်ရှိနေကာ စပိန်လာလီဂါပွဲစဉ် ၂၁ ပွဲကစားခဲ့ရာ ၁၆ ဂိုးထိ သွင်းယူထားနိုင်ခဲ့ပြီး သွင်းဂိုးအများဆုံး ကစားသမားတစ်ဦးအဖြစ် ရပ်တည်နေပြီး ပြိုင်ပွဲစုံသွင်းဂိုး ၂၀ ထိသွင်းယူထားကြောင်း သိရသည်။

Ref : Xinhua
Trs : STA




# ဘိုင်ယန်မြူးနစ်ကိုအနိုင်ယူ၍ အမှတ်ပေးဇယားကို လေဗာကူဆင်အသင်း ဆက်လက်ဦးဆောင်

**ဘာလင် ဖေဖော်ဝါရီ ၁၁**

လေဗာကူဆင် အသင်းသည် ဘွန်ဒက်လီဂါပြိုင်ပွဲတွင် ပြိုင်ဘက် ဘိုင်ယန်မြူးနစ်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီးနောက် အမှတ်ပေးဇယားကို ရမှတ်ငါးမှတ်ထိဖြတ်တောက်၍ ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် အိမ်ရှင် လေဗာကူဆင်အသင်းသည် ဘိုင်ယန်မြူးနစ်အသင်း၏ ပွဲချိန်ပြည့်ဖိအားပေးမှုများကို ခံခဲ့ရသော်လည်း ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှုတစ်ကြိမ်သာ ပြုလုပ်နိုင်ခဲ့ပြီး လေဗာကူဆင်အသင်းက တန်ပြန်တိုက်စစ်မှ ဂိုးပေါက်ရှစ်ကြိမ်ထိတည့်မတ်ခဲ့ပြီး အသင်းအတွက် သွင်းဂိုးများကို စတန်နစ်ဆစ်၊ ဂရီမယ်ဒို၊ ဖရင့်ပေါင်တို့က ဦးဆောင်ဂိုးများသွင်းယူနိုင်ခဲ့သောကြောင့် သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ကာ အမှတ်ပေးပြိုင်ပွဲတွင် ရမှတ် ၅၅ မှတ်ရရှိခဲ့ပြီး ဒုတိယနေရာမှ ဘိုင်ယန်မြူးနစ်အသင်းကို ရမှတ်ငါးမှတ်ဖြတ်တောက်နိုင်ခဲ့သည်။

ထို့ပြင် လေဗာကူဆင်အသင်းသည် ဂျာမန်ပိုကယ်ဖလားပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့်ထိရောက်ရှိခဲ့ပြီး ဒူဆယ်ဒေါ့ဖ်အသင်းနှင့် တွေ့ဆုံနေသဖြင့် ဖိုင်နယ်ပွဲတက်ရောက်နိုင်မည့် အခွင့်အရေးများရရှိခဲ့သကဲ့သို့ ယူရိုပါလိဂ်ပြိုင်ပွဲတွင်လည်း အုပ်စုပထမနေရာဖြင့် ၁၆ သင်းရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့သောကြောင့် ဖလားသုံးလုံး လမ်းကြောင်းပေါ်တွင် ရောက်ရှိနေကြောင်း သိရသည်။

လက်ရှိတွင် နည်းပြအလွန်တာဝန်ယူနေသည့် လေဗာကူဆင်အသင်းသည် ယခုနှစ်ဘောလုံးရာသီပြိုင်ပွဲစုံ ၃၁ ပွဲတွင် ၂၇ ပွဲနိုင်၊ လေးပွဲသရေရလဒ် ရရှိခဲ့သောကြောင့် ရှုံးပွဲမရှိစံချိန်ကိုဆက်လက်ထိန်းသိမ်းနိုင်ခဲ့ပြီး ဥရောပထိပ်သီးလိဂ်ငါးခုတွင် ရှုံးပွဲမရှိသည့်အသင်းအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

Ref : Sputnik
Trs : ML

# (၆၂)ကြိမ်မြောက် အမျိုးသားတံခွန်စိုက်စက်ဘီးစီးပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနကကြီးမှူးပြီး မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်နှင့် Myan Shwe Pyi Tractors Limited တို့ပူးပေါင်းကျင်းပသည့် (၆၂)ကြိမ်မြောက် အမျိုးသားတံခွန်စိုက်စက်ဘီးစီးပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏလူငယ်လေ့ကျင့်ရေးစခန်းရှိ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်၌ ကျင်းပခဲ့ကြောင်း သိရသည်။




အဆိုပါပြိုင်ပွဲများ ကျင်းပခဲ့ပြီးနောက် ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက အမျိုးသားတစ်ဦးချင်းအလွတ်တန်းစက်ဘီးစီးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနှင့်ပဉ္စမဆုရရှိကြသူများကိုလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ဦးမြတ်သူက အမျိုးသမီးတစ်ဦးချင်း အလွတ်တန်းစက်ဘီးစီးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနှင့် ပဉ္စမဆုရရှိကြသူများကိုလည်းကောင်း ဆုများအသီးသီးပေးအပ်ခဲ့သည်။

ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်းက အမျိုးသားအသက် ၁၆ နှစ်အောက်တစ်ဦးချင်း စက်ဘီးစီးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနှင့်ပဉ္စမဆုရရှိကြသူများကို ဆုများပေးအပ်ချီးမြှင့်၍လည်းကောင်း၊ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်မှ အလုပ်အမှုဆောင်များက ပြိုင်ပွဲဝင်ပြိုင်ခဲ့ကြသည့် အားကစားသမားများကို နှစ်သိမ့်ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်နှင့် ယနေ့တို့တွင်ကျင်းပခဲ့ပြီး ပြိုင်ပွဲဝင်အားကစားသမား အမျိုးသား ၅၅ ဦး၊ အမျိုးသမီး ၄ ဦး စုစုပေါင်း ဦးရေ ၆၀ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**STA**

# Phoenix Open ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို နစ်ခ်တေလာ ဦးဆောင်

**အရီဇိုးနား ဖေဖော်ဝါရီ ၁၁**

အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်တွင် ကျင်းပနေသည့် Phoenix Open ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် ကနေဒါဂေါက်သီးရိုက်ကစားသမား နစ်ခ်တေလာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၃ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကိုဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမားတီဂါလာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်လျက်ရှိပြီး အမေရိကန်ဂေါက်သီးရိုက်ကစားသမားများ ဖြစ်ကြသည့် နီဝက်နှင့် ဒေါ်ဂင်မ်တို့ကစုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ကြသည်။

ရာသီဥတုအခြေအနေကြောင့် တတိယနေ့၏ ကျင်းနံပါတ် ၆ ထိသာ ကစားခဲ့ရပြီးပွဲအားယာယီရပ်ဆိုင်းခဲ့ရသည်။

နစ်ခ်တေလာသည် ဒုတိယနေ့တွင် ရလဒ်ကျဆင်းခဲ့ရပြီးနောက် တတိယနေ့တွင် ပုံစံကောင်းပြန်လည်ရရှိလာပြီး တတိယနေ့ ခြောက်ကျင်းအပြီးတွင် Birdie တစ်ကျင်း ရရှိထားကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# နည်းပြအပြောင်းအလဲလုပ်ဆောင်ရန်မရှိဟု ဘိုင်ယန်မြူးနစ်အသင်း အမှုဆောင်အရာရှိချုပ် ဒရက်ဆန် အတည်ပြုပြောကြား

**ဘာလင် ဖေဖော်ဝါရီ ၁၁**

ဘိုင်ယန်မြူးနစ်အသင်းအမှုဆောင်အရာရှိချုပ် ဒရက်ဆန်က လေဗာကူဆင်အသင်းကို ရှုံးနိမ့်ခဲ့သော်လည်း နည်းပြအပြောင်းအလဲလုပ်ဆောင်ရန် အစီအစဉ်မရှိဟု အတည်ပြုပြောကြားခဲ့ကြောင်း သိရသည်။

ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ်(၂၁)အဖြစ်ကစားခဲ့သည့် လေဗာကူဆင်အသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်းအနေဖြင့် အနိုင်ရရှိပါက အမှတ်ပေးဇယား ထိပ်ဆုံးသို့ ပြန်လည်တက်ရောက်နိုင်မည်ဖြစ်သော်လည်း သုံးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်အတွက် လေဗာကူဆင်အသင်းနှင့် ရမှတ် ငါးမှတ်ထိ ကွာဟခဲ့သည်။

နည်းပြတူချယ်သည် ဘိုင်ယန်မြူးနစ်အသင်းကို ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် မတ်လက တာဝန်ယူကိုင်တွယ်ခဲ့ပြီး အသင်းနှင့် ၂၀၂၅ ခုနှစ်ထိ စာချုပ်သက်တမ်းရှိနေသော်လည်း လေဗာကူဆင်အသင်းကို ဂိုးပြတ်ရှုံးနိမ့်ခဲ့ပြီးနောက် အသင်းပရိသတ်များက ပြင်းပြင်းထန်ထန်ဝေဖန်ခဲ့ကြကာ အသင်းမှထွက်ခွာရန်အတွက် ဖိအားပေးတောင်းဆိုမှုများ ပြုလုပ်ခဲ့ကြသည်။

သို့သော် အသင်းအမှုဆောင်အရာရှိချုပ် ဒရက်ဆန်က "ကျွန်တော်တို့ နည်းပြအပြောင်းအလဲလုပ်ဆောင်ဖို့ အစီအစဉ်မရှိပါဘူး။ နည်းပြတူချယ် အနေနဲ့ အသင်းကို အကောင်းဆုံးဦးဆောင်နိုင်ပါလိမ့်မယ်။ ပရိသတ်တွေရဲ့ ခံစားချက်ကိုသိပေမဲ့ နည်းပြတူချယ်အနေနဲ့ အကောင်းဆုံးလုပ်ဆောင်နိုင်လိမ့်မယ်လို့ယုံကြည်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : STA**

# WBA ဘရစ်ဂျာဝိတ်တန်း ချန်ပီယံစိန်ခေါ်ပွဲစဉ်တွင် ကျောက်ရှင်းကျန်က အလဲထိုးရလဒ်ဖြင့်အနိုင်ရရှိ

**အီကာတာရင်ဘတ် ဖေဖော်ဝါရီ ၁၁**

ရုရှားနိုင်ငံ အီကာတာရင်ဘတ်မြို့တွင် WBA ဘရစ်ဂျာဝိတ်တန်း ချန်ပီယံခါးပတ်လု ပွဲစဉ်အဖြစ် တရုတ်လက်ဝှေ့သမားကျောက်ရှင်းကျန်နှင့် ရုရှားလက်ဝှေ့သမား ရှိမန်နော့ဗ်တို့ ဖေဖော်ဝါရီ ၁၀ ရက်တွင် ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ကျောက်ရှင်းကျန်က အလဲထိုး ရလဒ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ရှိမန်နော့ဗ်သည် အနိုင်ရရှိရန် ရေပန်းစားခဲ့သော်လည်း ဒုတိယမြောက်အချီတွင် ကျောက်ရှင်းကျန်၏ ထင်မှတ်မထားသည့် ညာဝိုက် လက်သီးချက်ကြောင့် ဒုတိယအချီ၌ပင် ရှုံးနိမ့်ခဲ့ရသည်။

ရှိမန်နော့ဗ်သည် ပထမအချီတွင် ကျောက်ရှင်းကျန်ကို တစ်ဖက်သတ်ဖိအားပေးထိုးသတ်နိုင်ခဲ့သလို ပထမအချီတွင် ကျောက်ရှင်းကျန်ကို လဲကျအောင် ထိုးသတ်နိုင်ခဲ့သော်လည်း ကျောက်ရှင်းကျန်က ဒုတိယအချီတွင် အကောင်းဆုံးပုံစံဖြင့် ပြန်လည်ထိုးသတ်နိုင်ခဲ့ပြီး ဖိအားပေးထိုးသတ်လာသည့် ရှိမန်နော့ဗ်ကို ရှောင်တိမ်းရင်း တန်ပြန်ထိုးချက်ဖြင့် ရှိမန်နော့ဗ်အား လဲကျအောင် ထိုးသတ်ခဲ့သည်။

လဲကျသွားခဲ့သည့် ရှိမန်နော့ဗ်မှာ ဆက်လက်ထိုးသတ်နိုင်သည့် အခြေအနေတွင် မရှိတော့သည့်အတွက် ကျောက်ရှင်းကျန်ကအလဲထိုးရလဒ်ဖြင့် အနိုင်ရသွားခဲ့ခြင်းဖြစ်သည်။

ရှိမန်နော့ဗ်သည် အိမ်ရှင်လက်ဝှေ့သမား တစ်ဦးဖြစ်သလို အိမ်ရှင်ပရိသတ်များ၏ တစ်ခဲနက်အားပေးမှုကြောင့် အကောင်းဆုံးပုံစံပြသနိုင်ခဲ့သည်။


ထင်မှတ်မထားသည့် တန်ပြန်ထိုးချက်ကြောင့်သာ ရှိမန်နော့ဗ်ရှုံးနိမ့်ခဲ့ရခြင်းဖြစ်ပြီး ကျောက်ရှင်းကျန်၏ စွမ်းဆောင်ရည်မှာလည်း ပရိတ်သတ်များအား အံ့အားသင့်စေခဲ့သည်။

ရှိမန်နော့ဗ်အတွက် ပထမဆုံးသောရှုံးပွဲဖြင့်ရင်ဆိုင်ခဲ့ရခြင်းဖြစ်ပြီး WBA ဘရစ်ဂျာဝိတ်တန်း ချန်ပီယံခါးပတ်ကို ပိုင်ဆိုင်ခွင့်ရမည့်အခွင့်အရေးနှင့် လွဲချော်ခဲ့ရသည်။

အသက် ၃၈ နှစ်အရွယ် ရှိမန်နော့ဗ်နှင့် အသက် ၂၈ နှစ်အရွယ် ကျောက်ရှင်းကျန်တို့ အကြား အသက် ၁၀ နှစ်ကွာဟပြီးအတွေ့အကြုံပိုင်းကွာဟမှုရှိခဲ့သော်လည်း ကျောက်ရှင်းကျန်က ကြံ့ခိုင်မှုပိုင်းမှာ ပိုမိုသာလွန်ခဲ့သဖြင့် ပထမအချီတွင် ရှိမန်နော့ဗ်၏ အားပါပြင်းထန်သည့် ထိုးချက်ကြောင့် လဲကျခဲ့သော်လည်း ပွဲအားဆက်လက်ယှဉ်ပြိုင်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs :AZL**

# Mubadala Abu Dhabi Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ကာဆက်ကီနာနှင့် ရိုင်ဘာကီနာတို့ ယှဉ်ပြိုင်ကစားမည်




**ဒူဘိုင်း ဖေဖော်ဝါရီ ၁၁**

အာရပ် စော်ဘွားများပြည်ထောင်စု ဒူဘိုင်းမြို့တွင်ကျင်းပနေသည့် Mubadala Abu Dhabi Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် နိုင်ပွဲကိုယ်စီရရှိခဲ့ကြသည့် ရုရှားတင်းနစ်မယ် ကာဆက်ကီနာနှင့် ကာဇက်စတန်တင်းနစ်မယ် ရိုင်ဘာကီနာတို့ ဗိုလ်လုပွဲစဉ်တွင် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကာဆက်ကီနာသည် ဆီမီးဖိုင်နယ်အဆင့်တွင် ဘရာဇီးတင်းနစ်မယ် ဟက်ဒက်မိုင်အာနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ကာဆက်ကီနာက (၆-၃၊ ၄-၆၊ ၇-၆)ရလဒ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲစဉ်အဆင့်သို့ တက်ရောက်ခဲ့သည်။

ရိုင်ဘာကီနာသည် ဆီမီးဖိုင်နယ်အဆင့်တွင် ရုရှားတင်းနစ်မယ် ဆမ်ဆိုနိုဗာနှင့်ယှဉ်ပြိုင်ကစားခဲ့ရပြီး ရိုင်ဘာကီနာက(၆-၀၊ ၄-၆၊ ၆-၂)ရလဒ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲစဉ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ရိုင်ဘာကီနာသည် ကမ္ဘာ့အဆင့်(၅)နေရာတွင် ရပ်တည်နေသည့် ကစားသမားတစ်ဦးဖြစ်သလို ပြိုင်ပွဲတွင်လည်း နိုင်ခြေအဆင့်(၁)အဖြစ်သတ်မှတ်ခံထားရသူဖြစ်သည်။

ကာဆက်ကီနာက ကမ္ဘာ့အဆင့်(၁၄)နေရာတွင် ရပ်တည်နေသည့် ကစားသမားတစ်ဦးဖြစ်ပြီး ပြိုင်ပွဲတွင် နိုင်ခြေအဆင့်(၇)အဖြစ်သတ်မှတ်ခံထားရပြီး ဗိုလ်လုပွဲစဉ်တွင် ရိုင်ဘာကီနာက ဗိုလ်စွဲရန် ရေပန်းစားလျက်ရှိသည်။

ရိုင်ဘာကီနာသည် ဆီမီးဖိုင်နယ်အဆင့်တွင် ဆမ်ဆိုနိုဗာနှင့် ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲစဉ်တွင် ပထမပွဲငယ်၌ ပြတ်သားသည့် ရလဒ်ဖြင့် အနိုင်ရခဲ့သော်လည်း ဒုတိယပွဲငယ်နှင့် တတိယပွဲငယ်တို့တွင် ခက်ခက်ခဲခဲယှဉ်ပြိုင်ကစားခဲ့ရပြီး ပွဲကစားချိန်မှာ ၁ နာရီ ၅၁ မိနစ်ထိ ကြာမြင့်ခဲ့သည်။

ကာဆက်ကီနာ သည်လည်း ဆီမီးဖိုင်နယ်အဆင့်တွင် ဟက်ဒက်မိုင်အာကို ခက်ခက်ခဲခဲယှဉ်ပြိုင်ကစားခဲ့ရပြီး ပွဲကစားချိန်မှာ ၈၄ မိနစ်ထိကြာမြင့်ခဲ့သည်။

ကာဆက်ကီနာသည် ဟက်ဒက်မိုင်အာနှင့်ပွဲစဉ်တွင် ခံစစ်အသွင်ဖြင့်သာတုံ့ပြန်ခဲ့ပြီး ဒုတိယပွဲငယ်၌ ရှုံးနိမ့်ခဲ့သော်လည်း ပထမပွဲငယ်နှင့် တတိယပွဲငယ်တို့တွင် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

### စပိန်လာလီဂါ ပွဲစဉ် (၂၄) ရလဒ်

| | | | |
|---|---|---|---|
| ဂီတာဖေး | ၃ | ၂ | ဆဲလ်တာဗီဂို |
| မာယော့ကာ | ၂ | ၁ | ဗယ်လ်ကာနို |

### အီတလီစီးရီးအေ ပွဲစဉ် (၂၄) ရလဒ်

| | | | |
|---|---|---|---|
| ဖီအိုရင်တီးနား | ၅ | ၁ | ဖရိုစီဝမ်း |
| ဘိုလော့ဂ်နာ | ၄ | ၀ | လက်ချီ |
| မွန်ဇာ | ၀ | ၀ | ဗီရိုနာ |

(၀၄၀)

# ပြည်ထောင်စုကြီးအရေး မြော်တွေးဆောင်ရွက်သွားစေလို

မောင်သောင်းဝင်း(တမန်ဟောင်း)

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်သည် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ဖြစ်သည်။ လွန်ခဲ့သော ၇၇ နှစ်က အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များသည် ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လုံမြို့တွင် ဥမကွဲသိုက်မပျက်အတူတကွ ပူးပေါင်းနေထိုင်သွားမည်ဆိုသော ပင်လုံစာချုပ်ကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည့်နေ့ကို ပြည်ထောင်စုနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ ပင်လုံစာချုပ်လက်မှတ်ရေးထိုးနိုင်ခဲ့သဖြင့် ၁၉၄၈ ခုနှစ်တွင် နယ်ချဲ့တို့ထံမှ တိုင်းပြည်လွတ်လပ်ရေးရရှိခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က ကိုလိုနီနယ်ချဲ့တို့သည် တောင်တန်းနှင့်ပြည်မကို သွေးခွဲအုပ်ချုပ်ခဲ့ပြီး တိုင်းရင်းသားညီအစ်ကိုများကြား စိတ်ဝမ်းကွဲပြားအောင် အမျိုးမျိုးသပ်လျှိုသွေးခွဲခဲ့သည်။ အကျိုးဆက်အနေဖြင့် လက်ရှိအချိန်ထိ အချို့သောတိုင်းရင်းသားများသည် လူမျိုးရေးအကြောင်းပြချက်ဖြင့် လက်နက်စွဲကိုင်တိုက်ခိုက်နေဆဲပင်ဖြစ်သည်။

**သက်သေတည်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဟူသော ဤမြေပေါ်တွင် လွန်ခဲ့သောနှစ်ပေါင်း သန်း ၄၀ ကျော်ကအစပြု၍ မြန်မာ့ရှေးဦးလူမျိုးများစတင်နေထိုင်ခဲ့သည်ကို ပုံတောင်ကျောက်ဖြစ်ရုပ်ကြွင်း အထောက်အထားများက သက်သေပြလျက်ရှိသည်။ ထိုအချက်သည် "လူသားမျိုးနွယ်အစ မြန်မာက" ဟူ၍ပင် ယူဆနိုင်ပေသည်။ ဤမြေပေါ်တွင် နယ်မြေဒေသအလိုက် ဘာသာစကား၊ ဓလေ့စရိုက်နှင့် လူမျိုးအခေါ်အဝေါ် အသီးသီး အမည်တွင်လျက်ရှိသော်လည်း မြန်မာတိုင်းရင်းသားလူမျိုးသည် ရှေးပဝေသဏီကပင် ဝံသာနုရက္ခိတတရားနှင့် ထာဝရလက်တွဲနေထိုင်ခဲ့ကြသည့် စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများဖြစ်ကြသည်။

မြန်မာတိုင်းရင်းသားလူမျိုးများသည် ယဉ်ကျေးရည်မွန်၍ တည်ကြည်ဖြောင့်မတ်သောလူမျိုးများဖြစ်ကြသည်။ ပင်ကိုစရိုက်အရ ငြိမ်းချမ်းစွာနေထိုင်တတ်သော မြန်မာတိုင်းရင်းသားလူမျိုးတို့၏ မျိုးချစ်စိတ်ဓာတ်သည် အမျိုး၊ ဘာသာ၊ သာသနာကို ထိပါးလာပါက အသက်စွန့်၍ လက်တုံ့ပြန်တတ်ကြသည်။ တစ်နည်းအားဖြင့်ဆိုရသော် ရွှေတစ်စေ့၊ ဆံခြည်တစ်မျှင်စာမျှ မြန်မာ့မြေပေါ် ထိပါးကျူးကျော်မှုကို လက်တုံ့ပြန်ရန်မနှေးတတ်သကဲ့သို့ မိမိနိုင်ငံနှင့်လူမျိုးအပေါ် ချစ်တတ်သောစိတ်၊ မိမိလူမျိုးတို့၏အကျိုးစီးပွားကို ဆောင်ရွက်လိုသော စိတ်ဓာတ်များသည် မြန်မာလူမျိုးတို့၏ရင်တွင်း၌ ယနေ့တိုင်ရှင်သန်နေဆဲပင်ဖြစ်သည်။

**စည်းလုံးညီညွတ်သောမြန်မာနိုင်ငံ**

မြန်မာနိုင်ငံသည် အေဒီ ၁၀၄၄ ခုနှစ် အနော်ရထာမင်းလက်ထက်တွင်လည်းကောင်း၊ အေဒီ ၁၅၅၁ ခုနှစ် ဘုရင့်နောင်မင်းလက်ထက်တွင်လည်းကောင်း၊ အေဒီ ၁၇၅၂ ခုနှစ် အလောင်းမင်းတရားလက်ထက်တွင်လည်းကောင်း ကာကွယ်ရေးအင်အားကို ကျောထောက်နောက်ခံပြု၍ စည်းလုံးညီညွတ်သော နိုင်ငံကြီးအဖြစ် စုစည်းတည်ထောင်နိုင်ခဲ့သည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးမျက်နှာစာများတွင် စည်ပင်ဖွံ့ဖြိုးတိုးတက်ခဲ့သည်။ ဝါဒဖြန့်ချိရေး၊ သံတမန်ရေး၊ စစ်ရေးစသည့်မျက်နှာစာများတွင်လည်း ဂုဏ်ရှိန်ရောင်ဝါထွန်းလင်းပြောင်ခဲ့သည်။ ကျူးကျော်စော်ကားလာသူများကိုလည်း ပြည်သူတို့၏စွမ်းပကားဖြင့် တိုက်ထုတ်နိုင်ခဲ့သည်။

**သွေးခွဲရန်ကြံစည်**

၁၉ ရာစုနှောင်းပိုင်းတွင် ဗြိတိသျှနယ်ချဲ့တို့သည် မြန်မာနိုင်ငံကို ကျူးကျော်စစ်သုံးကြိမ်ဆင်နွှဲ၍ သိမ်းပိုက်ခဲ့သည့်အချိန်၌လည်း သူ့ကျွန်မခံလိုသည့်စိတ်ဓာတ်ဖြင့် တိုင်းရင်းသားအားလုံးက လက်နက်စွဲကိုင် တိုက်ပွဲဝင်ခဲ့ပေသည်။ ထိုရပ်တည်ချက်သည် မြန်မာတို့၏ ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံ၍ သွေးစည်းညီညွတ်မှုကို သက်သေပြခဲ့ခြင်းပင်ဖြစ်ပေသည်။ ထို့နောက်ပိုင်း မြန်မာနိုင်ငံကို လွတ်လပ်ရေးမပေးလျှင် မဖြစ်တော့သည့် အခြေအနေတွင်လည်း ဗြိတိသျှနယ်ချဲ့တို့သည် ပြည်မနှင့်တောင်တန်းဒေသ မြန်မာတိုင်းရင်းသားလူမျိုးများ၏ သမိုင်းအစဉ်အဆက် သွေးစည်းညီညွတ်ခဲ့သော ပြည်ထောင်စုစိတ်ဓာတ်ကို သွေးခွဲရန်ကြံစည်ခဲ့သည်။

**သွေးခွဲအုပ်ချုပ်**

သို့သော် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဗမာ့လွတ်လပ်ရေးတပ်မတော်သည် "အင်္ဂလိပ်အခက် ဗမာအချက်"ဟုဆိုကာ အခြေအနေနှင့် အချိန်အခါအရ ဂျပန်များနှင့်ပူးပေါင်း၍ အင်္ဂလိပ်ကိုမောင်းထုတ်နိုင်ခဲ့သည်။ သို့ရာတွင် "ကျားကြောက်လို့ ရှင်ကြီးကိုး ရှင်ကြီး ကျားထက်ဆိုး"ဆိုသကဲ့သို့ ဂျပန်တို့သည် အင်္ဂလိပ်တို့ထက် ပိုမိုဆိုးရွားလာကြသည်။ ပြည်သူများကို ညှဉ်းပန်းနှိပ်စက်ခဲ့ကြသည်။ ထို့ကြောင့် ၁၉၄၅ ခုနှစ် မတ် ၂၇ ရက်တွင် ဖက်ဆစ်ဂျပန်တို့ကိုတိုက်ထုတ်ခဲ့ရပြန်သည်။

ဖက်ဆစ်ဂျပန်တို့ကို မောင်းထုတ်နိုင်ခဲ့သော်လည်း လွတ်လပ်ရေး ချက်ချင်းမရခဲ့ပေ။ ဂျပန်ပြေးသည့်အချိန်တွင် နောက်တစ်ကြိမ်ပြန်ဝင်လာသော အင်္ဂလိပ်တို့က လွတ်လပ်ရေးပေးရန် အချိန်ဆွဲခဲ့ကြသည်။ တောင်တန်းနှင့်ပြည်မကို သွေးခွဲအုပ်ချုပ်မှု (Divide and Rule Policy) ဖြင့် ဆက်လက်စိုးမိုးခြယ်လှယ်ရန် ကြံစည်ခဲ့ကြသည်။ လွတ်လပ်ရေးမပေး၍မရသည့်အခြေအနေတွင် တောင်တန်းနှင့်ပြည်မကိုခွဲခြားပြီး လွတ်လပ်ရေးပေးရန် ကြံစည်ခဲ့ကြပြန်သည်။

**အားလုံးကို ကိုယ်စားပြု**

ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာ့လွတ်လပ်ရေးအတွက် ဗြိတိသျှအစိုးရနှင့် ဆွေးနွေးနိုင်ရန်အတွက် ၁၉၄၇ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် လန်ဒန်သို့ထွက်ခွာခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် နန်းရင်းဝန်အက်တလီ ဦးဆောင်သော ဗြိတိသျှကိုယ်စားလှယ်အဖွဲ့နှင့် ဆွေးနွေးစဉ် တောင်တန်းဒေသ ပြည်နယ်များနှင့် ပြည်မတို့ ပူးပေါင်းလျက် ပြည်ထောင်စုပုံသဏ္ဌာန်ဖြင့် လုံးဝလွတ်လပ်ရေးပေးရန် တိကျပြတ်သားစွာ တောင်းဆိုခဲ့သည်။ ထိုသို့ နှစ်ဖက်ဆွေးနွေးနေစဉ် "ဆောင်ဆန်းသည် ရှမ်းပြည်ကို ကိုယ်စားမပြု၊ ပြည်မမှမြန်မာခေါင်းဆောင်တစ်ဦးသာဖြစ်သည်" ဟူသော ကြေးနန်းစာတစ်စောင်သည် ရှမ်းပြည်နယ်စော်ဘွားနှစ်ဦးအမည်ဖြင့် ဗြိတိသျှအစိုးရထံသို့ ရောက်ရှိလာခဲ့သည်။ မြန်မာကိုယ်စားလှယ်အဖွဲ့သည် တိုင်းပြည်လွတ်လပ်ရေးအတွက် စိုးရိမ်ပူပန်ခဲ့ကြရသည်။

သို့သော် နှစ်ရက်အကြာတွင် ကြေးနန်းတစ်စောင် ထပ်ရောက်လာခဲ့သည်။ ထိုကြေးနန်းစာတွင် "ဗိုလ်ချုပ်အောင်ဆန်းသည် ရှမ်းပြည်နယ်အပါအဝင် တောင်တန်းဒေသအားလုံးကို ကိုယ်စားပြုသော ခေါင်းဆောင်ဖြစ်ကြောင်း၊ တောင်တန်းဒေသမှ တိုင်းရင်းသားပြည်သူများအတွက် အရေးဆိုရန် အကြွင်းမဲ့ထောက်ခံကြောင်း၊ တောင်ကြီးမြို့၌ ကျင်းပသည့် လူထုအစည်းအဝေးကြီးက တစ်ခဲနက်ထောက်ခံဆုံးဖြတ်ကြောင်းနှင့် ကိုလိုနီစနစ်အောက်မှ အလျင်အမြန်လွတ်မြောက်ရေးကို တောင်းဆိုကြောင်း"ဖြင့် တိကျပြတ်သားစွာ ဖော်ပြထားသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းရင်းသားအားလုံး ညီညွတ်မှုမရှိဘဲ လွတ်လပ်ရေးမရနိုင်သည်ကို အခိုင်အမာယုံကြည်ထားသည်။ ထို့ကြောင့် မြန်မာ့လွတ်လပ်ရေးအတွက် အာမခံချက်ပေးသော အောင်ဆန်း-အက်တလီစာချုပ် (Aung San - Attle Agreement)ကို ၁၉၄၇ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အက်တလီတို့က လက်မှတ်ရေးထိုးခဲ့ကြသည်။ ထိုစာချုပ်တွင် တောင်တန်းဒေသများသည် ပြည်မကြီးနှင့် ပူးပေါင်းရန်သဘောတူပါက ပြည်မရောတောင်တန်းဒေသများပါ လွတ်လပ်ရေးပေးမည်ဟုပါရှိသည်။ နယ်ချဲ့တို့သည် လွတ်လပ်ရေးပေးခါနီးတွင် တောင်တန်းဒေသများကို ချန်လှပ်ထားရန် ကြံရွယ်ခဲ့ကြသည်။

❖ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်မှစတင်၍ ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လုံမြို့တွင် ပင်လုံညီလာခံကြီးကျင်းပခဲ့ရာ တိုင်းရင်းသားခေါင်းဆောင်များ စုံညီစွာတက်ရောက်ခဲ့ကြသည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၁၀ နာရီတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ကချင်၊ ချင်း၊ ရှမ်း အမျိုးသားကိုယ်စားလှယ်ကြီး ၂၃ ဦးသည် သာတူညီမျှ တလုံးတစည်းတည်းနေထိုင်ကြမည်ဟူသောသန္နိဋ္ဌာန်ဖြင့် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ ထိုကဲ့သို့ ပြည်ထောင်စုတိုင်းရင်းသားများကြား ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံလျက် သွေးစည်းညီညွတ်စွာ လွတ်လပ်ရေးအတွက် အားထုတ်သောနေ့ဖြစ်သဖြင့် နှစ်စဉ် ဖေဖော်ဝါရီ ၁၂ ရက်ကို "ပြည်ထောင်စုနေ့"အဖြစ် သတ်မှတ်နိုင်ခဲ့သည်။ ❖

**ပင်လုံစာချုပ်**

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်မှစတင်၍ ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံမြို့တွင် ပင်လုံညီလာခံကြီးကျင်းပခဲ့ရာ တိုင်းရင်းသားခေါင်းဆောင်များ စုံညီစွာတက်ရောက်ခဲ့ကြသည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၁၀ နာရီတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ကချင်၊ ချင်း၊ ရှမ်းအမျိုးသားကိုယ်စားလှယ်ကြီး ၂၃ ဦးသည် သာတူညီမျှ တလုံးတစည်းတည်းနေထိုင်ကြမည်ဟူသော သန္နိဋ္ဌာန်ဖြင့် ပင်လုံစာချုပ်ကိုလက်မှတ်ရေးထိုးခဲ့သည်။ ထိုကဲ့သို့ ပြည်ထောင်စု တိုင်းရင်းသားများကြား ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံလျက် သွေးစည်းညီညွတ်စွာ လွတ်လပ်ရေးအတွက် အားထုတ်သောနေ့ဖြစ်သဖြင့် နှစ်စဉ် ဖေဖော်ဝါရီ ၁၂ ရက်ကို "ပြည်ထောင်စုနေ့" အဖြစ် သတ်မှတ်နိုင်ခဲ့သည်။

**အကြမ်းဖက်တိုက်ခိုက်လျက်ရှိ**

ဆိုရလျှင် ပင်လုံတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတည်ဆောက်နိုင်ခဲ့သော်လည်း လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုများကြား စိတ်ဝမ်းကွဲပြားခဲ့ကြသည်။ နယ်ချဲ့တို့၏ သပ်လျှိုသွေးခွဲမှုကြောင့် အစိုးရအပေါ် လက်နက်စွဲကိုင်တော်လှန်ခဲ့ကြသည်။ NCA လက်မှတ်ရေးထိုးထားသော EAO အဖွဲ့များအနက် KNU မှ သဘောထားတင်းမာသူတချို့၊ CNFနှင့် ABSDF တို့သည် အကြမ်းဖက်လမ်းစဉ်တွင် ပါဝင်ခဲ့ကြသည်။ NCA လက်မှတ်ရေးထိုးမထားသည့် KIA နှင့် KNPP အဖွဲ့တို့သည် PDF အမည်ခံ အကြမ်းဖက်သမားများကို အကြမ်းဖက်တိုက်ခိုက်သည့်သင်တန်းများ၊ မိုင်းထောင်ဖောက်ခွဲသည့်သင်တန်းများ သင်ကြားပေးပြီး လက်နက်ခဲယမ်းများထောက်ပံ့ပေးကာ ပြည်သူပိုင်အဆောက်အအုံများ၊ တပ်မတော်စခန်းများ၊ လုံခြုံရေးစစ်ကြောင်းများကို အလစ်အငိုက် အကြမ်းဖက်တိုက်ခိုက်ခဲ့ကြသည်။ ထို့ပြင် MNDAA အဖွဲ့အနေဖြင့်လည်း Drone များအသုံးပြု၍ Drop Bomb များဖြင့် လောက်ကိုင်ဒေသကို အကြမ်းဖက်တိုက်ခိုက်ခဲ့ကြသည်။

ထို့ပြင် အချို့သော EAO အဖွဲ့များသည် ဒေသနှင့်တိုင်းရင်းသားပြည်သူများကို အကျိုးမပြုသည့်အပြင် ကိုယ်ကျိုးစီးပွားအတွက် တရားမဝင်စီးပွားရှာ၊ ဆက်ကြေးကောက်၊ လူသစ်စု၊ ရဲစခန်းများနှင့် လမ်းတံတားများကို ဖုံးခွဲတိုက်ခိုက် စသည့်အဖျက်အမှောင့်လုပ်ရပ်များကိုသာ တစိုက်မတ်မတ်လုပ်ဆောင်လျက်ရှိရာ အပြစ်မဲ့တိုင်းရင်းသားပြည်သူများကို ကိုယ်ချင်းစာသင့်ပြီဖြစ်သည်။ ပြည်ထောင်စုကြီးအရေး မြော်တွေးဆောင်ရွက်သွားသင့်နေပြီဖြစ်သည်။ EAO အဖွဲ့များအနေဖြင့် တိုင်းရင်းသားများအရေး၊ ဒီမိုကရေစီ အရေးဆိုသည့် နိုင်ငံရေးမျှော်မှန်းချက်များကို လက်နက်စွဲကိုင်၍ တောင်းဆိုနေခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်သွေဖည်လျက်ရှိပေသည်။

**ပြည်ထောင်စုစိတ်ဓာတ်**

"ပြည်ထောင်စုဆိုသည်မှာ ပြည်နယ်နှင့်တိုင်းများကိုပေါင်းစည်း၍ ဗဟိုအာဏာပိုင်အဖွဲ့က စီမံခန့်ခွဲသည့်နိုင်ငံ"ဖြစ်ကြောင်း မြန်မာအဘိဓာန်အကျဉ်းချုပ်တွင် ဖွင့်ဆိုထားသည်ကို လေ့လာသိရှိရသည်။ မြန်မာနိုင်ငံသည် ခိုင်မာသော လူမျိုးသမိုင်း၊ ခိုင်မာသောနိုင်ငံသမိုင်းနှင့်တည်တံ့ခိုင်မြဲသော အချုပ်အခြာအာဏာပိုင် ရေမြေပိုင်နက်နယ်နိမိတ်များ ပြည့်စုံသည့်နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်လျက်ရှိကြသော ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများအားလုံးသည် မိမိကိုယ်ကို မြန်မာတိုင်းရင်းသားများအဖြစ်ခံယူကာ ကမ္ဘာ့အလယ်တွင် ဂုဏ်ယူဝင့်ကြွားစွာ ရပ်တည်နေသောလူမျိုးများဖြစ်သည်။


"စိတ်ဓာတ်ဆိုသည်မှာ စိတ်ထား၊ သဘောထား၊ နှလုံးသွင်းပုံနှင့် စိတ်၏အမူအကျင့်ဖြစ်သည်" ဟု မြန်မာအဘိဓာန်အကျဉ်းချုပ်တွင် ဖွင့်ဆိုထားသည်ကို လေ့လာမှတ်သားရသည်။ ပြည်ထောင်စုစိတ်ဓာတ်ဟူသည် ပြည်ထောင်စုကြီးတစ်ခုလုံးကို တစ်မိသားစုတည်း၊ တစ်အိမ်ထောင်တည်းဟု စွဲမြဲခိုင်မာစွာလက်ခံမှတ်ယူထားသော သဘောထားခံယူချက်ပင်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရသော် ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ ပြည်ထောင်စုတိုင်းရင်းသားအားလုံး၊ ဥမကွဲသိုက်မပျက်၊ အေးအတူပူအမျှ ပူးပေါင်းနေထိုင်လိုသည့် တစည်းတလုံးတည်းသော စိတ်ဓာတ်ပင်ဖြစ်ပေသည်။

**ပြည်ထောင်စုကြီးအရေး မြော်တွေးဆောင်ရွက်သွားစေလို**

မျက်မှောက်ခေတ် ကမ္ဘာ့နိုင်ငံအသီးသီးကိုလေ့လာကြည့်မည်ဆိုပါက ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်မာစွာထိန်းသိမ်းထားနိုင်ခြင်းမရှိသော နိုင်ငံတချို့သည် ပြည်ပသြဇာလွှမ်းမိုးမှုအမျိုးမျိုးကြားတွင် အချင်းချင်း သွေးကွဲလျက်ရှိသည်ကို စိတ်မချမ်းမြေ့ဖွယ်ရာတွေ့မြင်နေရသည်။ ထိုသို့ သွေးကွဲလာပါက ပြည်တွင်းပဋိပက္ခများ၊ စစ်ပွဲများဖြစ်ပွား၍ အင်အားချည့်နဲ့ယိမ်းယိုင်

စာမျက်နှာ ၁၁ သို့ ➤

# ဗိုလ်တထောင်မြို့နယ် Artistic Space Art Gallery တွင် The Collector's Show Art Exhibition ပန်းချီပြပွဲပြသမည်



**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် Artistic Space Art Gallery တွင် ပန်းချီဆရာခြောက်ဦး၏ The Collector's Show Art Exhibition ပန်းချီပြပွဲကို ဖေဖော်ဝါရီ ၁၂ ရက်မှ ဖေဖော်ဝါရီ ၁၄ ရက်ထိ ပြသမည်ဖြစ်ကြောင်း အဆိုပါပန်းချီပြပွဲတွင်ပါဝင်ပြသမည့် ပန်းချီ ရှိုင်းလူက ပြောပြ၍ သိရသည်။

The Collector's Show Art Exhibition ပန်းချီပြပွဲတွင် ပန်းချီဘဝင်း၊ ပန်းချီ ကေကျော်၊ ပန်းချီမင်းလွင်၊ ပန်းချီ ရှိုင်းလူ၊ ပန်းချီသန်းကျော်ဌေး၊ ပန်းချီ သက်အောင်တို့ ရေးဆွဲထားသည့် ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည်ဖြင့် အရောင်အသွေးစုံ၊ လက်ရာစုံပန်းချီကား ၆၀ ကျော်ကို ပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"The Collector's Show Art Exhibition ပြပွဲကတော့ ပန်းချီဆရာခြောက်ယောက်ရဲ့ စိတ်ကြိုက်ရွေးချယ်ထားတဲ့ ပန်းချီကားတွေကို ပြသမှာဖြစ်သလို ပန်းချီကားအားလုံးဟာ ပြပွဲအတွက်ရည်ရွယ်ပြီးတော့ အသစ်ရေးဆွဲထားတာတွေ ဖြစ်ပါတယ်။ ပြသမဲ့ရက်ကတော့ ဖေဖော်ဝါရီ ၁၂ ရက်ကနေ ဖေဖော်ဝါရီ ၁၄ ရက်ထိ ပြသမှာဖြစ်ပါတယ်။ ပြခန်းမှာ လာရောက်ကြည့်ရှုနိုင်သလို အွန်လိုင်းကလဲ လေ့လာဝယ်ယူနိုင်အောင် စီစဉ်ထားပါတယ်"ဟု ပန်းချီ ရှိုင်းလူက ပြောသည်။

The Collector's Show Art Exhibition ပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆×၂၄) လက်မ၊ (၂၄×၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည်ဖြင့် အရွယ်အစားအစုံပါဝင်ပြီး ဈေးနှုန်းမှာ အနည်းဆုံးငွေကျပ်ငါးသိန်းမှ အများဆုံးငွေကျပ် သိန်း ၂၀ ထိရှိကြောင်း သိရသည်။

ASH

# ပန်းဘဲတန်းမြို့နယ်ရှိ အမျိုးသားစာကြည့်တိုက်(ရန်ကုန် )တွင် ကလေးစာကြည့်တိုက်လှုပ်ရှားမှုအစီအစဉ်နှင့် ဓာတ်ပုံပြပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ်ရှိ အမျိုးသားစာကြည့်တိုက်(ရန်ကုန်)တွင် ကလေးစာကြည့်တိုက်လှုပ်ရှားမှုအစီအစဉ်နှင့် ဓာတ်ပုံပြပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က ကျင်းပပြုလုပ်ခဲ့ကြောင်း အဆိုပါစာကြည့်တိုက်မှ ညွှန်ကြားရေးမှူး ဒေါက်တာ ကေသီအေးက ပြောပြ၍ သိရသည်။

အဆိုပါ ကလေးစာကြည့်တိုက်လှုပ်ရှားမှုအစီအစဉ်နှင့်ဓာတ်ပုံပြပွဲကို အမျိုးသားစာကြည့်တိုက်(ရန်ကုန်)နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ပန်းဘဲတန်းမြို့နယ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ဆင်နွှဲခဲ့ကြောင်း သိရသည်။

"အမျိုးသားစာကြည့်တိုက်(ရန်ကုန်)မှာရှိတဲ့ ကလေးစာကြည့်တိုက်မှာ ကလေးတွေအတွက် ဓာတ်ပုံပြပွဲ၊ ပုံပြင်သရုပ်ဖော်တင်ဆက်ခြင်းအစီအစဉ်၊ ပန်းချီရေးဆွဲခြင်းအစီအစဉ်၊ စကားပုံပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲတွေ ကျင်းပပေးခဲ့ပြီး ဆုတွေပေးအပ်ခဲ့ပါတယ်။ ကလေးတွေ ပျော်ရွှင်စေဖို့အတွက် ဂိမ်းကစားတဲ့ အစီအစဉ်တွေကိုလဲ ထည့်သွင်းကျင်းပပေးခဲ့ပါတယ်"ဟု အမျိုးသားစာကြည့်တိုက်(ရန်ကုန်) ညွှန်ကြားရေးမှူး ဒေါက်တာကေသီအေးက ပြောပြသည်။



အဆိုပါ ကလေးစာကြည့်တိုက်လှုပ်ရှားမှုအစီအစဉ်နှင့် ဓာတ်ပုံပြပွဲတွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)တွဲဖက်ပါမောက္ခ ဒေါ်မျိုးက ကလေးများအား ပုံပြင်ပြောခြင်းနှင့် အမျိုးသားစာကြည့်တိုက်(ရန်ကုန်) ဝန်ထမ်းများက ပုံပြင်ကိုသရုပ်ဖော်တင်ဆက်ခြင်း အစီအစဉ်ကိုလည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)မှ စာကြည့်တိုက်မှူး ဒေါ်သဲသန္တာထက်က ကလေးများနှင့်အတူ ပန်းချီရေးဆွဲခြင်းအစီအစဉ်ကိုလည်းကောင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ASH

➤စာမျက်နှာ ၁၀ မှအဆက်

ပြိုကွဲသွားသည်ကို သင်ခန်းစာယူဖွယ်တွေ့မြင်နေရသည်။ ထို့ကြောင့် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးသည် တိုင်းပြည်၏ မည်သည့်ဒေသတွင်နေထိုင်သည်ဖြစ်စေ တိုင်းရင်းသားညီအစ်ကို၊ မောင်နှမများကြား ကျဉ်းမြောင်းသည့်ဝါဒများနှင့် သံသယများကိုချေဖျက်ပြီး ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် ချစ်ကြည်ရင်းနှီးမှုတည်ဆောက်ကာ ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် အားလုံးပါဝင်ကြိုးပမ်းသွားရန် လိုအပ်ပေသည်။

ထို့ပြင် တိုင်းရင်းသားအချင်းချင်း တစ်ဦးအပေါ် တစ်ဦး ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားများမှဖြစ်ပေါ်လာသည့် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲသည်ထက် ပိုမိုခိုင်မြဲအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သကဲ့သို့ နိုင်ငံတော်အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရာတွင်လည်းကောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးတည်ဆောက်ရာတွင်လည်းကောင်း ပြည်ထောင်စုစိတ်ဓာတ်၏အခြေခံဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို တိုင်းရင်းသားအားလုံး၏ ယုံကြည်ချက်၊ ခံယူချက် တစ်ခုအနေဖြင့် မမှိတ်မသုန် စောင့်ထိန်းခံယူသွားကြရန် လိုအပ်လျက်ရှိသည်။

စင်စစ်အားဖြင့် တိုင်းရင်းသားညီအစ်ကို၊ မောင်နှမများကြား ပြည်ထောင်စုစိတ်ဓာတ် အရင်းခံဖြင့်သာ စည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်မည်ဖြစ်သည်။ ထိုတိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့်သာလျှင် ထာဝရငြိမ်းချမ်းရေးရရှိရေး၊ ပြည်ထောင်စုကြီးဖွံ့ဖြိုးတိုးတက်ရေးနှင့်ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်မည်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထွန်းကားမှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်တို့နှင့်အတူ ပြည်ထောင်စုကြီးအရေး မြော်တွေးကာ လက်တွဲကြိုးပမ်းဆောင်ရွက်သွားသင့်ပါကြောင်း တိုက်တွန်းအကြံပြု ရေးသားလိုက်ရပါသည်။

**ကိုးကား**

– **ကိုယ်တွေ့ပင်လုံ ဦးဖေခင်**

# ရိုင်ယန်ကိုဂလာ၏ သွေးစုပ်ဖုတ်ကောင်ဇာတ်ကား၌ မင်းသား မိုက်ကယ်ဘီဂျော်ဒန် ပါဝင်မည်

**နယူးယောက် ဖေဖော်ဝါရီ ၁၁**

ဒါရိုက်တာ ရိုင်ယန်ကိုဂလာ တာဝန်ယူရိုက်ကူးမည့် သွေးစုပ်ဖုတ်ကောင် ဇာတ်ကားသစ်၌ ကမ္ဘာကျော် လူမည်းမင်းသား မိုက်ကယ်ဘီဂျော်ဒန် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၀ ရက် သတင်းများအရ သိရသည်။

ဒါရိုက်တာ ရိုင်ယန်ကိုဂလာနှင့် မိုက်ကယ်ဘီဂျော်ဒန်တို့သည် Black Panther နှင့် Creed ကဲ့သို့ ဇာတ်ကားများ၌ ပူးပေါင်းခဲ့ကြပြီးဖြစ်သည်။


လက်ရှိတွင် မင်းသား မိုက်ကယ်ဘီဂျော်ဒန် ပါဝင်သရုပ်ဆောင်မည့် သွေးစုပ်ဖုတ်ကောင်ဇာတ်ကားသစ်၏ ဇာတ်လမ်း၊ ဇာတ်အိမ်အသေးစိတ်ကို မသိရသေးကြောင်း သိရသည်။

မင်းသား မိုက်ကယ်ဘီဂျော်ဒန်သည် ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီ၏ Rocky ဇာတ်ကားသစ်များ၌ ပါဝင်သရုပ်ဆောင်ခဲ့သလို ကိုယ်တိုင် တာဝန်ယူရိုက်ကူးပေးခဲ့သူလည်းဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဒါရိုက်တာ ရိုင်ယန်ကိုဂလာ၏ သွေးစုပ်ဖုတ်ကောင်ဇာတ်ကားသစ် စတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို မသိရသေးကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**



# The Conjuring-4 ဇာတ်ကားကို ဒါရိုက်တာ မိုက်ကယ်ချာဗက် ရိုက်ကူးမည်

**နယူးယောက် ဖေဖော်ဝါရီ ၁၁**

The Conjuring-4 ဇာတ်ကားကို ဒါရိုက်တာ မိုက်ကယ်ချာဗက်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၀ ရက် သတင်းများအရ သိရသည်။

ဒါရိုက်တာ ချာဗက်သည် ယခင်က The Conjuring: The Devil Made Me No it နှင့် The Nun II ဇာတ်ကားများကို ရိုက်ကူးပေးခဲ့သူဖြစ်သည်။

အဆိုပါဇာတ်ကားသစ်တွင် မူလ The Conjuring ဒါရိုက်တာ ဂျိမ်းဝမ်က ထုတ်လုပ်သူအဖြစ် ပြန်လည်ပါဝင်လာကြောင်း သိရသည်။

လက်ရှိတွင် The Conjuring-4 ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် သရုပ်ဆောင်များကို New Line ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

အဆိုပါဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဒေးဗစ်လက်စလီဂျွန်ဆင်မက်ဂိုးဒရစ်က ရေးသားပေးထားသည်။

The Conjuring-4 ရုံတင်မည့်ရက်ကို New Line ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# The message sent by Chairman of the State Administration Council Prime Minister of the Republic of the Union of Myanmar Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing to the ceremony to mark the 77th Anniversary of Union Day 2024

## 12 February 2024

**Esteemed national brethren of the Union,**

On the occasion of the 77th Anniversary of Union Day, which falls today, I extend my greetings with the best wishes for all national brethren residing in the country amicably to be healthy and wealthy with all auspiciousness.

Although Myanmar had been living in the country for hundreds of years under its own monarchical system, British colonialists occupied Myanmar in invasion into the country with three aggressive wars in the Konbaung era. So, Myanmar lost the monarchical system and fell under colonial rule.

In accord with the divide-and-rule policy, the British colonialists exercised various administrative systems over the ethnics with unequal terms of rights, causing disunity among the ethnics. As all ethnic people fought against the colonialists with the firm Union spirit and patriotic spirit for regaining independence by holding various arms, the British colonialists considered giving different independences to hilly regions and the nation's mainland in the situation of providing independence without fail.

Adopting a pledge to take independence for both hilly and mainland in an equal term of rights in unison, General Aung San and 23 ethnic leaders signed the historic Panglong Agreement in Panglong of Shan State on 12 February 1947. It was a great, long-lasting evidence of the Union spirit to show the Union Day on 12 February, and this year's occasion turns 77 years.

In accord with the motto: "Unity is strength and strength of the Union", the independence and sovereignty taken by all ethnic people with the Union spirit must be strengthened with only the Union spirit. At present, as powerful countries attempt to control developing small countries under military and political influence, it can be seen that these powerful countries are implementing multi-operational warfare behind the small countries.

Hence, I would like to urge all ethnic people to protect the Union for long-term existence with the Union spirit.

**Esteemed national brethren of the Union,**

In looking back at the political landscape of Myanmar, Myanmar Tatmadaw, conceived in the independence struggle based on patriotic spirit, is safeguarding independence for its existence while initiating the nation's development and joining hands with the ethnic people in building a genuine, disciplined multiparty democratic Union.

At a time when the Myanmar government was called the Yangon government due to levering up internal colourful insurgencies in the post-independence period, Tatmadaw, with some 20,000 strengths, successfully fought in the 122-day-long Insein battle due to the encouragement and participation of the people and then assaulted colourful insurgencies step by step in order to strive for non-disintegration of the Union in full swing.

Currently, some internal ethnic armed organizations and saboteurs at home and abroad commit a variety of unrest and violent acts as well as clashes with the instigation of some foreign powerful countries which do not wish to see the interests of our country. Due to these instabilities, innocent people lose life and limb, and the country also loses resources. Local ethnic people are suffering much plight. I want to remark now that it is very important for all to safeguard the country facing dangers in all aspects conscientiously.

Focusing on the interests of the Union, Tatmadaw is protecting the Union by upholding Our Three Main National Causes: Non-disintegration of the Union, Non-disintegration of national solidarity and perpetuation of sovereignty. In line with the motto: "Strength of the nation lies within", encouragement of all ethnic people in the entire Union and their standing with Tatmadaw are basic support for the State defence measure. Hence, I want to urge the government, Tatmadaw, and the people to harmoniously join hands in forging peace, stability, and the rule of law for the country.

**Esteemed ethnic national brethren of the Union,**

The State Administration Council strives to enhance the State's economic prosperity. This being so, encouragement is being given to the development of micro-, small- and medium-sized enterprises (MSME) based on agriculture and livestock-based natural products such as timber, bamboo, rattan and other materials for serving the interests of the entire people in a short time.

The government is creating good economic environments for the development of the MSME, easing hardships to be faced in starting new businesses, easing capital money flow, levering up awareness, consultation, sharing of technique and entrepreneurship measures, connecting information networks and distributing information data on a broader scale.

It is necessary to make utmost efforts to enhance manufacturing industries based on agriculture and livestock farms inclusive of entire ethnic people to improve their socioeconomic life and develop all parts of the Union by uplifting the role of MSME.

As food, clothing, and shelter are basic needs for humans' daily routine, two national visions have been adopted: prosperity of the State and food security.

As Myanmar is blessed with vast agricultural lands, a proper number of population and favourable weather, it can be said that the country is sufficient in food. It is necessary to focus on the nation's prosperity and development by manufacturing larger nutritious foods and agricultural and livestock products.

Every citizen must be educated to serve at all areas of the country to achieve national visions of the State. As such, the policy is being implemented for all school-age children to attend schools and complete at least the KG+9 scheme of middle school education. Meanwhile, industrial, agriculture and livestock breeding high schools have been established to create good contributions to the successful implementation of agriculture and livestock-based production industries. It is necessary to implement double and mix-cropping patterns suitable for the regions and periods. On the other hand, all ethnic people have to strive to successfully implement two national visions of the State by beefing up livestock breeding tasks for the interests of all citizens.

I would like to note that all ethnic people have to forge durable peace on a political trend through mutual respect, understanding, and trust to harmonize the whole Union in all aspects.

All matters demanded by some ethnic groups are involved in the Union system based on democracy and federalism being initiated by the government. I would like to highlight that the country is firmly built under the constitution based on Our Three Main National Causes as three national tasks will not be harmed in any way. As relevant regions and residents will suffer the consequences of occurrences in the country, it is necessary to solve all issues in political ways for the sake of their regions and the country. And I want to urge all ethnic people to participate in the emergence of a modern, developed nation and a Union based on democracy and federalism to which we all aspire.

**Esteemed ethnic national brethren of the Union,**

I send this message to the ceremony to mark the 77th Anniversary of Union Day with a deep urging to all ethnic and national people residing in the Union through thick and thin to firmly join hands with each other to ensure the prestigious existence of the Republic of the Union of Myanmar.

**Senior General Thadoe Maha Thray Sithu**
**Thadoe Thiri Thudhamma Min Aung Hlaing**
**Prime Minister**
**Chairman, State Administration Council**

# Seasonal strawberries flood domestic market

**Mandalay February 11**

Traders remarked that seasonal strawberries from the PyinOoLwin area are widely distributed to the domestic market as they have yet to penetrate foreign markets.

There are 235 acres of strawberries in PyinOoLwin Township this year, with a cultivation cost of Ks-4.5 million per acre. Strawberries are cultivated from September to October, and fresh strawberries are harvested from January to May.

The fresh strawberry fetches Ks-10,000-Ks-13,000 per viss, depending on varieties at the beginning of this year's season. The prices rose slightly from K9,000-Ks-12,000 per viss recorded last year.

The strawberry price moves down due to the abundant supply. Last year, it plunged to Ks-5,500-Ks-8,000 per viss. The supply then exceeds the demand, scaling down the price, growers and traders said.

Despite the lack of exports, strawberries are highly consumed in the market as fresh fruit. It is also processed as strawberry paste, jam and wine with value addition.

**SMK**

# Vessels need to take care of driving in narrow water course near Sheinmaka Village



Ships and boats seen in the Ayeyawady River.

**Mandalay February 11**

Assistant Director U Ye Tun Lin Aung of Mandalay Region Water Navigation Branch of Department of Water Resources and Improvement of River Systems stated that as a narrow water course happens in Ayeyawady River near Sheinmaka Village of Wetlet Township in Sagaing Region, cargo and passenger vessels need to take care of their driving.

As now is time of declining water level in Ayeyawady River, water courses are changing day by day due to emergence of sandbanks. Now, a narrow water course occurs in the river near Sheinmaka Village of Wetlet Township in Sagaing Region.

"Vessels in various sizes need to take care of driving in Ayeyawady River from Mandalay to Wetlet along Sheinmaka water course not to face stranded," he noted.

Vessels need to check water navigation signs in the river and along the banks from Mandalay to Wetlet to be able to avoid stranded.

The draughts issued by the department in November were 5.5 feet in Ayeyawady River from Hinthada to Pyay, 5 feet from Pyay to Mandalay, four feet from Mandalay to Katha, 3.75 feet from Katha to Bhamo and 2.5 feet from Hsinbo to Myitkyina. 184

# Potato produced from Aungban region marketable

**Mandalay February 11**

Potato produced from Aungban region flows into Thiri Marlar greengrocery market in Aungmyethazan District of Mandalay, and these potatoes are marketable, according to the potato depots of the market.

About five truckloads of potatoes from Aungban region flow into Thiri Marlar green grocery market in Mandalay on a daily basis. At present, potato fetches K1,900 per viss in the market, said U Aung Moe Naing, owner of Aung brokerage in Mandalay.

"Currently, potatoes from Aungban region firstly enter the market but other regions have not harvested potatoes yet. Nowadays, number of farmers is lesser to grow potatoes due to climatic conditions. Potatoes from the hilly regions enter the market. Because of shortages of stocks, potatoes get high prices. The quality potato fetches K1,800 per viss," he explained.

In addition to potato, other crops such as cabbage, cucumber, tomato, white mustard, cow bean, and cauliflowers are also marketable in Mandalay. At present, many trucks carrying green groceries flow into Mandalay on a daily basis. 185



Workers sorting out potatoes.

# Bamauk Township residents cultivate more than 2,000 acres of winter sesame

**Bamauk February 11**

More than 2,000 acres of winter sesame have been planted in Bamauk Township, Katha District, Sagaing Region in this winter planting season, according to statistics from the Department of Agriculture for Katha District.

During the winter crop planting season of 2023-2024, 2,020 acres of winter sesame have been earmarked for planting in Bamauk Township. The full acre of planting has already been completed.

"We are also working to expand the acreage of sesame cultivation, improve the yield, and cultivate with GAP systems," said U Myint Soe, the district head of the Department of Agriculture for Khatha District.

During the winter crop planting season of 2022-2023, winter sesame was planted in Bamauk Township from October 2022 to December 2022, and up to 2,020 acres were planted.

In addition, in the rainy season of 2023-2024, 93 acres of rain-fed sesame were planned to be planted in Bamauk Township, and 84 acres were planted from May to September this year.

206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Locals in Monywa district cultivate 4,639 acres of mung bean in this year

**Monywa February 11**

A total of 4,639 acres of mung bean have been planted in Monywa District of Sagaing Region this year, according to statistics from Department of Agriculture for Monywa District.

During the winter planting season of 2023-2024, 4,750 acres of mung bean are earmarked for planting in Monywa District, and 4,639 acres have been planted since October 2023.

"During mung bean cultivation, we are providing the necessary technologies, varieties, and methods of preventing the disease by taking field trips," said Daw San San Myint, District Head of the Department of Agriculture for Monywa District.

Locals in Monywa District planted 846 acres of mung bean in Monywa Township, 35 acres in Budalin Township, 2,930 acres in Ayadaw Township, and 828 acres in ChaungU Township, totaling 4,639 acres.

In the district, the department earmarked to plant 825 acres of mung bean in Monywa Township, 48 acres in Budalin Township, 3,073 acres in Ayadaw Township, and 804 acres in ChaungU Township, totaling 4,750 acres. 206



A mung bean plantation.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## အိန္ဒိယနိုင်ငံက သူလျှိုကင်းထောက်လေယာဉ်သုံးစင်း ပြည်တွင်း၌ တီထွင်ထုတ်လုပ်ရန်စီစဉ်နေ



အိန္ဒိယနိုင်ငံသည် ကနဦးအစီအစဉ်အရ ထောက်လှမ်းရေးနှင့် ဆက်သွယ်ရေးလေယာဉ်များကို ပြည်ပမှဝယ်ယူရန် ကြိုးပမ်းခဲ့ပြီးနောက် ယခုအခါ သူလျှိုကင်းထောက်လေယာဉ် သုံးစင်းကို ပြည်တွင်း၌ပင် တီထွင်ထုတ်လုပ်ရန်စီစဉ်နေကြောင်း The Defense Post သတင်းဌာနက ဖေဖော်ဝါရီ ၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်

သူလျှိုကင်းထောက်လေယာဉ် ထုတ်လုပ်ရန် စီစဉ်နေမှုများသည် နောက်ဆုံးအပြီးသတ်အဆင့်သို့ ရောက်ရှိနေသဖြင့် လာမည့်သီတင်းပတ်တွင် အတည်ပြုချက်ထွက်ပေါ်လာနိုင်ကြောင်း Asian News International က သတင်းရင်းမြစ်များကို ကိုးကား၍ ရေးသားဖော်ပြခဲ့သည်။

ကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဓာတ်ခွဲခန်းနှင့် အိန္ဒိယလေတပ်တို့သည် ပြည်တွင်းထုတ်နည်းပညာနှင့် စက်ကိရိယာများကို အဓိကအသုံးပြု၍ အဲဘတ်စ် A319 လေယာဉ်ကို အခြေခံကာ တီထွင်ထုတ်လုပ်သွားမည်ဖြစ်သည်။ အခြေခံတည်ဆောက်မည့် လေယာဉ်ဝယ်ယူရန် တင်ဒါကို နောက်ပိုင်းတွင်ထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

အိန္ဒိယနိုင်ငံသည် အဆိုပါလေယာဉ်ကို ဝယ်ယူရန် နည်းလမ်းရှာဖွေနေသည်မှာ အချိန်ကာလအားဖြင့် ဆယ်စုနှစ်တစ်ခုကျော် ရှိနေပြီဖြစ်သည်။ သို့သော် ယခုအချိန်တွင် သတ်မှတ်ချက်များ အပြီးသတ်ဆုံးဖြတ်ချက် ချမှတ်နိုင်ခဲ့ပြီဖြစ်ကြောင်း Asian News International သတင်းဌာနက ထုတ်ပြန်ခဲ့သည်။

အိန္ဒိယနိုင်ငံ၏ ပြည်တွင်းထုတ် ဖွံ့ဖြိုးတိုးတက်ရေး ပဏာမခြေလှမ်းသည် ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်သူများထံမှ ကင်းထောက်လေယာဉ်ဝယ်ယူရန် ကြိုးပမ်းမှုများနောက်တွင် ထွက်ပေါ်လာခဲ့ခြင်းလည်းဖြစ်သည်။ အိန္ဒိယနိုင်ငံသည် ဘရာဇီးနိုင်ငံ Embraer ကုမ္ပဏီနှင့် အစ္စရေးနိုင်ငံမှ Israel Aerospace Industries ကုမ္ပဏီများကို လေယာဉ်စီမံကိန်းအတွက် ၂၀၀၉ ခုနှစ်တွင် ဆန်ခါတင်စာရင်းသွင်းခဲ့သည်။

တင်ဒါတင်သွင်းသူ ကုမ္ပဏီနှစ်ခုစလုံးက IAI-Elta ကုမ္ပဏီထုတ်လေကြောင်းချီပေါင်းစည်းအချက်ပြ ထောက်လှမ်းရေးစနစ်ကိုကမ်းလှမ်းခဲ့သည်။ သို့သော် အိန္ဒိယ၏လိုင်စင်ဖြင့် ပြည်တွင်း၌ထုတ်လုပ်ခြင်းပေါ်လစီကို လိုက်နာနိုင်ခြင်းမရှိဘဲ တစ်ဆက်တစ်စပ်တည်း ဈေးနှုန်းမြင့်မားနေမှုတို့ကြောင့် စီမံကိန်းကိုဖျက်သိမ်းခဲ့ရသည်။

အဆိုပါဖြစ်စဉ်များနောက် သုံးနှစ်အကြာတွင် အိန္ဒိယလေတပ်သည် ထောက်လှမ်းရေး အချက်အလက်စုဆောင်းရေးလေယာဉ် တစ်နည်းဆိုရသော် သူလျှိုကင်းထောက်လေယာဉ် ကိုးစင်းကို တိုးတက်ဖွံ့ဖြိုးထုတ်လုပ်နိုင်ရေးနှင့် ဝယ်ယူဖြည့်တင်းနိုင်ရေးအတွက် အဆိုပြုချက်သစ်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ ၎င်းတို့အနက် လေယာဉ်နှစ်စင်းသည် အချက်ပြထောက်လှမ်းရေးအတွက်ဖြစ်ပြီး ကျန်လေယာဉ်များမှာ ဆက်သွယ်ရေး ဖျက်ဆီးတိုက်ခိုက်မှုအတွက်ဖြစ်သည်။ ထို့နောက် ၂၀၁၇ ခုနှစ်တွင် ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ သန်း ၅၇၀ ဖြင့် သူလျှိုကင်းထောက်လေယာဉ် ခုနစ်စင်းဝယ်ယူရန် အဆိုပြုချက်အသစ်တစ်ခု ထုတ်ပြန်ခဲ့သည်။

သူလျှိုကင်းထောက်လေယာဉ်သည် ရန်သူပိုင်နက်အတွင်း နက်ရှိုင်းသောနေရာများမှ ရေဒီယိုလှိုင်းထုတ်လွှင့်မှုများကို ရှာဖွေထောက်လှမ်းစုဆောင်း၍ ရန်သူရေဒါ၊ ဆက်သွယ်ရေးနှင့် လက်နက်စနစ်များကို ခွဲခြားစိစစ်သတ်မှတ်ခြင်းနှင့် အမျိုးအစားခွဲခြင်းတို့ကို လုပ်ဆောင်ပေးနိုင်သည်။ ၎င်းသည် ဆက်သွယ်ရေးကွန်ရက်များကို ပျက်ပြားစေခြင်း သို့မဟုတ် အနှောင့်အယှက်ပြုလုပ်နိုင်သည်။

"ဒီလေယာဉ်တွေရဲ့ အဓိကတာဝန်က ငြိမ်းချမ်းရေးကာလမှာ ရန်သူရဲ့ အီလက်ထရွန်နစ်တိုက်ပွဲ ဆင်နွှဲလာနိုင်မှုအခြေအနေ၊ အဆင့်အတန်းနဲ့ စွမ်းဆောင်ရည်တွေကို အချိန်နဲ့အမျှ ပြင်ဆင်တည်းဖြတ်မှတ်သားနိုင်ဖို့ဖြစ်ပြီး စစ်ပွဲကာလမျိုးတွေမှာတော့ ရန်သူရဲ့ ဆက်သွယ်ရေးကွန်ရက်ကို ဖြိုခွဲတာ ဒါမှမဟုတ် ဖျက်ဆီးတာဖြစ်ပါတယ်။ ဒီလေယာဉ်တွေဟာ မြေပြင်စခန်းတွေ၊ တခြားလေကြောင်းချီစနစ်တွေနဲ့ ချိတ်ဆက်ပြီး အချက်အလက်တွေ လုံခြုံစွာဖလှယ်နိုင်ဖို့ လိုအပ်ပါတယ်"ဟု အိန္ဒိယလေတပ်မှ အငြိမ်းစားဗိုလ်ချုပ်ကြီး Daljit Sigh၏ ပြောကြားချက်ကိုကိုးကား၍ The Defense Post သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

**India to Develop Three Spy Planes ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်း နည်းပညာကုမ္ပဏီ Skylab UA က ညဘက်စစ်ဆင်နိုင်သည့် တိုက်ခိုက်ရေးဒရုန်းသစ်ကို တီထွင်ထုတ်လုပ်နိုင်ခဲ့

ယူကရိန်းနိုင်ငံ နည်းပညာကုမ္ပဏီ Skylab UA သည် ညဘက်စစ်ဆင်နိုင်စွမ်းရှိသည့် အီလက်ထရွန်နစ်စစ်ဆင်ရေးဒဏ်ခံနိုင်ရည်ရှိသော တိုက်ခိုက်ရေးဒရုန်းကို တီထွင်ထုတ်လုပ်နိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဖေဖော်ဝါရီ ၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါတိုက်ခိုက်ရေးဒရုန်းသစ်သည် ညအချိန်စစ်ဆင်ရေးများတွင်ပင် Shoolika Mk6 တိကျသောတိုက်ခိုက်မှုများကို လုပ်ဆောင်နိုင်ကြောင်း ယူကရိန်း ဒစ်ဂျစ်တယ်အသွင်ပြောင်းရေးဝန်ကြီး Mykhailo Fedorov က ပြောဆိုခဲ့သည်။

ယူကရိန်း တပ်ဖွဲ့ဝင်များသည် Shoolika Mk6 ကိုစမ်းသပ်မှုများ အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ပြီးဖြစ်ကြောင်းနှင့် အထူးသဖြင့် ဒရုန်းသည် ညအချိန် နည်းဗျူဟာမြောက် စစ်ဆင်ရေးများအတွက် လွန်စွာအရေးပါကြောင်း ယူကရိန်းတပ်ဖွဲ့ဝင်များ၏ ပြောကြားချက်ကို ကိုးကား၍ Mykhailo Fedorov က ပြောကြားခဲ့သည်။

NATO မဟာမိတ်အဖွဲ့၏ အသိအမှတ်ပြုမှုဖြင့် လက်ရှိလုပ်ဆောင်နေသော Shoolika Mk6 တိုက်ခိုက်ရေးဒရုန်းသည် နည်းဗျူဟာမြောက် စစ်ဆင်ရေးအတွင်း ပိုမိုထိရောက်စွာ အသုံးပြုနိုင်ရန်အတွက် ၎င်း၏ဉာဏ်ရည်တုနှင့် ကင်မရာစွမ်းရည်များကို အဆင့်မြှင့်တင်မှုများပြုလုပ်ရန် စီစဉ်ထားသည်။ အလေးချိန် ခြောက်ကီလိုဂရမ် (၁၃ ပေါင်)ထိ သယ်ဆောင်နိုင်သော Shoolika Mk6 သည် အကွာအဝေး ၁၀ ကီလိုမီတာ (ခြောက်မိုင်)ထိ တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။

ယူကရိန်းသည် ရုရှားတပ်ဖွဲ့များကို တန်ပြန်ရန်ဒရုန်းများကို အများဆုံးအားကိုး၍ တန်ပြန်စစ်ဆင်ရေးများ လုပ်ဆောင်နေပြီး စစ်မြေပြင်တွင် ထိခိုက်သေဆုံးမှုအနည်းဆုံးဖြစ်စေရန်နှင့် တပ်သားသစ်ရှားပါးမှုကို ဖြေရှင်းရန် ဒရုန်းစွမ်းရည်များကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ကြက်အသုံးပြုလာကြသည်။ မကြာသေးမီက ယူကရိန်းသမ္မတ ဗလာဒီမာဇီလန်စကီးက ယူကရိန်းတပ်မတော်တွင် မောင်းသူမဲ့စနစ်သုံးယာဉ်များ အသုံးပြုမည့် ကြည်း၊ ရေ၊ လေ စစ်လက်ရုံးများကို ပိုမိုအားကောင်းစေရန် ကြည်း၊ ရေ၊ လေ မောင်းသူမဲ့စနစ်သုံးသီးခြားစစ်ဘက်ဌာနခွဲတစ်ခု ဖွဲ့စည်းသွားရန် အမိန့်ထုတ်ပြန်ခဲ့သည်။ ယူကရိန်းတို့ဘက်က အသုံးပြုတိုက်ခိုက်နေသည့် ဒရုန်းများသည် တာဝေးပျံစူပါဆောနစ် ဗုံးကြဲလေယာဉ် တစ်စင်းနှင့် Kerch ရေလက်ကြားတွင် လောင်စာများတင်ဆောင်ထားသော ဆီဖြည့်သင်္ဘောအပါအဝင် ရုရှားတို့၏ အကြီးစားစက်ပစ္စည်း၊ ယာဉ်၊ ကိရိယာအချို့ကို တုံ့ပြန်ချေမှုန်းဖျက်ဆီးရာတွင် အောင်မြင်မှုအချို့ရှိခဲ့သည်ကို တွေ့ရသည်။



**Ukraine Reveals New EW-Resistant, Night Vision Combat Drone ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံဧက ၉၉၂၀ စိုက်ပျိုးပြီးစီး


ယခင်နှစ်က ကြက်သွန်နီစိုက်ခင်းကို တွေ့ရစဉ်။

**ဝက်လက် ဖေဖော်ဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံဧက ၉၉၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၉၆၅၈ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၉၉၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဝက်လက်မြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ စားဖိုဆောင်သီးနှံဧက ၉၆၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ဧက ၉၉၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ လက်ရှိမှာတော့ စားဖိုဆောင်သီးနှံ စိုက်ပျိုးမှုက လျာထားဧကထက်တိုးစိုက်နိုင်တယ်။ စားဖိုဆောင်သီးနှံတွေကို GAP စနစ်တွေနဲ့စိုက်ပျိုးဖို့၊ စိုက်နည်းစနစ်တွေ မှန်ကန်စေဖို့၊ ပိုးမွှားကျရောက်မှုမရှိစေဖို့အတွက် ဆောင်ရွက်ပေးပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် စားဖိုဆောင်သီးနှံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် ငရုတ် ဧက ၃၄၀၊ ကြက်သွန်နီဧက ၄၅၆၀ နှင့် ကြက်သွန်ဖြူ ဧက ၅၀၂၀ စုစုပေါင်းဧက ၉၉၂၀ ဖြစ်ကြောင်း၊ သီးနှံအလိုက်လျာထားမှုအနေဖြင့် ငရုတ်ဧက ၃၄၀၊ ကြက်သွန်နီဧက ၄၅၀၃ နှင့် ကြက်သွန်ဖြူ ၄၈၁၅ ဧက စုစုပေါင်း ၉၆၅၈ ဧကဖြစ်ကြောင်း သိရသည်။

ဝက်လက်မြို့နယ်တွင် စားဖိုဆောင်သီးနှံစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက အထွက်နှုန်းကောင်းရန်၊ ဈေးကွက်လည်းရရှိအောင် စိုက်ပျိုးနည်းစနစ်သိရှိစေရန်၊ GAP စိုက်နည်းစနစ်များ သိရှိစေရန်၊ ပိုးမွှားကာကွယ်နှိမ်နင်းရန်၊ မြေဆီလွှာအာဟာရ ဖွံ့ဖြိုးတိုးတက်ရန် ပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၁၂၈၇ ဧက စိုက်ပျိုးသွားမည်

**ပွင့်ဖြူ ဖေဖော်ဝါရီ ၁၁**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၁၂၈၇ ဧကစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ မဲဇလီရေလွှဲဆည်ရေဖြင့် ၂၉၉၅၉ ဧက၊ ရေစုပ်စက်စနစ်ဖြင့် ၁၃၂၈ ဧက စုစုပေါင်း ၃၁၂၈၇ ဧကကို ယခုနှစ် ဖေဖော်ဝါရီလကုန်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ဒေသခံတောင်သူများ နွေစပါးသီးနှံအခက်အခဲမရှိ အဆင်ပြေစွာစိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့ပူးပေါင်းပြီး စိုက်ပျိုးရေဖူလုံစွာရရှိရေး၊ စိုက်ပျိုးနည်းစနစ်များနှင့် မျိုးကောင်းမျိုးသန့်များစိုက်ပျိုးထုတ်လုပ်နိုင်ရေး လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

"ပွင့်ဖြူမြို့နယ်မှာ နွေစပါး ၃၁၂၈၇ ဧက လျာထားစိုက်ပျိုးသွားမှာဖြစ်ပါတယ်။ နွေစပါးကို တောင်သူတွေ အခက်အခဲမရှိ အဆင်ပြေစွာစိုက်ပျိုးနိုင်ဖို့အတွက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက အခုလ ၁၆ ရက်မှစတင်ပြီး မြောက်မုန်းမြောင်းမကြီးမှတစ်ဆင့် စိုက်ပျိုးလယ်မြေအရောက် ဖြန့်ဝေဆောင်ရွက်ပေးသွားမှာဖြစ်ပြီး စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူတွေကို လိုအပ်တဲ့သွင်းအားစုတွေနဲ့ စိုက်ပျိုးရေးနည်းပညာတွေကို ကူညီပေးသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် နွေစပါးသီးနှံစိုက်ပျိုးရာမှာ လိုအပ်တဲ့ဓာတ်မြေဩဇာတွေ စနစ်တကျသုံးစွဲတတ်စေဖို့ တောင်သူနည်းပညာပေးလုပ်ငန်းတွေကိုလဲ စိုက်ပျိုးရေးလုပ်ငန်းနဲ့ ဆက်စပ်တဲ့ဌာနတွေပူးပေါင်းဆောင်ရွက်ပေးနေပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# မင်းဘူးမြို့နယ် ကုန်းသာ-တောင်မန်းကျေးရွာချင်းဆက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မင်းဘူး ဖေဖော်ဝါရီ ၁၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကုန်းသာ-တောင်မန်း ကျေးရွာချင်းဆက် ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသင်းမင်းလတ်နှင့် မင်းဘူးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ရွှေစင်ဦးနှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကုန်းသာ-တောင်မန်း ကျေးရွာချင်းဆက် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ညွှန်ကြားရေးမှူး ဦးသင်းမင်းလတ်က ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ကုန်းသာ-တောင်မန်း ကျေးရွာချင်းဆက်လမ်း အရှည် တစ်မိုင် ၅ ဒသမ ၅ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီး အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၃၉၇ ဒသမ ၅၇၅ သန်းဖြင့် Union-7 ကုမ္ပဏီက ၂၀၂၃ ခုနှစ် ဇူလိုင်လ ဒုတိယပတ်ကစတင်၍ တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ခင်မာ**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၁-၂-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၃၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၇၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၆၂၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၇၃၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၈၅၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာ

**၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ပေးပို့သည့်သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်–**

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူ အပေါင်းတို့ခင်ဗျား–**

ယနေ့ကျရောက်သော (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခါသမယတွင် နိုင်ငံတော်အတွင်း ချစ်ကြည်ရင်းနှီးစွာ အတူတကွနေထိုင်ကြသော ပြည်ထောင်စုဖွား တိုင်းရင်းသားသွေးချင်းညီအစ်ကိုမောင်နှမများအားလုံး ကျန်းမာချမ်းသာပြီး ကောင်းကျိုးမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာတို့သည် ရှေးနှစ်ပေါင်းများစွာကတည်းက ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် ကိုယ့်မင်းကိုယ့်ချင်းနေထိုင်လာခဲ့ကြရာမှ ကုန်းဘောင်ခေတ်ကာလတွင် အင်္ဂလိပ်နယ်ချဲ့တို့က ကျူးကျော်စစ်သုံးကြိမ်ဆင်နွှဲပြီး မြန်မာနိုင်ငံတော်ကိုသိမ်းပိုက်ခဲ့ရာ ထီးကျိုးစည်ပေါက်ထီးနန်းပျောက်ကာ သူ့ကျွန်ဘဝရောက်ခဲ့ရပါသည်။

နယ်ချဲ့အင်္ဂလိပ်တို့၏သွေးခွဲအုပ်ချုပ်ရေးမူအရ လူမျိုးစုများကိုအုပ်ချုပ်ရေးစနစ်အမျိုးမျိုးကျင့်သုံးကာ အခွင့်အရေးမတူညီစေခဲ့ခြင်းကြောင့် လူမျိုးရေးသွေးကွဲခြင်းကိုဖြစ်စေခဲ့ပါသည်။ တိုင်းရင်းသားတို့သည် ခိုင်မာသောပြည်ထောင်စုစိတ်၊ မျိုးချစ်စိတ်ဖြင့် လွတ်လပ်ရေးအတွက်လက်နက်ဆွဲကိုင်မှုအပါအဝင် နည်းမျိုးစုံဖြင့်တိုက်ပွဲဝင်ခဲ့ကြရာ အင်္ဂလိပ်နယ်ချဲ့တို့က လွတ်လပ်ရေးမပေး၍ မရသည့်အခြေအနေတွင် တောင်တန်းနှင့် ပြည်မကိုခွဲခြား၍ လွတ်လပ်ရေးပေးရန်ကြံစည်ခဲ့ကြပါသည်။

တောင်တန်းနှင့် ပြည်မ သာတူညီမျှ တစ်လုံးတစ်စည်းတည်းဖြင့် လွတ်လပ်ရေးကိုအရယူမည်ဟူသော သန္နိဋ္ဌာန်ဖြင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင် ၂၃ ဦးတို့က ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့၌ ရှမ်းပြည်နယ် ပင်လုံမြို့တွင် သမိုင်းဝင်ပင်လုံစာချုပ်ကို အောင်မြင်စွာလက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြပါသည်။ ထိုသို့ ပြည်ထောင်စုစိတ်ဓာတ်ကို သက်သေထူနိုင်ခဲ့သည့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ကို ပြည်ထောင်စုနေ့အဖြစ် သမိုင်းမော်ကွန်းတင်ခဲ့ကြသည်မှာ ယနေ့ဆိုလျှင် ၇၇ နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။

**"စည်းလုံးခြင်းသည်အင်အား၊ ပြည်ထောင်စု၏ စွမ်းပကား"** ဟူသော ဆောင်ပုဒ်နှင့်အညီ တိုင်းရင်းသားအားလုံး၏ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ရယူခဲ့သော လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲစေရန် ပြည်ထောင်စုစိတ်ဓာတ်ဖြင့်သာ ဆက်လက်ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်ပါသည်။ မျက်မှောက်ကာလတွင် အင်အားကြီးနိုင်ငံများက ဖွံ့ဖြိုးဆဲနိုင်ငံငယ်များအပေါ် စစ်ရေးအရလွှမ်းမိုးချုပ်ကိုင်လိုမှု၊ နိုင်ငံရေးအရ မိမိသြဇာခံအဖြစ်ထားရှိလိုမှုများကြောင့် နောက်ကွယ်မှ ဘက်စုံစစ်ပွဲအသွင်ဖော်ဆောင်ကာ လုပ်ဆောင်နေကြသည်ကိုတွေ့မြင်ကြရမည်ဖြစ်ပါသည်။

သို့ဖြစ်၍ ပြည်ထောင်စုကြီးအမွန့်ရှည်ကြာ ထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်အရင်းခံလျက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူ အပေါင်းတို့ခင်ဗျား–**

မြန်မာ့နိုင်ငံရေးအခင်းအကျင်းကို ပြန်လည်လေ့လာကြည့်ပါက မျိုးချစ်စိတ်ကိုအရင်းခံပြီး လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ သန္ဓေတည်ခဲ့သော မြန်မာ့တပ်မတော်သည် ရရှိထားသည့်လွတ်လပ်ရေးကို တည်တံ့ခိုင်မြဲအောင် ကာကွယ်စောင့်ရှောက်လျက်ရှိပါသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီ ပြည်ထောင်စုကြီးကို တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲတည်ဆောက်လျက်ရှိပါသည်။

လွတ်လပ်ရေးရရှိပြီး များမကြာမီတွင် ပြည်တွင်းရောင်စုံသူပုန်သောင်းကျန်းမှု အရှိန်အဟုန်မြင့်တက်ခဲ့သည့်အတွက် ရန်ကုန်အစိုးရဟု ပင်ခေါ်ဆိုခြင်းခံခဲ့ရသည့်အချိန်တွင် အင်အားနှစ်သောင်းခန့်သာရှိခဲ့သော တပ်မတော်သည် ပြည်သူလူထု၏အားပေးမှု၊ ပူးပေါင်းပါဝင်မှုတို့ကြောင့် ရက်ပေါင်း ၁၂၂ ရက်ကြာ အင်းစိန်တိုက်ပွဲကို အောင်မြင်စွာဆင်နွှဲခဲ့ပြီး ရောင်စုံသောင်းကျန်းမှုများကို အဆင့်ဆင့်နှိမ်နင်းချေမှုန်းကာ ပြည်ထောင်စုကြီး မပြိုကွဲရေးကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ရပါသည်။

လက်ရှိကာလတွင် ပြည်တွင်းတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နှင့် ပြည်တွင်းပြည်ပမှ အဖျက်သမားများသည် မိမိတို့နိုင်ငံအကျိုးကို မလိုလားသော ပြည်ပအင်အားကြီးနိုင်ငံအချို့၏ သွေးထိုးမြှောက်ပင့်အားပေးမှုတို့ဖြင့် ဆူပူအကြမ်းဖက်မှုမျိုးစုံနှင့် တိုက်ပွဲများဖော်ဆောင်လျက်ရှိနေကြပါသည်။ ထိုကဲ့သို့ မတည်ငြိမ်မှုများကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံးဒဏ်ရာရကြခြင်းအပြင် နိုင်ငံ့အရင်းအမြစ်များ များစွာဆုံးရှုံးနစ်နာပြီး ဒေသခံတိုင်းရင်းသားပြည်သူများမှာ ဆင်းရဲဒုက္ခများစွာ ခံစားနေကြရပါသည်။ ရေရှည်တွင် နိုင်ငံတော်အတွက် အဘက်ဘက်မှ အန္တရာယ်ကြီးမားလှသည်ကို အားလုံးက သတိတရားဖြင့် ထိန်းသိမ်းကာကွယ်ကြရန် အလွန်အရေးကြီးနေပြီဖြစ်ကြောင်း အသိပေးမှာကြားလိုပါသည်။

ပြည်ထောင်စုအကျိုးအမြဲရှေးရှုသော တပ်မတော်သည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ထားကာ ပြည်ထောင်စုကြီးကို ကာကွယ်စောင့်ရှောက်လျက်ရှိပါသည်။ **"ပြည်သူ့အင်အားသည် ပြည်တွင်းမှာသာရှိသည်"** ဆိုသည့်အတိုင်း ပြည်ထောင်စုတစ်ဝန်းလုံးရှိ တိုင်းရင်းသားအားလုံး၏ အားပေးထောက်ခံမှုနှင့် တပ်မတော်နှင့် ပြည်သူ တစ်သားတည်းရပ်တည်မှုတို့သည် နိုင်ငံတော်ကာကွယ်ရေးအတွက် အခြေခံပံ့ပိုးမှုတစ်ရပ်ပင်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူ ကြည်ဖြူစွာ လက်တွဲကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူ အပေါင်းတို့ခင်ဗျား–**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံ့စီးပွားရေးစွမ်းပကားမြင့်မားရေးကို ဦးတည်ကြိုးပမ်းလျက်ရှိပါသည်။ ပြည်သူလူထုတစ်ရပ်လုံးကို အချိန်တိုအတွင်း ထိထိရောက်ရောက် အကျိုးဖြစ်ထွန်းစေနိုင်သည့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသော၊ သဘာဝထွက်ကုန်များဖြစ်သည့် သစ်၊ ဝါး၊ ကြိမ်နှင့် အခြားပစ္စည်းများကိုအခြေခံသော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME) များကို အားပေးမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံတော်အနေဖြင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စီးပွားရေးဝန်းကျင်ကောင်းများ ဖန်တီးပေးခြင်း၊ လုပ်ငန်းသစ်များအစပျိုးရာတွင် တွေ့ကြုံရမည့်အခက်အခဲများ လျှော့ချပေးခြင်း၊ ရင်းနှီးမတည်ငွေစီးဆင်းမှု လွယ်ကူချောမွေ့စေခြင်း၊ အသိပညာပေးခြင်း၊ အကြံဉာဏ်ပေးခြင်း၊ နည်းပညာမျှဝေခြင်း၊ စွန့်ဦးတီထွင်မှုလုပ်ငန်းများ အားကောင်းစေခြင်း၊ သတင်းကွန်ရက်ချိတ်ဆက်ခြင်းနှင့် သတင်းအချက်အလက်များ ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဝေခြင်း အစရှိသည်တို့ကို ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါသည်။

တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် ပြည်ထောင်စုတစ်ဝန်းလုံး နေရာလပ်မကျန် ဖွံ့ဖြိုးတိုးတက်စေရေးကို ဦးတည်ကြိုးပမ်းသွားမည်ဖြစ်ပါသည်။

လူသားတိုင်း အသက်ရှင်ရပ်တည်နိုင်ရေးအတွက် စား၊ ဝတ်၊ နေရေးသည် အခြေခံလိုအပ်ချက်ဖြစ်သဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးရည်မှန်းချက် နှစ်ရပ်အဖြစ် ချမှတ်ထားပါသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးမြေဧရိယာကျယ်ပြန့်ခြင်း၊ လူဦးရေသင့်တင့်မျှတခြင်း၊ ရာသီဥတုသမမျှတခြင်းတို့ ပြည့်စုံသည့်အတွက် အခြေခံအားဖြင့် စားရေရိက္ခာဖူလုံသည်ဟု ဆိုနိုင်သည်ဖြစ်၍ အာဟာရပြည့်ဝသည့် အမည်စုံလင်သော စားနပ်ရိက္ခာနှင့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်ပစ္စည်းများကို ပိုမိုထုတ်လုပ်သွားခြင်းအားဖြင့် တိုင်းပြည်သာယာဝပြောတိုးတက်လာစေမည်ဖြစ်ပါသည်။

နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်များ အောင်မြင်စေရေးအတွက် နိုင်ငံသားတိုင်း ပညာတတ်မြောက်ပြီး နိုင်ငံတော်၏နယ်ပယ်အသီးသီးတွင် ကျရာကဏ္ဍမှ တာဝန်ထမ်းဆောင်နိုင်ကြရမည်ဖြစ်ပါသည်။ ထို့ကြောင့်လည်း ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရေးနှင့် အနည်းဆုံး KG + 9 အလယ်တန်းအဆင့် ပြီးမြောက်ရေးကို မူဝါဒချမှတ်အကောင်အထည်ဖော်လျက် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်းများ ဖွင့်လှစ်၍ နိုင်ငံတော်၏စိုက်ပျိုးမွေးမြူရေးကို အခြေခံသော ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင်မြင်ရေးအတွက် အထောက်အပံ့ကောင်းများကို ဖန်တီးပေးလျက်ရှိပါသည်။ စိုက်ပျိုးရေးတွင် ကာလ၊ ဒေသနှင့်ကိုက်ညီသော သီးထပ်၊ သီးညှပ်များကို စိုက်ပျိုးထုတ်လုပ်ကြသကဲ့သို့ နိုင်ငံသားတိုင်း အကျိုးရှိစေမည့် မွေးမြူရေးလုပ်ငန်းများကိုလည်း အရှိန်တိုးမြှင့်ဆောင်ရွက်ကြခြင်းဖြင့် နိုင်ငံတော်၏အမျိုးသားရေးရည်မှန်းချက် နှစ်ရပ် အောင်မြင်ဖြစ်ထွန်းလာစေရန် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုပါသည်။

ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံမှ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုဖွားတိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု၊ နားလည်မှု၊ ယုံကြည်မှုများဖြင့် ရေရှည်တည်တံ့ခိုင်မြဲသောငြိမ်းချမ်းရေးကို နိုင်ငံရေးနည်းလမ်းဖြင့် ဆွေးနွေးညှိနှိုင်းတည်ဆောက်ကာ ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

နိုင်ငံတော်က ဦးတည်ဆောင်ရွက်လျက်ရှိသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်တွင် တိုင်းရင်းသားအဖွဲ့အချို့က တောင်းဆိုနေသော အချက်များအားလုံးပါဝင်ပြီးဖြစ်ပါသည်။ ဒို့တာဝန်အရေး(၃)ပါးကို အမျိုးသားရေးလုပ်ငန်းစဉ်သုံးရပ်အဖြစ်အခြေခံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် နိုင်ငံတော်ကို ခိုင်ခိုင်မာမာတည်ဆောက်ထားခြင်းဖြစ်သဖြင့် အထိခိုက်ခံမည်မဟုတ်ကြောင်း ဖော်ပြလိုပါသည်။ နိုင်ငံတော်အတွင်းဖြစ်ပေါ်လာသည့်အကျိုးဆက်များကို သက်ဆိုင်ရာဒေသနှင့် ဒေသခံများကသာ ခံစားရမည်ဖြစ်သောကြောင့် မိမိတို့ဒေသအကျိုး၊ တိုင်းပြည်အကျိုးကိုကြည့်၍ နိုင်ငံရေးနည်းလမ်းအရ ဖြေရှင်းကြကာ မိမိတို့မျှော်မှန်းထားသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူ အပေါင်းတို့ခင်ဗျား–**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ တင့်တင့်တယ်တယ် ဝင့်ဝင့်ထည်ထည်တည်တံ့နေစေရေးအတွက် တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွား ပြည်ထောင်စုဖွား သွေးချင်းများအားလုံး ဥမကွဲသိုက်မပျက် ခိုင်မြဲစွာလက်တွဲလျက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါရန် လေးလေးနက်နက်တိုက်တွန်းနှိုးဆော်လျက် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို ပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မမင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

|၇| ကျောဖုံးမှအဆက်

(က) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပြည်ထဲရေးဝန်ကြီးဌာနကိုဆိုသည်။
(ခ) **ဝန်ကြီး**ဆိုသည်မှာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုဆိုသည်။
(ဂ) **ရဲချုပ်**ဆိုသည်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကိုဆိုသည်။
(ဃ) **ရဲတပ်ဖွဲ့**ဆိုသည်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုဆိုသည်။ ယင်းစကားရပ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖွဲ့စည်းပုံအရ ဖွဲ့စည်းထားသည့် ရဲတပ်ဖွဲ့ဌာနချုပ်၊ တပ်ဖွဲ့နှင့် ရဲလေ့ကျင့်ရေးကျောင်းများလည်းပါဝင်သည်။
(င) **ရဲတပ်ဖွဲ့ ဖွဲ့စည်းပုံ**ဆိုသည်မှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ညှိနှိုင်းပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုသော မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖွဲ့စည်းပုံကိုဆိုသည်။
(စ) **တပ်ဖွဲ့**ဆိုသည်မှာ ရဲတပ်ဖွဲ့ ဖွဲ့စည်းပုံအရ ဖွဲ့စည်းထားသည့် နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့၊ လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့၊ နေပြည်တော်ရဲတပ်ဖွဲ့၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့ သို့မဟုတ် ပြည်နယ် ရဲတပ်ဖွဲ့နှင့် သီးခြားလုပ်ငန်းတာဝန်ဆောင်ရွက်ရန် ဖွဲ့စည်းထားသည့် တပ်ဖွဲ့များကိုဆိုသည်။ ယင်းစကားရပ်တွင် အဆိုပါတပ်ဖွဲ့များ၏ ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့ခွဲများ၊ ခရိုင်နှင့် မြို့နယ် ရဲတပ်ဖွဲ့များလည်းပါဝင်သည်။
(ဆ) **ပြန်တမ်းဝင်ရဲအရာရှိ**ဆိုသည်မှာ ဒုတိယရဲမှူးနှင့် ယင်းအထက်အဆင့်ရှိ ရဲအရာရှိကိုဆိုသည်။
(ဇ) **ရဲအရာရှိ**ဆိုသည်မှာ ဒုတိယရဲအုပ်နှင့် ယင်းအထက်အဆင့်ရှိ ရဲတပ်ဖွဲ့ဝင်ကိုဆိုသည်။
(ဈ) **အထက်အရာရှိ**ဆိုရာတွင် ဤဥပဒေကို လိုက်နာရသူတစ်ဦးနှင့်ပတ်သက်၍ ရာထူးအဆင့်အလိုက် သုံးနှုန်းထားသည့်အခါ ရဲအရာရှိများအပြင် ရဲအရာခံနှင့် အကြပ်တို့လည်း ပါဝင်သည်။
(ည) **အကြပ်**ဆိုသည်မှာ ရဲတပ်ဖွဲ့တွင် အကြပ်အဆင့် လက်ရှိဖြစ်သောသူကိုဆိုသည်။
(ဋ) **ရဲတပ်ဖွဲ့ဝင်**ဆိုသည်မှာ ရဲတပ်ဖွဲ့ ဖွဲ့စည်းပုံပါ ရာထူးတစ်ခုခုတွင် ခန့်ထားခြင်းခံရသူကိုဆိုသည်။
(ဌ) **ရဲပြေး**ဆိုသည်မှာ ရဲတပ်ဖွဲ့မှ ထာဝရကျောခိုင်းလိုသောရည်ရွယ်ချက်ဖြင့် ခွင့်မဲ့ထွက်ခွာသွားသော သို့မဟုတ် ၂၁ ရက်နှင့် ၎င်းကာလထက်ကြာပြီး ခွင့်မဲ့ထွက်ခွာသွားသော ရဲတပ်ဖွဲ့ဝင်ကိုဆိုသည်။"

၃။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ(က)၊ (ခ)၊ (ဂ)၊ ပုဒ်မ ၅၊ ပုဒ်မခွဲ(က)၊ (ခ)၊ ပုဒ်မ ၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၁၄၊ ပုဒ်မခွဲ(ည)၊ ပုဒ်မ ၂၉၊ ပုဒ်မခွဲ(က)၊ ပုဒ်မ ၃၁၊ ပုဒ်မ ၄၀ နှင့် ပုဒ်မ ၅၄၊ ပုဒ်မခွဲ(ခ)တို့တွင်ပါရှိသော "အရာရှိ"ဆိုသည့်စကားရပ်ကို "ရဲအရာရှိ" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၄။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ(က)၊ ပုဒ်မ ၉ ခြေဆင်း၊ ပုဒ်မ ၃၆ နှင့် ပုဒ်မ ၄၅၊ ပုဒ်မခွဲ(က)၊ (ခ)တို့တွင်ပါရှိသော "ရဲတပ်ရင်းမှူး" ဆိုသည့်စကားရပ်ကို "ရဲတပ်ဖွဲ့ခွဲမှူး" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၅။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေပုဒ်မ ၇ ခြေဆင်း၊ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဂ)နှင့် ပုဒ်မ ၂၉၊ ပုဒ်မခွဲ(က)တို့တွင်ပါရှိသော "တိုင်း သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူး"ဆိုသည့်စကားရပ်ကို "တပ်ဖွဲ့ သို့မဟုတ် ရဲလေ့ကျင့်ရေးကျောင်းများမှ ရဲမှူးကြီးအဆင့်နှင့် အထက်အဆင့်ရှိ ကွပ်ကဲရေးမှူး သို့မဟုတ် တပ်ဖွဲ့မှူး သို့မဟုတ် ကျောင်းအုပ်ကြီးများ" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၆။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) ရဲအရာရှိနှင့်ရဲအရာခံမှတစ်ပါး ဤဥပဒေကိုလိုက်နာရသည့် မိမိကွပ်ကဲရသူတစ်ဦးအား ပို၍နိမ့်သောရာထူးအဆင့်သို့ဖြစ်စေ၊ ရဲတပ်သားအဆင့်ထိသို့ဖြစ်စေ လျှော့ချနိုင်သည်။"

၇။ မြန်မာနိုင်ငံရဲတပ်ဖွဲ့စည်းကမ်းထိန်းသိမ်းရေး ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (ခ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) ဖမ်းဆီးထားသည့် ရဲတပ်ဖွဲ့ဝင်တစ်ဦးကို ၂၄ နာရီထက်ကျော်လွန်ပြီး ၇ ရက်အထိ အကျယ်ချုပ် သို့မဟုတ် အကျဉ်းချုပ်နှင့်ထားနိုင်ခွင့်ကို ရဲတပ်ဖွဲ့ခွဲမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရဲကွပ်ကဲမှုအဖွဲ့မှူး၊ ဒုတိယကျောင်းအုပ်ကြီး၊ ဌာနခွဲမှူး သို့မဟုတ် ယင်းတာဝန်ထမ်းဆောင်နေသည့် ရဲမှူးအဆင့်ထက်မနိမ့်သော ရဲအရာရှိတို့က အမိန့်ပေးနိုင်သည်။"

၈။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ(စ)၊ ပုဒ်မ ၂၀၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၂၆၊ ပုဒ်မ ၃၈ နှင့် ပုဒ်မ ၄၇ တို့တွင်ပါရှိသော "ပြစ်မှုဆိုင်ရာတရားရုံး" ဆိုသည့်စကားရပ်ကို "တရားရုံး" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၄၅၊ ပုဒ်မခွဲ(ဂ)နှင့် ပုဒ်မ ၄၉၊ ပုဒ်မခွဲ(ခ)တို့တွင်ပါရှိသော "ပြစ်မှုဆိုင်ရာတရားသူကြီး"ဆိုသည့်စကားရပ်ကို "ရာဇဝတ်တရားသူကြီး" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၄၉၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ ၅၀ တို့တွင်ပါရှိသော "ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ"ဆိုသည့်စကားရပ်ကို "ရာဇဝတ်ကျင့်ထုံးဥပဒေ" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၅၀ တွင်ပါရှိသော "ပြစ်မှုဆိုင်ရာဥပဒေ"ဆိုသည့်စကားရပ်ကို "ရာဇသတ်ကြီး"ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၉။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ(က)တွင်ပါရှိသော "ပြစ်မှုမကင်းသော အနိုင်ထက်ပြုမှု" ဆိုသည့်စကားရပ်ကို "ရာဇဝတ်မကင်းသော အနိုင်အထက်ပြုမှု" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၁၈၊ ပုဒ်မခွဲ(ဂ)တွင်ပါရှိသော "ပြစ်မှုမကင်းသော ယုံကြည်အပ်နှံရေးဖောက်ဖျက်မှု" ဆိုသည့်စကားရပ်ကို "ရာဇဝတ်မကင်းသော ယုံကြည်အပ်နှံရေးဖောက်ဖျက်မှု" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၁၀။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေပုဒ်မ ၂၁ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၂၁။ ဤဥပဒေကို လိုက်နာရသူတစ်ဦးသည်-

(က) သေရည်သေရက်ကိုသောက်စားခြင်းကြောင့် မိမိထမ်းဆောင်လျက်ရှိသည့် တာဝန်ကို မထမ်းဆောင်နိုင်လောက်အောင် မူးယစ်နေလျှင် ရဲအရာရှိဖြစ်ပါက ရဲတပ်ဖွဲ့ဝင်အဖြစ်မှထုတ်ပစ်ခြင်းပြစ်ဒဏ်ဖြစ်စေ၊ ဤဥပဒေတွင်ဖော်ပြထားသည့် လျှော့သောပြစ်ဒဏ်ဖြစ်စေ၊ ရဲအရာခံ၊ အကြပ်နှင့် ရဲတပ်သားဖြစ်ပါက ၆ လအထိ ထောင်ဒဏ်ဖြစ်စေ၊ ဤဥပဒေတွင် ဖော်ပြထားသည့် လျှော့သောပြစ်ဒဏ်ဖြစ်စေ ထိုက်သင့်စေရမည်။
(ခ) မည်သည့်အချိန်တွင်မဆို သေရည်သေရက်ကို သောက်စားခြင်းကြောင့် ရဲတပ်ဖွဲ့၏ ဂုဏ်သိက္ခာကိုထိခိုက်လောက်အောင်ပြုမူသည်အထိ မူးယစ်နေလျှင် ရဲတပ်ဖွဲ့ဝင်အဖြစ်မှ ထုတ်ပစ်ခြင်းပြစ်ဒဏ်ဖြစ်စေ၊ ဤဥပဒေတွင် ဖော်ပြထားသည့် လျှော့သောပြစ်ဒဏ်ဖြစ်စေ ထိုက်သင့်စေရမည်။

**ရှင်းလင်းချက်**။ သေရည်သေရက်ဆိုသည်မှာ အရက်၊ ဗျစ်ရည်၊ ကဇော်ရည်၊ ထန်းရည်၊ ခနိရည်၊ ခေါင်ရည် စသည့် မူးယစ်စေနိုင်သောအရည်များကိုဆိုသည်။"

၁၁။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေပုဒ်မ ၂၈ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၂၈။ (က) ရဲချုပ်သည် ဤဥပဒေပါပြစ်မှုတစ်ခုခုကိုကျူးလွန်သည်ဟု စွပ်စွဲခံရသည့် ဒုတိယရဲမှူးကြီးအဆင့်အောက်နိမ့်သော ရဲအရာရှိတစ်ဦးအား သတ်မှတ်ထားသော နည်းလမ်းအတိုင်း အကျဉ်းနည်းဖြင့်စစ်ဆေးပြီး အောက်ပါပြစ်ဒဏ်တစ်ခုခုကို ချမှတ်နိုင်သည်-
(၁) ချိန်နှုန်းလစာတစ်ခုအတွင်း လစာအဆင့်လျှော့ချခြင်း၊
(၂) ရာထူးတိုးမြှင့်ခြင်းကို ရပ်ဆိုင်းခြင်း၊
(၃) နှစ်တိုးလစာ ရပ်ဆိုင်းခြင်း၊
(၄) ပြင်းထန်စွာပြစ်တင်ရှုတ်ချခြင်း၊
(၅) လစာမှ ပေးလျော်စေခြင်း။

(ခ) တပ်ဖွဲ့ သို့မဟုတ် ရဲလေ့ကျင့်ရေးကျောင်းများမှ ရဲမှူးကြီးအဆင့်နှင့်အထက်အဆင့်ရှိ ကွပ်ကဲရေးမှူး သို့မဟုတ် တပ်ဖွဲ့မှူး သို့မဟုတ် ကျောင်းအုပ်ကြီးများသည် ဤဥပဒေပါပြစ်မှုတစ်ခုခုကျူးလွန်သည်ဟု စွပ်စွဲခြင်းခံရသည့် ရဲအုပ် သို့မဟုတ် ဒုတိယရဲအုပ်တစ်ဦးအား သတ်မှတ်ထားသောနည်းလမ်းအတိုင်း အကျဉ်းနည်းဖြင့်စစ်ဆေးပြီး အောက်ပါပြစ်ဒဏ်တစ်ခုခုကို ချမှတ်နိုင်သည်-
(၁) ချိန်နှုန်းလစာတစ်ခုအတွင်း လစာအဆင့်လျှော့ချခြင်း၊
(၂) ရာထူးတိုးမြှင့်ခြင်းကို ရပ်ဆိုင်းခြင်း၊
(၃) နှစ်တိုးလစာ ရပ်ဆိုင်းခြင်း၊
(၄) ပြင်းထန်စွာပြစ်တင်ရှုတ်ချခြင်း၊
(၅) လစာမှ ပေးလျော်စေခြင်း။

(ဂ) တပ်ဖွဲ့ သို့မဟုတ် ရဲလေ့ကျင့်ရေးကျောင်းများမှ ရဲမှူးကြီးအဆင့်နှင့်အထက်အဆင့်ရှိ ကွပ်ကဲရေးမှူး သို့မဟုတ် တပ်ဖွဲ့မှူး သို့မဟုတ် ကျောင်းအုပ်ကြီးများသည် ဤဥပဒေပါပြစ်မှုတစ်ခုခုကျူးလွန်သည်ဟု စွပ်စွဲခြင်းခံရသည့် ရဲအရာခံ၊ အကြပ်၊ ရဲတပ်သားတစ်ဦးအား သတ်မှတ်ထားသောနည်းလမ်းအတိုင်း အကျဉ်းနည်းဖြင့် စစ်ဆေးပြီး အောက်ပါပြစ်ဒဏ်တစ်ခုခုကို ချမှတ်နိုင်သည်-
(၁) ရဲအချုပ်တွင် သုံးလထိထောင်ဒဏ်၊
(၂) ရဲတပ်ဖွဲ့ဝင်အဖြစ်မှ ထုတ်ပစ်ခြင်း၊
(၃) ရာထူးမှ ရပ်စဲခြင်း၊
(၄) ရဲအရာခံနှင့် အကြပ်များအတွက်ဖြစ်ပါက ရာထူးအဆင့်လျှော့ချခြင်း၊
(၅) ချိန်နှုန်းလစာတစ်ခုအတွင်း လစာအဆင့်လျှော့ချခြင်း၊
(၆) ရာထူးတိုးမြှင့်ခြင်းကို ရပ်ဆိုင်းခြင်း၊
(၇) နှစ်တိုးလစာ ရပ်ဆိုင်းခြင်း၊
(၈) ရဲအရာခံနှင့် အကြပ်ဖြစ်ပါက ပြင်းထန်စွာပြစ်တင်ရှုတ်ချခြင်း၊
(၉) လစာမှ ပေးလျော်စေခြင်း။"

၁၂။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေပုဒ်မ ၂၈ ၏နောက်တွင် ပုဒ်မ ၂၈-က ကို အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"၂၈-က။ ရဲချုပ် သို့မဟုတ် ရဲချုပ်က တာဝန်ပေးအပ်သည့် ရဲမှူးချုပ်အဆင့်ထက်မနိမ့်သော ရဲအရာရှိသည် တပ်ဖွဲ့ သို့မဟုတ် ရဲလေ့ကျင့်ရေးကျောင်းများမှ ရဲမှူးကြီးအဆင့်နှင့်အထက်အဆင့်ရှိ ကွပ်ကဲရေးမှူး သို့မဟုတ် တပ်ဖွဲ့မှူး သို့မဟုတ် ကျောင်းအုပ်ကြီးများ၏ အခွင့်အာဏာများကို ကျင့်သုံးနိုင်သည်။"

၁၃။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေပုဒ်မ ၃၃ ကို အောက်ပါအတိုင်းအစားထိုး ရမည်-

"၃၃။ ရဲတရားရုံးသည် ဤဥပဒေအရ ပြစ်ဒဏ်ချမှတ်ထိုက်သည့် ပြစ်မှုတစ်ခုခုအတွက် ဤဥပဒေကို လိုက်နာရသူတစ်ဦးအား စစ်ဆေးစီရင်ရန်နှင့် ပုဒ်မ ၃၄ ပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ အောက်ပါပြစ်ဒဏ်တစ်ခုခုကိုသော်လည်းကောင်း၊ တစ်ခုထက်ပို၍သော်လည်းကောင်း ချမှတ်ရန် အာဏာရှိရမည်-
(က) ဤဥပဒေအရ ချမှတ်နိုင်သည့် ထောင်ဒဏ်၊
(ခ) ရဲတပ်ဖွဲ့ဝင်အဖြစ်မှ ထုတ်ပစ်ခြင်း၊
(ဂ) ရာထူးမှရပ်စဲခြင်း၊
(ဃ) ရာထူးအဆင့်လျှော့ချခြင်း၊
(င) ရာထူးတိုးမြှင့်ခြင်းကို ရပ်ဆိုင်းခြင်း၊
(စ) အငြိမ်းစားလစာအတွက် ရဲမှုထမ်းသက်လျှော့ချခြင်း၊
(ဆ) ငွေဒဏ်။"

၁၄။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေပုဒ်မ ၃၄ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၃၄။ ရဲတရားရုံးသည်-
(က) ပုဒ်မ ၃၃ ပုဒ်မခွဲ(က)တွင် ဖော်ပြထားသော ပြစ်ဒဏ်ချမှတ်ပါက ပုဒ်မခွဲ(ခ)ပါ ပြစ်ဒဏ်ကိုလည်းချမှတ်ရမည်။
(ခ) ပုဒ်မ ၃၃ ပုဒ်မခွဲ(က)နှင့် (ခ)တွင် ဖော်ပြထားသော ပြစ်ဒဏ်တစ်ခုခုချမှတ်ပါက ပုဒ်မခွဲ (ဂ)၊ (ဃ)၊ (င)နှင့် (စ) ပါပြစ်ဒဏ်တစ်ခုခုနှင့် ပူးတွဲမချမှတ်ရ။
(ဂ) ပုဒ်မ ၃၃၊ ပုဒ်မခွဲ(ဂ)တွင် ဖော်ပြထားသော ပြစ်ဒဏ်ကို ပုဒ်မခွဲ(ဃ)၊ (င)နှင့် (စ)ပါ ပြစ်ဒဏ်တစ်ခုခုနှင့် ပူးတွဲမချမှတ်ရ။
(ဃ) ရဲတပ်သားအဆင့်ရှိသူအား ပုဒ်မ ၃၃၊ ပုဒ်မခွဲ (ဃ)ပါ ပြစ်ဒဏ်မချမှတ်ရ။"

၁၅။ မြန်မာနိုင်ငံရဲတပ်ဖွဲ့စည်းကမ်းထိန်းသိမ်းရေးဥပဒေပုဒ်မ ၅၇ ကို အောက်ပါအတိုင်း အစားထိုး ရမည်-

"၅၇။ ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-
(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။
(ခ) ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)
**မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဘားအံမြို့နယ်နှင့် လှိုင်းဘွဲ့မြို့နယ်တို့မှ အငြိမ်းစားဝန်ထမ်းဟောင်းများ ဖူးမြော်ကြည်ညို



**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ကရင်ပြည်နယ် ဘားအံမြို့နယ်နှင့် လှိုင်းဘွဲ့မြို့နယ်တို့မှ အငြိမ်းစားဝန်ထမ်းဟောင်းများနှင့် ကြီးကြပ်သူများ စုစုပေါင်း ၉၉ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏာသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီးတည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ရုပ်ပွားတော်မြတ်ကြီးအားလုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများအသုံးပြု၍ ကျောက်စာရုံစေတီများ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာအခမ်းအနားကြီးများစည်ကားသိုက်မြိုက်စွာကျင်းပနိုင်ခဲ့မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကိုပြသသည်။

ထို့နောက် အငြိမ်းစားဝန်ထမ်းဟောင်းများနှင့် ကြီးကြပ်သူများသည် ယခုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီးအား အဆင်ပြေချောမွေ့စွာ လာရောက်ဖူးမြော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှုများနှင့် ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခဲ့မှုလုပ်ငန်းစဉ်ဆင့်ဆင့်ကို အသေးစိတ်ရှင်းလင်းပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားများပြောကြားကြပြီး ရုပ်ပွားတော်မြတ်ကြီးအောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှုအခြေအနေနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ်ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဘုရားဖူးအငြိမ်းစားဝန်ထမ်းဟောင်းများနှင့် ကြီးကြပ်သူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိ၊ မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော် ပုံစံငယ်ပြသထားမှု၊ မှတ်တမ်းဓာတ်ပုံများ၊ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီများနှင့် အခြားသာသနိကအဆောက်အအုံများကို ဖူးမြော်လေ့လာကြည်ညိုခဲ့ကြပြီး အလှူငွေများပေးအပ်လှူဒါန်းကြသည်။

ထို့အတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှရဟန်းရှင်လူဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိသည်။

ယနေ့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ခဲ့ကြသည့် အငြိမ်းစားဝန်ထမ်းဟောင်းများနှင့်ကြီးကြပ်သူများ၏ ရင်တွင်းစကားသံများကို ယခုလိုကြားသိခဲ့ရပါတယ်-

"အခုလို လာရောက်ဖူးမြော်ခွင့်ရတဲ့အတွက် ရင်ထဲမှာပြောမပြတတ်အောင်ပီတိဖြစ်မိပါတယ်။ ဒီဘုရားကြီးကို စပြီးတည်ထားပြီဆိုတဲ့သတင်းကို တီဗီမှာစပြီးမြင်တဲ့နေ့ကတည်းက လာရောက်ဖူးမြော်ခွင့်ရဖို့ နေ့တိုင်းစိတ်ကူးတွေယဉ်ခဲ့တယ်။ ပြီးတော့ ဘုရားကြီးကိုဖူးမြော်လိုက်ရတိုင်းကြက်သီးတွေထမိပါတယ်။ အခုလည်းဘုရား




ရင်ပြင်ပေါ်ရောက်တာနဲ့ တစ်ပြိုင်တည်းအရမ်းပျော်လွန်းလို့ ဝမ်းသာပြီးကြက်သီးတွေဖြန်းလာတယ်။ ကိုယ့်လိုနိုင်ငံ့ဝန်ထမ်းအငြိမ်းစားတွေကျန်ပါသေးတယ်။ သူတို့ကိုလည်း နောက်တစ်ခါကျရင်ပို့ပေးမယ်လို့ပြောတဲ့အတွက် ကိုယ့်လိုဘဲသူတို့ကိုလည်းပျော်စေချင်ပါတယ်။ ဝမ်းသာပီတိဖြစ်စေချင်တဲ့ဆန္ဒလေးတွေရှိပါတယ်။ ဒီဘုရားကြီးကိုဖူးမြော်ရတဲ့အချိန် ရင်ထဲမှာ နိုင်ငံကိုအေးချမ်းစေချင်တာပေါ့လေ။ အေးအေးချမ်းချမ်းကြီး မြင်လိုက်ရတဲ့အတိုင်းပါဘဲ။ ဘုရားရင်ပြင်ပေါ်ကို ရောက်တဲ့အချိန်မှာ ရင်ပြင်တော်ကြီးတစ်ခုလုံးကို နေပူခံကျောက်ပြားတွေ ခင်းထားတဲ့အတွက် ဘုရားဖူးပြည်သူတွေအေးအေးချမ်းချမ်းနဲ့ နေရသလို နိုင်ငံတော်ကြီးလည်း အေးချမ်းတော့မယ်ဆိုတဲ့ ပီတိတွေရင်ထဲမှာဖြစ်ပေါ်လာပါတယ်။ဒီဘုရားကြီးကိုတည်ထားပူဇော်နိုင်ဖို့ကြိုးစားလုပ်ဆောင်ပေးတဲ့ ဦးဆောင်







ဘုရားဒါယကာကြီး ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နဲ့တကွ နိုင်ငံတော်အကြီးအကဲတွေ အားလုံးကို တကယ်ရင်ထဲကနေလှိုက်လှိုက်လှဲလှဲနဲ့ ကျေးဇူးတင်ပါတယ်။"

"မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို အခုမှ ပထမဆုံးလာရောက်ဖူးမြော်တာပါ။ ဒါပေမယ့် တော်တော်လေးဝမ်းသာပီတိဖြစ်မိပါတယ်။ရှင်းလင်းဆောင်မှာ ကျွန်မတို့ကို ရှင်းပြတယ်။ ဒီဘုရားနဲ့ပတ်သက်ပြီး လုပ်ဆောင်ရတဲ့အပိုင်းတွေမှာတော်တော်ကို ခက်ခက်ခဲခဲနဲ့ လုပ်ဆောင်ခဲ့ရပြီး ခေတ်မီအဆင့်မြင့်နည်းပညာတွေကို အသုံးပြုပြီး ကြံ့ကြံ့ခံနိုင်အောင်၊ ကြာရှည်တည်တံ့အောင် လုပ်ဆောင်ထားတဲ့အတွက် အခုလိုအားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြတဲ့ပုဂ္ဂိုလ်အားလုံးကိုကျေးဇူးအရမ်းတင်ပါတယ်။ သူတို့တွေအဲဒီလိုလုပ်ဆောင်ခဲ့ကြတဲ့အတွက် ကျွန်မတို့အခုလိုအေးအေးချမ်းချမ်း ဖူးမြော်ကြည်ညိုခွင့်ရတာဖြစ်ပါတယ်။ အခု




လိုကြည်ညိုသပ္ပာယ်တဲ့ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကိုတည်ထားပူဇော်နိုင်ဖို့ စီစဉ်ဆောင်ရွက်ခဲ့တဲ့ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ရင်ပြင်တော်ကနေဆင်းလာပြီး ကျောက်စာရုံစေတီတွေကိုလေ့လာတဲ့အခါမှာလည်း အင်မတန်ဝမ်းသာကြည်နူးရပါတယ်။ ကျောက်စာရုံစေတီတွေကိုအနိမ့်အမြင့် ညီညီညာညာနဲ့ စနစ်တကျသေသေသပ်သပ် တည်ဆောက်ထားတဲ့အတွက် တည်ဆောက်ခဲ့ကြတဲ့ပညာရှင်တွေကိုချီးကျူးမိပါတယ်။ ကျွန်မတို့ရဲ့ မြန်မာနိုင်ငံမှာ အကြီးဆုံးထိုင်တော်မူဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဖြစ်တဲ့အပြင် ကမ္ဘာပေါ်မှာလည်း အကြီးဆုံးထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဖြစ်တဲ့အတွက် မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ ဝမ်းသာဂုဏ်ယူမဆုံးဖြစ်မိပါတယ်။ ဒါကြောင့် ဒီဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ထားပူဇော်နိုင်ဖို့ စီစဉ်ဆောင်ရွက်ပေးကြတဲ့ တာဝန်ရှိပုဂ္ဂိုလ်အားလုံးကို အထူးကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်။"


"ဘုရားကြီးတည်ထားပြီးပြီလို့ သတင်းကြားကတည်းက အရမ်းကိုလာရောက်ဖူးမြော်ချင်နေတာပါ။ဒါပေမယ့် အကြောင်းအမျိုးမျိုးကြောင့် မလာဖြစ်ခဲ့ပါဘူး။အခုကျမှ အကြောင်းဖန်လာတဲ့အတွက် ရောက်လာခဲ့တာပါ။ အခုလိုလာရောက်ဖူးမြော်ခွင့်ရတဲ့အတွက် အင်မတန်ဝမ်းသာပီတိဖြစ်မိပါတယ်။ စီစဉ်ပေးတဲ့ ကရင်ပြည်နယ်အစိုးရအဖွဲ့ကတာဝန်ရှိသူတွေကိုလည်းအများကြီးကျေးဇူးတင်ပါတယ်။ ဒီလိုကြီးကျယ်ခမ်းနားသပ္ပာယ်တဲ့ ဘုရားကြီးကိုဖူးမြော်ခွင့်ရတာ နည်းတဲ့ကုသိုလ်တော့မဟုတ်ပါဘူး။ ဘုရားကြီးတည်ထားပြီးကတည်းကလာချင်ခဲ့တာပါ။ ရောက်ရောက်ချင်းမှာဘုရားကြီးကိုအရင်ဆုံးသွားရောက်ဖူးမြော်ကြည်ညိုကြပါတယ်။ ပြီးတာနဲ့ ကျောက်စာရုံစေတီတွေကို သွားရောက်လေ့လာခဲ့ပြီး အခုမှုစလိန္ဒအိုင်ကို လာရောက်လေ့လာရင်းနဲ့ နဂါးရုံဘုရားကိုလည်းဖူးမြော်ကြတာဖြစ်ပါတယ်။ ရင်ထဲကပြောမပြတတ်အောင် ဝမ်းသာပီတိဖြစ်မိပါတယ်။ ဒီလိုနေရာမျိုးမှာဒီလောက်ကြီးမားတဲ့ စကျင်ကျောက်တုံးတော်ကြီးနဲ့ စကျင်ကျောက်တွေအများကြီးကိုအလျှံအပယ်အသုံးပြုပြီး တည်ထားပူဇော်ထားတဲ့ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ခွင့်ရတဲ့အတွက် ရင်ထဲကနေအတိုင်းမသိပီတိဝမ်းသာဖြစ်ရပါတယ်။ ဒီကနေပြန်သွားရင်လည်း ကရင်ပြည်နယ်မှာရှိတဲ့ မိသားစုဝင်တွေ၊ ဆွေမျိုးသားချင်းတွေ၊ ညီအစ်ကိုမောင်နှမတွေ၊ငယ်ပေါင်းမိတ်ဆွေတွေအားလုံးကိုလည်းအခုဘုရားဖူးခရီးစဉ်ရဲ့အတွေ့အကြုံတွေကိုပြန်ပြီးဝေမျှပေးသွားမှာပါ။ မသေခင်မှာဒီမာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကိုတစ်ခေါက်လောက်ဖြစ်ဖြစ်လာရောက်ပြီး ဖူးမြော်ကြည်ညိုကြပါလို့ ကျွန်တော့်အနေနဲ့ ဖိတ်ခေါ် ပြောကြားလိုပါတယ်။"

# ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်



မနေ့ကတော့ ကျွန်တော်တို့ ပြည်သူ့စစ်မှုထမ်းဥပဒေကို အာဏာတည်တဲ့အမိန့်ထုတ်ပြန်ခဲ့ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး အမြင်အမျိုးမျိုးရှိကြောင်း တွေ့ရပါတယ်။ ဒီကြားထဲမှာ ထုံးစံအတိုင်းပေါ့။ ပြည်ဖျက်မီဒီယာတွေ၊ အကြမ်းဖက်အဖွဲ့အစည်းတွေအနေနဲ့ ဒီအပေါ်မှာအဆိုးမြင်ဝါဒနဲ့ ပြည်သူလူထုကိုကြောက်လန့်အောင် ခြိမ်းခြောက်နေတာတွေ၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ပျက်ပြားအောင် လုပ်ဆောင်နေတာကို တွေ့ရပါတယ်။ ကျွန်တော့်အနေနဲ့ဒီပြည်သူ့စစ်မှုထမ်းဥပဒေ တစ်နည်းအားဖြင့် အမျိုးသားစစ်မှုထမ်းစနစ်နဲ့ပတ်သက်ပြီး ပြည်သူလူထုပိုမိုသိရှိနိုင်စေဖို့ပြောပြလိုပါတယ်။ နိုင်ငံသားတိုင်းဟာ မိမိနိုင်ငံကိုချစ်ကြပါတယ်။မိမိနိုင်ငံကိုဖွံ့ဖြိုးတိုးတက်စေချင်ကြပါတယ်။ သူများနိုင်ငံတွေထက် မိမိနိုင်ငံကိုသာစေချင်တယ်။ ဒါက နိုင်ငံချစ်စိတ်ပါ။ကောင်းပါတယ်။ ဒါဆိုရင်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ဘာလိုသလဲ၊ အဓိကအခြေခံအကျဆုံးလိုအပ်ချက်ကတော့ တည်ငြိမ်အေးချမ်းရေးပါ။ တည်ငြိမ်အေးချမ်းမှပဲ ကောင်းစွာစီးပွားရှာလို့ရမယ်၊ တည်ငြိမ်အေးချမ်းမှလည်း ကောင်းစွာသွားလာလို့ရမယ်၊ နေထိုင်လို့ရမယ်၊ တိုးတက်အောင်လုပ်လို့ရမယ်၊ တည်ငြိမ်အေးချမ်းဖို့ ဘာလိုသလဲ၊ ပြည်သူတွေဘဝလုံခြုံဖို့လိုပါတယ်။ လုံခြုံရေး၊ ကာကွယ်ရေးအင်အားကောင်းဖို့လိုပါတယ်။ နိုင်ငံတစ်ခုမှာ ရှိသေခန့်ညားလောက်တဲ့ လုံခြုံရေးအင်အား၊ကာကွယ်ရေးအင်အားမရှိဘဲနဲ့ ခိုင်မာတဲ့တည်ငြိမ်အေးချမ်းမှုဆိုတာမရှိနိုင်ပါဘူး။ ကျွန်တော်တို့လို လွတ်လပ်ရေးရပြီးကတည်းက ပြည်တွင်းသောင်းကျန်းမှုနဲ့ကြုံလာတဲ့နိုင်ငံမှာဆိုရင် ဒီကိစ္စက ပိုပြီးလိုတာပေါ့။ ရှိသေခန့်ညားလောက်တဲ့ ကာကွယ်ရေးစွမ်းပကား၊ လုံခြုံရေးစွမ်းပကားရှိဖို့ တပ်မတော်တစ်ရပ်ထဲမှာပဲ တာဝန်ရှိတာမဟုတ်ပါဘူး။ ကျွန်တော်တို့နိုင်ငံကိုချစ်တဲ့ နိုင်ငံသားအားလုံးမှာ တာဝန်ရှိပါတယ်။ ဒီနေ့ကမ္ဘာကို ပြန်ကြည့်ရအောင် ကမ္ဘာမှာ Globalization နည်းပညာဖွံ့ဖြိုးတိုးတက်မှုတွေကြောင့် ယခင်ကတော့ ပြည်တွင်းရေး အိမ်တွင်းရေးလို့ထင်ရတဲ့ကိစ္စတွေတောင်မှသတင်းခေတ်Information Age ရောက်ခတ်မှုကြောင့် ကမ္ဘာ့အရေး၊ ဒေသအရေးသဖွယ်ဖြစ်လာတာတွေတွေ့ရပါတယ်။ ကျွန်တော်တို့ နေ့စဉ်ထိတွေ့ကိုယ်တွယ်ရတဲ့ အင်တာနက်စာမျက်နှာတွေ၊ ရုပ်မြင်သံကြားစက်တွေ၊ လူမှုကွန်ရက်စာမျက်နှာတွေကနေတစ်ဆင့် ကမ္ဘာ့ပုံရိပ်တွေကို ကျွန်တော်တို့ အချိန်နဲ့တစ်ပြေးညီတွေ့မြင်နေရပါတယ်။ကမ္ဘာမှာ ငြိမ်းချမ်းရေး၊ လက်နက်ဖျက်သိမ်းရေး၊ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကျန်းမာရေး၊ လူ့အခွင့်အရေးစတဲ့စတဲ့ နှစ်သက်သဘောကျဖွယ်ကောင်းတဲ့ ဟန်ရေးပြမှုတွေတွေ့နေတော့လည်း ယနေ့သတင်းခေတ်ရဲ့ အကျိုးကျေးဇူးကြောင့် သေချာပြန်လည်ဆန်းစစ်ကြည့်မယ်ဆိုရင် ဒေသအနှံ့မှာဖြစ်နေတဲ့ မငြိမ်မသက်မှုတွေ၊ အင်အားကြီးနိုင်ငံအချို့ရဲ့ လူ့အခွင့်အရေး၊ ဒီမိုကရေစီအရေး၊ အကြမ်းဖက်နှိမ်နင်းရေးအကြောင်းပြပြီး ဆင်နွှဲနေတဲ့စစ်ဆင်ရေးတွေ၊ သူတို့မနှစ်သက်တဲ့ အစိုးရတွေအုပ်ချုပ်နေတဲ့နိုင်ငံတွေအပေါ်မှာ နည်းမျိုးစုံသုံး ပိတ်ဆို့မှုတွေ၊Proxy War ကိုယ်စားစစ်ပွဲဆင်နွှဲမှုတွေ၊ လက်နက်ခဲယမ်းအသစ် ထုတ်လုပ်စစ်အင်အားတိုးချဲ့နေမှုတွေက မမြင်ချင်အဆုံးပါပဲ။ ဒီလိုလှုပ်ခတ်နေတဲ့ ကမ္ဘာကြီးမှာ နိုင်ငံအများစုက မိမိတို့နိုင်ငံရဲ့အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကိုကြိုးစားတည်ဆောက်နေရပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျတဲ့ ကမ္ဘာ့နိုင်ငံအများစုအနေနဲ့ ကိုယ့်နိုင်ငံကိုကမ္ဘာနဲ့အညီ ခေတ်နဲ့အမီ ဖွံ့ဖြိုးတိုးတက်ရေး အားသွန်ခွန်စိုက်ကြိုးပမ်းနေရသလို နိုင်ငံကြီးတွေရဲ့ ခေတ်သစ်ကိုလိုနီဝါဒနဲ့ မိမိတို့နိုင်ငံအပေါ်၊ မိမိတို့ရဲ့အချုပ်အခြာအာဏာနဲ့ လွတ်လပ်ရေးအပေါ် ထိပါးလာမှုတွေ၊ ထိုးဖောက်လာမှုတွေနဲ့ လွှမ်းမိုးနေမှုတွေအပေါ် အစွမ်းကုန်ကြိုးစားကာကွယ်နေရတာကို တွေ့ရပါလိမ့်မယ်။ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျတဲ့ နိုင်ငံအများစုမှာ နည်းပညာမြင့်မားတဲ့ လက်နက်တွေ၊ စစ်သုံးကိရိယာပြည့်စုံစွာကိုင်တွယ်နိုင်တဲ့ တပ်မတော်နဲ့ လက်နက်ကိုင်တပ်ဖွဲ့များ အကန့်အသတ်ဖြင့်သာရှိနိုင်တဲ့အတွက် နိုင်ငံတော်ကိုကာကွယ်ဖို့ နိုင်ငံ့စွမ်းအားစုအားလုံးပါဝင်ကာကွယ်ရန် လိုအပ်လာတဲ့ အခြေအနေဖြစ်ပါတယ်။ အဲဒီတော့ နိုင်ငံတော်မှာရှိတဲ့ နိုင်ငံ့စွမ်းအားစုအားလုံးပါဝင်ဆောင်ရွက်နိုင်ရေးအတွက် တစ်ခုတည်းသောနည်းလမ်းကတော့ အမျိုးသားစစ်မှုထမ်းစနစ် National Serviceပဲ ဖြစ်ပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်စီးပွားရေးနဲ့ နိုင်ငံတော်လုံခြုံရေးတွေကို ဘက်ညီမျှစွာဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆောင်ရွက်ရတဲ့ လုပ်ငန်းလည်းဖြစ်ပါတယ်။ နိုင်ငံတော်စစ်မှုထမ်းစနစ်ဆိုတာက ရေတိုဆောင်ရွက်ရတဲ့လုပ်ငန်းမဟုတ်ဘဲ ရေရှည်တစိုက်မတ်မတ်ဆောင်ရွက်ရတဲ့စီမံချက်(Long Term Plan)ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ဥပဒေပြဋ္ဌာန်းချက်တွေ၊တပ်မတော်ရဲ့မြင့်မားတဲ့စွမ်းဆောင်နိုင်မှု၊ပြည်သူလူထုတစ်ရပ်လုံးရဲ့ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်၊ အသိဉာဏ်ပညာမြင့်မားမှုတွေနဲ့ ကာကွယ်ရေးပညာဗဟုသုတကြွယ်ဝမှု၊ ကာကွယ်ရေးပညာတတ်ကျွမ်းမှုတို့ပေါင်းစပ်ပြီးဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေဘဲဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ပြည်သူ့စစ်မှုထမ်းစနစ်ကို ကျင့်သုံးရခြင်းဖြစ်ပါတယ်။ကျွန်တော်တို့နိုင်ငံက ပြည်သူ့စစ်မဟာဗျူဟာကျင့်သုံးနေတဲ့နိုင်ငံဖြစ်ပါတယ်။ ဘာကြောင့် ဒီပြည်သူ့စစ်မဟာဗျူဟာကို ကျင့်သုံးနေရသလဲဆိုရင် မြန်မာနိုင်ငံရဲ့ ပထဝီနိုင်ငံရေးအခြေအနေ၊ ပထဝီနိုင်ငံရေးအနေအထားအရ ပါဝင်ပါတယ်။ မြန်မာနိုင်ငံရဲ့ ပထဝီနိုင်ငံရေးအနေအထားနဲ့ ပြောရင် အချက်အချာကျတယ်၊ အရေးပါတယ်ဆိုပြီး ပြောကြပါတယ်။ အဲ့ဒီအတွက် အချက်အချာကျတယ်၊အရေးပါတယ်ဆိုတဲ့အတွက် အခွင့်အရေးတွေ(Opportunity)ရှိသလို ခြိမ်းခြောက်မှု(Threat)တွေလည်းရှိပါတယ်။ ဒါတွေကို ကျွန်တော်တို့ကာကွယ်နိုင်ဖို့ ပြည်သူလူထုတစ်ရပ်လုံးပါဝင်ဖို့လိုအပ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံတွေ၊ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျတဲ့နိုင်ငံတွေမှာ ကမ္ဘာမှာရေရှည်ရပ်တည်နိုင်ဖို့အတွက် စီးပွားရေးအင်အားကိုတည်ဆောက်ရတဲ့အပြင် မိမိအင်အားကိုလေးစားခန့်ညားဖို့အတွက် ကာကွယ်ရေးအင်အားကိုလည်း တည်ဆောက်ရပါတယ်။ ဒါတွေကိုတည်ဆောက်တဲ့နေရာမှာ နိုင်ငံရဲ့စီးပွားရေးစွမ်းအား(Economic Might)၊ နိုင်ငံရဲ့ကာကွယ်ရေးစွမ်းအား(Military Might) ဘက်ညီမျှတပြီး ခိုးခြံခိုင်ခံ့တာနိုင်ဖို့အတွက် ပြည်သူလူထုတစ်ရပ်လုံးက ပါဝင်တည်ဆောက်ဖို့လိုပါတယ်။ ဒါတွေကိုကျင့်သုံးခြင်းအားဖြင့် ကျွန်တော်တို့အနေနဲ့ ကာကွယ်ရေးစွမ်းပကားအသင့်ဖြစ်မှုတွေ၊ စစ်ဘက်၊ အရပ်ဘက်ဆက်ဆံရေးပိုမိုကောင်းမွန်မှုတွေ၊ စစ်ဘက်ကို အရပ်ဘက်ကနားလည်နိုင်စွမ်း၊အရပ်ဘက်ကို စစ်ဘက်က နားလည်နိုင်စွမ်းပိုမိုမြင့်မားတိုးတက်လာမှာဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ လက်ရှိအခြေအနေဖြစ်ပါတယ်။ ကျွန်တော်တို့အခုလိုလုပ်ဆောင်ရတာက ပြည်သူလူထုရဲ့ဆန္ဒဖြစ်တဲ့ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ်ကို ကာကွယ်တာပဲဖြစ်တယ်။ ဒီ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ်ဖြစ်ဖို့အတွက် ပထမဦးဆုံးလိုတဲ့ အခြေခံအုတ်မြစ်က သိက္ခာရှိတဲ့အထွေထွေရွေးကောက်ပွဲပြန်လည်ကျင်းပပေးဖို့ပဲဖြစ်တယ်။ ဒါကို ကျွန်တော်တို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေနဲ့လည်း အမြဲတမ်းအာမခံထားတာဖြစ်တယ်။ ကျွန်တော်တို့ စတင်တာဝန်ယူစဉ်ကတည်းကနေ အခုချိန်ထိ ကျွန်တော်တို့ရဲ့ ရှေ့လုပ်ငန်းစဉ်တွေ၊ ဦးတည်ချက်တွေမှာ အမြဲတမ်းပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပဖို့ဆိုတာအာမခံထားပြီးဖြစ်တယ်။ ရည်ရွယ်ဆောင်ရွက်ပြီးဖြစ်တယ်။ ဒီလိုရွေးကောက်ပွဲလုပ်ဖို့အတွက် တည်ငြိမ်အေးချမ်းဖို့လိုပါတယ်။ဒီတည်ငြိမ်အေးချမ်းမှုကို ကျွန်တော်တို့ တည်ဆောက်ရပါမယ်။ တည်ဆောက်ရာမှာလည်း နိုင်ငံသားအားလုံးပါဝင်တည်ဆောက်မှဖြစ်မှာဖြစ်ပါတယ်။ ယခုလက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေကိုကြည့်ရင် အကြမ်းဖက်သောင်းကျန်းသူတွေအနေနဲ့ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ၊ အခြားအကြမ်းဖက်သောင်းကျန်းသူတွေအနေနဲ့ ဘယ်လိုပဲနာမည်ကောင်းတွေနဲ့ ဟစ်ကြွေးနေပါစေ သူတို့လိုချင်တာက စစ်ဘုရင်ဝါဒ၊သူတစ်လူငါတစ်မင်း၊ နယ်တစ်နယ်ဓားတစ်စင်းဝါဒကို ကျင့်သုံးချင်နေတာပဲဖြစ်ပါတယ်။ လက်တွေ့မှာလည်း ဒါတွေကိုမြင်နေရမှာဖြစ်ပါတယ်။ဒါတွေကို ကျွန်တော်တို့ ပြည်သူလူထုတစ်ရပ်လုံးက တိုက်ဖျက်ရမှာဖြစ်ပါတယ်။ပြည်သူတိုင်း ဒီမိုကရေစီအခွင့်အရေးကိုခံစားရမှာဖြစ်ပါတယ်။ဒီအတွက်လည်း မျိုးချစ်စိတ်ရှိတဲ့ နိုင်ငံသားတိုင်း၊ နိုင်ငံချစ်စိတ်ရှိတဲ့နိုင်ငံသားတိုင်းက ကာကွယ်နိုင်ဖို့ ပြည်သူ့စစ်အဖွဲ့များဖွဲ့စည်းပေးရေး၊ ဒေသခံကာကွယ်ရေးအဖွဲ့များဖွဲ့စည်းပေးရေး အင်တိုက်အားတိုက်တောင်းဆိုနေတာတွေရှိပါတယ်။ ဒါကြောင့် ဒီပြည်သူ့စစ်အဖွဲ့များ၊ ဒေသခံကာကွယ်ရေးအဖွဲ့များထက်ပိုပြီး ဥပဒေနဲ့ညီညွတ်တဲ့၊ ပိုပြီးစနစ်ကျတဲ့ ဒီပြည်သူ့စစ်မှုထမ်းစနစ်ကို ကျွန်တော်တို့ပြဋ္ဌာန်းရခြင်း၊ တည်ဆောက်ရခြင်းဖြစ်ပါတယ်။ ဒါ့ကြောင့် နံပါတ်(၁)အနေနဲ့ ရှိသေခန့်ညားလောက်တဲ့ ကာကွယ်ရေးစွမ်းအားနဲ့ နိုင်ငံတော်ကိုကာကွယ်နိုင်ရေးအတွက် ဒီပြည်သူ့စစ်မှုထမ်းစနစ်မှာ နိုင်ငံသားအားလုံးပါဝင်ကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ နံပါတ်(၂) အချက်အနေနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်တဲ့ တည်ငြိမ်အေးချမ်းမှုကို နိုင်ငံသားအားလုံးပါဝင်တည်ဆောက်ကြဖို့လိုပါတယ်။ နံပါတ်(၃)အနေနဲ့ ပြည်သူလိုလားတဲ့ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ်ကို ကာကွယ်ဖို့၊စစ်ဘုရင်ဝါဒ၊သူတစ်လူငါတစ်မင်း၊နယ်တစ်နယ်ဓားတစ်စင်း အကျင့်ဆိုးတွေကိုတိုက်ဖျက်ဖို့ ပြည်သူအားလုံး ပြည်သူ့စစ်မှုထမ်းစနစ်ကို အားပေးထောက်ခံဝိုင်းဝန်းကူညီပံ့ပိုးကြဖို့ တိုက်တွန်းလိုပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

## လူမှုဖူလုံရေးအဖွဲ့မှ ရွေ့လျားဆေးကုသယာဉ်များဖြင့် ရန်ကုန်၊ မန္တလေးနှင့်ပဲခူးတိုင်းဒေသကြီးတို့ရှိ စက်မှုဇုန်များမှ လူမှုဖူလုံရေးအကျုံးဝင် အာမခံအလုပ်သမားများကို ကွင်းဆင်းကုသမှုများဆောင်ရွက်



**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့သည် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် လူမှုဖူလုံရေးအဖွဲ့က ရွေ့လျားဆေးကုသယာဉ်များ (Mobile Medical Units) သုံးစီးဖြင့် ရန်ကုန်၊ မန္တလေးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ စက်မှုဇုန်များမှ လူမှုဖူလုံရေးအကျုံးဝင် အလုပ်သမားများကို ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

လူမှုဖူလုံရေးအဖွဲ့မှလူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ၂၀၂၄ ခုနှစ် ဇန်နဝါရီတွင်အကျုံးဝင် အာမခံအလုပ်သမား ၁၂၃၅၉၈၉ ဦးရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုအတွက် လူမှုဖူလုံရေးအဖွဲ့ပိုင်ဆေးရုံကြီး သုံးရုံ၊ မြို့နယ်လူမှုဖူလုံရေးဆေးခန်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၆၀၊ စာချုပ်ဆေးခန်း ၆၁ ခန်း၊ သားဖွားမီးယပ်ပြင်ပလူနာကုသမှု(Speci-alist OG OPD)ဆောင်ရွက်သည့်စာချုပ်ဆေးခန်း ၂၈ ခန်း၊ မီးဖွားဝန်ဆောင်မှုဆောင်ရွက်လျက်ရှိသောစာချုပ်ဆေးရုံ၊ သားဖွားခန်း ၁၄ ခန်း၊တိုင်းရင်းဆေးခန်း တစ်ခန်းတို့ဖြင့် ဝန်ဆောင်မှုဆောင်ရွက်ပေးလျက်ရှိသည်။

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ ရွေ့လျားဆေးကုသယာဉ်ဖြင့် ဖေဖော်ဝါရီ ၉ ရက်မှ ၁၅ ရက်ထိ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လှိုင်သာယာမြို့နယ်နှင့် ရွှေလင်ပန်းစက်မှုဇုန်တို့တွင် အလုပ်ဌာနပေါင်း လေးဌာနမှ အာမခံအလုပ်သမားဦးရေ ၅၆၅၇ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြင်းခြံလွှင်မြို့တွင် အလုပ်ဌာနပေါင်း ၁၃ ဌာနမှ အာမခံအလုပ်သမားဦးရေ ၁၁၇၃ ဦး၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ကြို့ပင်ကောက်မြို့တွင်အလုပ်ဌာနပေါင်း ၈၅ ဌာနမှ အာမခံအလုပ်သမား ၂၂၈၆ ဦးနှင့် နတ်တလင်းမြို့တွင် အလုပ်ဌာနပေါင်း ၄၈ ဌာနမှ အာမခံအလုပ်သမား ၈၁၇ ဦးတို့ကို လိုအပ်သောဆေးဝါးကုသမှုများ၊ ဓာတ်ခွဲစစ်ဆေးမှုများ၊နှလုံးအတွက် ECG စစ်ဆေးခြင်းများဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တောင်ငူမြို့နယ် ကေတုမတီမြို့သစ်ရှိ သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ် အာယုဒါနဆေးရုံတော်၌ မျက်စိခွဲစိတ် ကုသမှုခံယူလျက်ရှိသော သံဃာတော်များနှင့် ဒေသခံပြည်သူများကို အလှူငွေပေးအပ်



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက် မျက်စိခွဲစိတ်ကုသမှုခံယူ လျက်ရှိသော ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကေတုမတီမြို့သစ်ရှိ သီတဂူကေတုမတီ ဗုဒ္ဓတက္ကသိုလ် အာယုဒါနဆေးရုံတော်၌ မျက်စိခွဲစိတ်ကုသမှု ခံယူလျက်ရှိသော သံဃာတော်များနှင့်ဒေသခံပြည်သူများအား အလှူငွေပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဆေးရုံ၌ပြုလုပ်ရာ သီတဂူ ကေတုမတီ ဗုဒ္ဓတက္ကသိုလ်ကျောင်းအုပ် ဆရာတော် ဒေါက်တာဘဒ္ဒန္တတိက္ခသာရ အမှူးပြုသော သံဃာတော်များကြွရောက်တော်မူကြပြီး တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာတိုင်းမှူးနှင့် တက်ရောက်လာကြသူများက သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ် ကျောင်းအုပ်ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် တိုင်းမှူးက မျက်စိခွဲစိတ်ကုသမှုခံယူလျက် ရှိသော သံဃာတော်များနှင့် ဒေသခံပြည်သူ များအတွက် တိုင်းစစ်ဌာနချုပ်နှင့်ကွပ်ကဲမှု အောက်တပ်ရင်း၊တပ်ဖွဲ့များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများက လှူဒါန်းသော အလှူငွေ ကျပ်သိန်း ၁၅၀ ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ် ကျောင်းအုပ်ဆရာတော်ထံမှ အနုမောဒနာ တရားနာယူပြီး လှူဒါန်းမှုအစုစုတို့ အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက မျက်စိခွဲစိတ်ကုသမှုခံယူလျက်ရှိသော သံဃာတော်များနှင့် ဒေသခံပြည်သူများကို လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါသီတဂူကေတုမတီ ဗုဒ္ဓတက္ကသိုလ် အာယုဒါနဆေးရုံတော်သည် သီတဂူကမ္ဘာ့ ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ရွှေကျင်နိကာယဥက္ကဋ္ဌ ရွှေကျင်သာသနာပိုင် သီတဂူဆရာတော်ဘုရားကြီး ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ တည်ထောင်တော်မူသည့် ဆေးရုံတော် ၄၃ ခုအနက် ၃၇ ခုမြောက်ဆေးရုံတော်ဖြစ်ပြီး မျက်စိဝေဒနာရှင်များကို ဖေဖော်ဝါရီ ၆ ရက်မှ ၁၆ ရက်ထိ တစ်နေ့လျှင်ဦးရေ ၁၂၀ ခန့်ဖြင့် မျက်စိအထူးကုဆရာဝန်ကြီးများ၊ ပါရဂူများ၊ ဆရာဝန်များ၊ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက မျက်စိစမ်းသပ်စစ်ဆေးပေးခြင်း၊ လေဆာပစ်ခြင်း၊ ခွဲစိတ်ကုသခြင်း၊ မျက်စိတိမ်များခြစ်ထုတ်ခြင်းနှင့် မျက်လုံးအစားထိုးကုသခြင်းများ ကုသပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# စစ်ကိုင်းမြို့နယ် မန္တလေး-မုံရွာကားလမ်းမပေါ်ရှိ လယ်ကြီးရွာအနီးနှင့် မုံရွာမြို့ စီးပွားရေးတက္ကသိုလ်အနီး ဇလုပ်အပိုင်းအနီးတို့၌ ခရီးသွားပြည်သူအချို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးမေးမြန်းခြင်း၊ ဖမ်းဆီးခြင်းများ လုပ်ဆောင်နေကြောင်း သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်တွင် မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် လယ်ကြီးကျေးရွာအနီး မန္တလေး-မုံရွာသွားကားလမ်းပေါ်တွင် ဖေဖော်ဝါရီ ၁၁ ရက် နံနက်ပိုင်းက လုံခြုံရေးတပ်ဖွဲ့ဝင်များက ခရီးသွားပြည်သူဦးရေ ၄၀ ခန့် စစ်ဆေးမေးမြန်းရန် ဖမ်းဆီးခဲ့သည်ဟူ၍ လည်းကောင်း၊ မုံရွာမြို့စီးပွားရေးတက္ကသိုလ် အနီး ဇလုပ်အပိုင်းပတ်တွင် ညနေ ၃ နာရီ ခန့်မှစ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများကို ဖမ်းဆီးစစ်ဆေးမှုများပြုလုပ်လျက် ရှိသည်ဟူ၍ လည်းကောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းများနှင့် ပတ်သက်၍ စစ်ကိုင်းမြို့နယ် လယ်ကြီးကျေးရွာအနီးတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ လုံခြုံရေးအရစစ်ဆေးရှာဖွေခြင်းများလုပ်ဆောင်မှုလုံးဝမရှိကြောင်း၊ မုံရွာမြို့စီးပွားရေးတက္ကသိုလ်အနီး ဇလုပ် အပိုင်းပတ်တွင် ပုံမှန်စစ်ဆေးခြင်းများသာ ဆောင်ရွက်လျက်ရှိကြောင်းနှင့်ပြည်သူအများ ထိတ်လန့်စေရန်အတွက် လုပ်ကြံသတင်းလွှင့် ရေးသားခြင်းသာဖြစ်ကြောင်း သက်ဆိုင်ရာ နယ်မြေ လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူ တစ်ဦး၏ပြောကြားချက် အရ သိရှိရသည်။

အကြမ်းဖက်အားပေးတရားမဝင်ပြည်ဖျက် မီဒီယာများသည် နိုင်ငံတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်၊ပြည်သူအများ စိုးရိမ်ထိတ်လန့်စေရန်ရည်ရွယ်၍ သတင်းတု၊ သတင်းမှားများကို အချိန်ကိုက်လွှင့်ဆော် ရေးသားခြင်းသာဖြစ်ကြောင်း သတင်း ရရှိသည်။







☆ **ကျောဖုံးမှအဆက်**

ယနေ့ပြပွဲဒုတိယနေ့သို့ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်း (MSME )များ လုပ်ကိုင်နေကြသည့် လုပ်ငန်းရှင်များ၊ တစ်နိုင်တစ်ပိုင် MSME လုပ်ငန်းများ စတင်လုပ်ဆောင်ကြမည့် လုပ်ငန်းရှင်များစိတ်ဝင်စားစွာဖြင့်လာရောက် လေ့လာခဲ့ကြရာ ပြခန်းအလိုက်တာဝန်ရှိသူများက MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းအချက်အလက်နှင့် နည်းပညာများမျှဝေပေးခြင်း၊ ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့မိမိတို့လုပ်ကိုင်နေသည့်လုပ်ငန်းများအလိုက် လက်လှမ်းမီစေရန်နှင့်ယှဉ်ပြိုင်နိုင်မှုစွမ်းရည်မြင့်မားတိုးတက်စေရန်၊လုပ်ငန်းများအလိုက်ကြုံတွေ့ရမည့် အခက်အခဲများနှင့်ဖြေရှင်းဆောင်ရွက်နည်းများကိုအသိပညာပေးဆွေးနွေးမျှဝေပေးကြရာ လုပ်ငန်းရှင်များအပြင် အသိပညာဗဟုသုတရရှိလိုသည့် ပြည်သူများဖြင့်လည်း စည်ကားခဲ့သည်။

ထို့ပြင် ပွဲတော်သို့လာရောက်ကြသည့် ပြည်သူများကို သက်ဆိုင်ရာတိုင်းရင်းသား ရိုးရာပြခန်းများအလိုက် ခင်းကျင်းပြသ ရောင်းချပေးနေကြသည့် တိုင်းရင်းသား အဖွဲ့များက ရင်းနှီးနွေးထွေးစွာကြိုဆိုကြပြီး ရိုးရာယဉ်ကျေးမှုဆိုင်ရာ ဗဟုသုတများ၊ ဒေသန္တရဗဟုသုတများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အထင်ကရနေရာများ၊ ဒေသတွင်းလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များနှင့်ဒေသအလိုက်ရိုးရာ အစားအစာများ၊ MSME ထုတ်ကုန်များ အကြောင်းကို နွေးထွေးပျူငှာစွာရှင်းလင်း ပြသပေးကြရာ ပွဲတော်လာပြည်သူများက စိတ်အားထက်သန်စွာလေ့လာကြည့်ရှုကြပြီး တိုင်းရင်းသားအဖွဲ့များဖြင့် ဂုဏ်ယူစွာ အမှတ်တရဓာတ်ပုံရိုက်ကြသူများဖြင့်လည်း စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

နေပြည်တော်ကောင်စီအပါအဝင်တိုင်း ဒေသကြီးနှင့်ပြည်နယ်များမှ MSMEထုတ် ကုန်များနှင့် ရိုးရာအစားအစာပြခန်းများ၌ လည်းဒေသအလိုက်ထွက်ရှိသည့် ရိုးရာ အစားအစာများ၊ ဒေသထွက် MSME ကုန်ထုတ်လုပ်ငန်းများ၊One Region One Product ထုတ်ကုန်များအပါအဝင်ပြည်ပသို့တင်ပို့ရောင်းချနေသည့် MSMEထုတ်ကုန်များအကြောင်းကို ပွဲတော်လာပြည်သူများဗဟုသုတအဖြစ် သိရှိနိုင်ရေးအတွက် အသေးစိတ် ခင်းကျင်းပြသထားသည်ကိုလည်း တွေ့မြင်ရသည်။

အဆိုပါပြခန်းများတွင်လည်း မိမိတို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ရိုးရာယဉ်ကျေးမှုအကအလှများ၊ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များကို ပေါ်လွင်စေသည့်သီချင်းများနှင့်မျိုးချစ်စိတ်နှင့်ဇာတိမာန်ကိုတက်ကြွစေမည့်သီချင်းများ ဖွင့်လှစ်ဖျော်ဖြေတင်ဆက်ပေးကြရာ ပွဲတော်လာပြည်သူများအနေဖြင့် တောင်ပေါ်မြေပြန့် မခွဲခြားဘဲ စည်းလုံးညီညွတ်သည့်သွေးချင်းညီအစ်ကိုစိတ်ဓာတ်များ ခံစားရရှိစေခဲ့ပြီး ပြည်ထောင်စု၏အနှစ်သာရကိုလည်း ပိုမိုပေါ်လွင်စေခဲ့သည်။

အလားတူ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ထွက်ရှိသည့် MSMEထုတ်ကုန်များ၊ တိုင်းရင်းသားရိုးရာ အမှတ်တရပစ္စည်းများနှင့်ရိုးရာဝတ်စုံများကိုပြည်သူများစိတ်ကြိုက် ဝယ်ယူနိုင်ရန်အတွက် ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိပြီး နှစ်သက်မြတ်နိုးစွာ ဝယ်ယူကြသူများဖြင့်လည်း စည်ကားလျက်ရှိရာ ဒေသအလိုက်ဆောင်ရွက်နေသည့် MSMEလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန်အားပေးမြှင့်တင်ပေးရာရောက်သည့် မြင်ကွင်းတစ်ခုလည်းဖြစ်သည်။

ထို့ပြင် ပွဲတော်လာပြည်သူများ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက်ရိုးရာအစားအစာများကိုတစ်နေရာတည်းတွင် စိတ်အေးချမ်းသာစွာမြည်းစမ်းစားသုံးနိုင်ရန်အတွက် ရိုးရာအစားအစာဆိုင်များဖွင့်လှစ်၍ သန့်ရှင်းလတ်ဆတ်စွာ ရောင်းချပေးလျက်ရှိရာ နှစ်ခြိုက်စွာဝယ်သူစားသုံးကြသည့် ပြည်သူများဖြင့် အထူးစည်ကားခဲ့သည်။

ညပိုင်းတွင်ဖျော်ဖြေရေးအစီအစဉ်များ အဖြစ် တိုင်းကျိုးပြည်ပြုတေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းများ၊ မျိုးချစ်စိတ်နှင့် ဇာတိမာန်တက်ကြွစေမည့်တေးသီချင်းများ ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးနှင့်ပြည် နယ်များမှ တိုင်းရင်းသားရိုးရာယိမ်းအဖွဲ့များ ကရိုးရာတေးသီချင်းများကို အကအလှများ ပေါင်းစပ်၍ လည်းကောင်း မြူးကြွပျော်ရွှင်စွာဖြင့်ဖျော်ဖြေကြရာ ပြည်သူများပျော်ရွှင်စွာဖြင့် တစ်ခဲနက်ပါဝင်ဆင်နွှဲကြသည်။

အဆိုပါပွဲတော်ကိုနေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များ အလိုက် MSMEထုတ်ကုန်အရောင်းပြခန်း ၃၄ ခန်း၊ ရိုးရာအစားအစာပြခန်း ၁၉ ခန်း တို့ဖြင့် ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်ထိ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်သည့် အတွက် မိဘပြည်သူများ(အခမဲ့)လာရောက် လေ့လာဝယ်ယူနိုင်ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

# "နိုင်ငံတော်ကာကွယ်ဖို့ စစ်မှုထမ်းဆောင်ကြပါစို့"

မောင်စိန်အိ(နဘဲမြေ)

❖ ပြည်သူ့စစ်မဟာဗျူဟာသည် တပ်မတော်နှင့်ပြည်သူတို့ကြား ပေါင်းကူးတံတားပင်ဖြစ်သည်။ ထို့ကြောင့် ပြည်သူ့စစ်မှုထမ်းဥပဒေသည် တပ်မတော်နှင့် ပြည်သူတို့ကြား ဆက်နွယ်မှုကို ပိုမိုကျစ်လျစ်ခိုင်မာလာစေမည်ဖြစ်သည်။ အထူးသဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းခြင်းအားဖြင့် သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော ခြိမ်းခြောက်မှုများအပါအဝင် စစ်ကို ဟန့်တားနိုင်သော စွမ်းဆောင်ရည်(Deterrence Power)များ ပိုမိုရရှိလာမည်ဖြစ်သည်။ ❖

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှစ၍ ပြည်သူ့စစ်မှုထမ်းဥပဒေ စတင်အာဏာတည်ကြောင်း သတ်မှတ်သည့် အမိန့်ကြော်ငြာစာကို ဖေဖော်ဝါရီ ၁၀ ရက် ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည်။ ထိုထုတ်ပြန်မှုနှင့်စပ်လျဉ်း၍ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုပျက်ပြားစေလိုသူများက လူမှုကွန်ရက်စာမျက်နှာများတွင် အမျိုးမျိုးဝေဖန်ရေးသားလျက်ရှိသည်။ အထူးသဖြင့် နိုင်ငံသားတစ်ဦး၏ တာဝန်ကို ကျေပွန်စွာထမ်းဆောင်လိုစိတ်မရှိသူများ၊ တစ်နည်းအားဖြင့် မျိုးချစ်စိတ်ဓာတ်ခေါင်းပါးသူများသည် ပြည်သူများအကြား အထင်အမြင်လွဲမှားအောင် နှပ်ကြောင်းပေးရေးသားလာကြသည်။ အထူးအဆန်းတော့မဟုတ်ပေ။ ပြည်သူများအနေဖြင့် ချင့်ချိန်နိုင်စွမ်းရှိမည်ဟု ထင်ပါသည်။

## နိုင်ငံတကာတွင်လည်း ကျင့်သုံး

စင်စစ်အားဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေကို မြန်မာနိုင်ငံတွင်သာ ပြဋ္ဌာန်းနေခြင်းမဟုတ်ဘဲ ကမ္ဘာ့နိုင်ငံများစွာတွင်လည်း ကျင့်သုံးလျက်ရှိသည်။ သာဓကအနေဖြင့် တောင်ကိုရီးယား၊ ဩစတြေးလျ၊ စင်ကာပူ၊ မလေးရှား၊ လာအို၊ ထိုင်း စသည့် နိုင်ငံတို့တွင်လည်း ကျင့်သုံးလျက်ရှိသည်။ အဆိုပါနိုင်ငံများ၌ နိုင်ငံသားတိုင်းသည် အသက် ၁၈ နှစ်ပြည့်သည့်အချိန်တွင် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ သတင်းပို့ကြရသည်။ အချိန်မီ သတင်းပို့ခြင်းမရှိလျှင် သက်ဆိုင်ရာက မိဘအုပ်ထိန်းသူများထံသို့ အကြောင်းကြားလေ့ရှိသည်။

သာဓကအနေဖြင့် စာရေးသူ ထိုင်းနိုင်ငံတွင် သံတမန်တာဝန်ထမ်းဆောင်စဉ်က စစ်သံရုံးမှ ယာဉ်မောင်း၏ သားဖြစ်သူသည် လုပ်ငန်းတာဝန်နှင့် နယ်သို့ရောက်ရှိနေပြီး စစ်မှုထမ်းဆောင်ရေးနှင့်စပ်လျဉ်း၍ သတင်းပို့ရန် နောက်ကျသည့်အတွက် ဖခင်ဖြစ်သူထံသို့ အကြောင်းကြားစာရောက်ရှိလာသည်ကို ကြုံခဲ့ဖူးသည်။ ထိုစဉ်က ဖခင်ဖြစ်သူသည် သက်ဆိုင်ရာသို့ ချက်ချင်းသွားရောက်ကာ အကျိုးအကြောင်းကို သွားရောက်ရှင်းပြခဲ့သည်။ သူတို့နိုင်ငံတွင် စစ်မှုထမ်းဆောင်မှုနှင့်စပ်လျဉ်း၍ စောဒကတက်သည်ကို တစ်ခါမျှမကြားခဲ့ရပေ။ ထို့ပြင် တမ်းပြည့်စစ်မှုထမ်းဆောင်လိုသည့် လူငယ်များစွာကိုလည်း တွေ့ရှိခဲ့ရသည်။ မြန်မာနိုင်ငံတွင်လည်း နိုင်ငံတော်ကာကွယ်ရေးအတွက် ထိုသို့စိတ်အားထက်သန်သည့်လူငယ်များစွာရှိနေမည်ဆိုလျှင် အတိုင်းအထက်အလွန်ပင်ဖြစ်သည်။ ပြည်တွင်း၊ ပြည်ပမှ အဖျက်သမားများ၏ အန္တရာယ်ကို ရင်ဆိုင်နေရသည့် အချိန်မျိုးတွင် နိုင်ငံတော်ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ပင်ဖြစ်သည်။

## နိုင်ငံသားတိုင်း၏ တာဝန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၅ တွင် "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်"ဟုလည်းကောင်း၊ ပုဒ်မ ၃၈၆ တွင် "နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန်တာဝန်ရှိသည်"ဟုလည်းကောင်း ပြဋ္ဌာန်းထားရှိသည်။

အလားတူ ပြည်သူ့စစ်မှုထမ်းဥပဒေ၏ နိဒါန်းပိုင်းတွင် "နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ယင်းတာဝန်ကို ထမ်းဆောင်နိုင်ရေးအလို့ငှာ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန်" ဥပဒေပြဋ္ဌာန်းရခြင်းဖြစ်ကြောင်း ဖော်ပြပါရှိသည်။

## ပြည်သူ့စစ်မှုထမ်းဥပဒေ

ပြည်သူ့စစ်မှုထမ်းဥပဒေတွင် အခန်း ၈ ခန်း ပါရှိသည်။ အခန်း ၁ တွင် စစ်မှုထမ်းရမည့်ကာလနှင့် အသက်အရွယ်တို့ပါရှိသည်။ စစ်မှုထမ်းရမည့် အသက်အရွယ်နှင့်စပ်လျဉ်း၍ အမျိုးသားသည် အသက် ၁၈ နှစ်ပြည့်ပြီး ၃၅ နှစ် မကျော်လွန်သေးသူ၊ အမျိုးသမီးဆိုလျှင် အသက် ၁၈ နှစ်ပြည့်ပြီး ၂၇ နှစ် မကျော်လွန်သေးသူများဖြစ်သည်။ ကျွမ်းကျင်ပညာရှင်များဆိုလျှင် အမျိုးသားသည် အသက် ၁၈ နှစ်ပြည့်ပြီး ၄၅ နှစ် မကျော်လွန်သေးသူ၊ အမျိုးသမီးသည် အသက် ၁၈ နှစ်ပြည့်ပြီး ၃၅ နှစ် မကျော်လွန်သေးသူများဖြစ်သည်။ စစ်မှုထမ်းဆောင်ရမည့်ကာလသည် နှစ်နှစ်ဖြစ်သည်။ ကျွမ်းကျင်ပညာရှင်သည် သုံးနှစ်ဖြစ်သည်။ဆိုရလျှင် နိုင်ငံသားတစ်ဦးအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးအတွက် အချိန် နှစ်နှစ်လောက်သာ ပေးရခြင်းသည် မပြောပလောက်သော ကာလတိုလေးသာဖြစ်သည်။ စစ်မှုထမ်းဆောင်ခြင်းအားဖြင့် ဘဝတိုးတက်အောင်မြင်မှုအတွက် တန်ဖိုးမဖြတ်နိုင်သောအတွေ့အကြုံများစွာကိုလည်း ရရှိစေနိုင်မည်ဖြစ်သည်။

## လွတ်လပ်ရေးကြိုးပမ်းစဉ်ကတည်းက

အမှန်တော့ ရှေးယခင်ကတည်းကပင် မြို့ရွာများအလိုက် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ခဲ့ကြသည်။ တိတိကျကျဆိုရလျှင် မျိုးချစ်စိတ်ဓာတ်ရှိသောနိုင်ငံသားတိုင်းသည် လွတ်လပ်ရေးကြိုးပမ်းစဉ်က ဗမာ့လွတ်လပ်ရေးတပ်မတော်(BIA)တွင် ဝင်ရောက်ကာ စစ်မှုထမ်းခဲ့ကြသည်။ ထိုစဉ် ပြည်သူများ တစ်ဖွဲဖွဲဝင်ရောက်စစ်မှုထမ်းခဲ့ကြသဖြင့် BIA သည် ခြောက်လအတွင်း အင်အား ၅၀၀၀၀ ကျော်ထိ ရှိလာခဲ့သည်။ ထိုစဉ်က ဂျပန်တို့သည် ဗမာ့လွတ်လပ်ရေးတပ်မတော်၏ နေ့ချင်းညချင်း အင်အားကြီးထွားလာမှုအပေါ် စိုးရိမ်မကင်းပင်ဖြစ်ခဲ့ရသည်။ အမှန်တော့ တပ်မတော်အင်အားတောင့်တင်းခိုင်မာလာသောကြောင့် နယ်ချဲ့တို့ထံမှ လွတ်လပ်ရေးအရယူနိုင်ခဲ့ခြင်းပင်ဖြစ်သည်။

## ပြည်သူ့စစ်မဟာဗျူဟာကျင့်သုံးရန်လို

မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ပြည်တွင်းသောင်းကျန်းမှုများနှင့် ပြည်ပကျူးကျော်သူ တရုတ်ဖြူကူမင်တန်တို့ကို နှိမ်နင်းရာတွင် ပြည်သူအားလုံးပါဝင်သည့် ပြည်သူ့စစ်မဟာဗျူဟာကို ကျင့်သုံးခဲ့သည်။ ထို့ကြောင့် မြစ်ဝကျွန်းပေါ်ဒေသနှင့် ပဲခူးရိုးမဒေသများတွင် ပြည်တွင်းသောင်းကျန်းသူများကို အမြစ်ပြတ်ချေမှုန်းနိုင်ခဲ့သည်။

အလားတူ လက်ရှိအချိန်တွင်လည်း စစ်ကိုင်းတိုင်းဒေသကြီးနှင့်ကယားပြည်နယ်အပါအဝင် အချို့သောတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် PDFအကြမ်းဖက်သမားများနှင့် တချို့သော EAO များသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် အကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်လျက်ရှိသည်။ ထိုသို့သော အခြေအနေမျိုးတွင် ပြည်ဖျက်အကြမ်းဖက်သမားများကို ပြည်သူအားလုံးပါဝင်မှုဖြင့် ချေမှုန်းသွားရန် လိုအပ်လာပြီဖြစ်သည်။ အထူးသဖြင့် အမျိုးသားစစ်မှုထမ်းစနစ်ကို မဖြစ်မနေကျင့်သုံးသွားရန် လိုအပ်လာပြီဖြစ်သည်။ နိုင်ငံတကာတွင်လည်း လိုအပ်ပါက ပြည်သူ့စစ်မှုထမ်းစနစ်ထက်မြင့်မားသည့် စစ်စည်းရုံးမှုအထိပင် လုပ်ဆောင်လေ့ရှိကြသည်။

## အကျိုးကျေးဇူးများစွာ

စင်စစ်အားဖြင့် ပြည်သူ့စစ်မဟာဗျူဟာသည် တပ်မတော်နှင့် ပြည်သူတို့ကြား ပေါင်းကူးတံတားပင်ဖြစ်သည်။ ထို့ကြောင့် ပြည်သူ့စစ်မှုထမ်းဥပဒေသည် တပ်မတော်နှင့် ပြည်သူတို့ကြား ဆက်နွယ်မှုကို ပိုမိုကျစ်လျစ်ခိုင်မာလာစေမည်ဖြစ်သည်။ အထူးသဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းခြင်းအားဖြင့် သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော ခြိမ်းခြောက်မှုများအပါအဝင် စစ်ကို ဟန့်တားနိုင်သော စွမ်းဆောင်ရည်(Deterrence Power)များ ပိုမိုရရှိလာမည်ဖြစ်သည်။

ထို့ပြင် တိုင်းပြည်၏ ကာကွယ်ရေးစွမ်းအားနှင့် ပြည်သူလူထု၏ ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာစွမ်းရည်များကိုလည်း ပြသနိုင်မည်ဖြစ်သည်။ ထိုသို့ပြသနိုင်မည်ဆိုလျှင် ပြိုင်ဘက်ရန်သူများကို ဟန့်တားနိုင်သည့် မဟာဗျူဟာအောင်မြင်ပြီး စစ်ကိုလည်း ဟန့်တားနိုင်သည့်စွမ်းဆောင်ရည်များရှိလာမည်ဖြစ်သည်။

ထို့ပြင် နိုင်ငံတော်လုံခြုံရေးအတွက် အခြေအနေများကိုလည်း ဖန်တီးသွားနိုင်မည်ဖြစ်သည်။ အထူးသဖြင့် ပြည်သူအားလုံးသည် စစ်မှုထမ်းစနစ်နှင့် အကျုံးဝင်နေသည့်အတွက် စစ်ဘက်-အရပ်ဘက်ဆက်ဆံရေးပိုမိုကောင်းမွန်လာမည်မှာ အသေအချာပင်ဖြစ်သည်။ ထို့ပြင် နိုင်ငံတော်၏ စီးပွားရေးတည်ဆောက်မှုနှင့် ကာကွယ်ရေးတည်ဆောက်မှုတို့ကိုလည်း မျှတစွာဆောင်ရွက်နိုင်မည်ဖြစ်သည်။

## နိုင်ငံတော်ကာကွယ်ဖို့ စစ်မှုထမ်းဆောင်ကြပါစို့

ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းခြင်းသည် နိုင်ငံတော်လုံခြုံရေးနှင့် နိုင်ငံသားအားလုံးအတွက် သားရွှေအိုးထမ်းလာသောကိန်းပင်ဖြစ်သည်။ လက်ရှိအချိန်တွင် ပြည်တွင်း၊ ပြည်ပ ပယောဂများကြောင့် တိုင်းပြည်၏ တချို့သောနေရာများတွင် အကြမ်းဖက်သမားများ ကြီးစိုးလျက်ရှိသည်။ နိုင်ငံသားတိုင်းသည် စစ်ပညာသင်ကြားပြီးချိန်တွင် နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုကို ခြိမ်းခြောက်လာသူများအား အမြစ်ပြတ်ချေမှုန်းနိုင်မည်ဖြစ်သည်။ အကျိုးဆက်အနေဖြင့် ပြည်သူများ အေးချမ်းစွာလုပ်ကိုင်စားသောက်နိုင်မည်ဖြစ်သည်။ ကလေးငယ်များ ပျော်ရွှင်ချမ်းမြေ့စွာ ပညာသင်ယူနိုင်မည်ဖြစ်သည်။ တိုင်းပြည်တိုးတက်ရေးလုပ်ငန်းများကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။ နိုင်ငံသားများအကြား တိုင်းပြည်ချစ်စိတ်၊ နိုင်ငံတော်ကာကွယ်လိုစိတ်များကိန်းအောင်းလာမည်ဖြစ်သည်။ အထူးသဖြင့် လူငယ်များကြားတွင် အမျိုးသားရေးစိတ်ဓာတ်နှင့် အမျိုးသားရေးသွေးစည်းညီညွတ်မှုတည်ဆောက်သွားမည်ဆိုသော စိတ်ဓာတ်များ ကိန်းအောင်းလာမည်ဖြစ်သည်။

စင်စစ်အားဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်သည် တပ်မတော်သားများ၏ တာဝန်သာမဟုတ်ဘဲ ပြည်သူအားလုံးမှာလည်း တာဝန်ရှိနေပေသည်။ အမှန်တော့ နိုင်ငံတော်လုံခြုံရေးသည် အားလုံးတွင် တာဝန်ရှိပေသည်။ ထို့ကြောင့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိသည့် နိုင်ငံသူနိုင်ငံသားအားလုံးအနေဖြင့် နိုင်ငံတော်ကာကွယ်ဖို့ ဂုဏ်ယူဝံ့ကြွားစွာ စစ်မှုထမ်းဆောင်ကြပါစို့ဟု တိုက်တွန်းအကြံပြုသွားလိုပါသည်။

## (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုပွဲနှင့် ဖျော်ဖြေပွဲကို တိုက်ရိုက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်**(ယနေ့)**တွင် နေပြည်တော် မြို့တော်ခန်းမရှေ့ရင်ပြင်၌ ကျင်းပမည်ဖြစ်ရာ အဆိုပါအခမ်းအနားကျင်းပပုံများကို ယနေ့နံနက် ၆ နာရီ မိနစ် ၄၀ မှ စတင်၍ MRTV-HD၊ MRTV NRC၊ MWD HD၊ MWD VARIETY HD၊ Channel Light၊ 5 Plus၊ Readers Channel၊ Skynet Up to Date၊ Skynet တိုင်းရင်းသား Channel ရုပ်သံလိုင်းများနှင့် မြန်မာ့အသံရေဒီယို၊ ပတ္တမြား FM၊ ချယ်ရီ FM၊ ပဒ္မဝတီ FM၊ မန္တလေး FM၊ ရွှေ FM၊ FM ပုဂံ၊ Star FM၊ သဝင် FMတို့အပြင် MRTV APP:တို့အပြင် Online တို့မှ တိုက်ရိုက်(LIVE)ရိုက်ကူး၍ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထို့ပြင် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုဖျော်ဖြေပွဲကို ယနေ့ည ၆ နာရီမှစတင်၍ မြန်မာ့ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း MRTV (NRC)တွင် တိုက်ရိုက်(LIVE) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

**(သတင်းစဉ်)**

0w Hv H @

# ရင်နှင့်ချည်သောကြိုး

ခင်ဖော်(သီတာကုန်းပြင်)



(၁)

ကျွန်မနေသည့် ရေကြည်မြို့လေးတွင် ရထား ဘူတာရှိသည်။ ရထားဘူတာ၏ မြောက်ဘက်တွင် ဘူတာကိုအမှီပြု၍ ဖွင့်လှစ်ထားသော ထမင်းဆိုင်များ၊ အသုပ်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များ၊ ကုန်စုံဆိုင် များနှင့် လူနေအိမ်များရှိသည်။ ဘူတာ၏ တောင် ဘက်တွင် ရှုမဆုံးသည့်စပါးခင်းများရှိသည်။

ကျွန်မ တာဝန်ကျရာစာသင်ကျောင်းသည် မြို့၏ နှစ်မိုင်ခန့် အကွာတွင်ရှိသည့် ဒယ်ကုန်းရွာကလေး ဖြစ်သည်။ လယ်ယာစိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်း ကျောင်းပြုရသောရွာလေး ဖြစ်ခြင်းကြောင့် ကျောင်း ကလေးမှာ ထည်ဝါခံ့ညားမှုမရှိဘဲ ယိုင်နဲ့နဲ့သစ်သား ကျောင်းလေးသာဖြစ်၏။ ဆရာအရေအတွက်မှာလည်း ကျွန်မအပါအဝင် သုံးယောက်သာရှိပြီး ကျောင်းအုပ် တာဝန် ကို ကျွန်မကပင် ယူထားရသည်။ ပုသိမ်ဘက် ကလာသည့်အမြန်ရထားသည် နေ့စဉ် နံနက် ၈ နာရီ တွင် ရေကြည်ဘူတာသို့ ရောက်ရှိနေကျဖြစ်သဖြင့် ရထားအမီဘူတာသို့သွား၍ ရထားစီးကာ နေ့စဉ်ကျောင်း တက်ခဲ့သည်။

(၂)

"ဆရာမ စံပယ်ပန်းမွှေးမွှေးလေးယူအုံးမလား"

"သြော်. . . အေး အေး သားရေ ယူမယ်။ ရော့ ပိုက်ဆံ"

ကျွန်မဘူတာသို့ရောက်တိုင်း ကျွန်မထံ စံပယ်ပန်း လာရောင်းသည့် ၁၃ နှစ်အရွယ် ကလေးငယ်ကောင် ကလေးတစ်ယောက်ရှိသည်။ ကလေးငယ်ကောင်က လေး၏အသွင်သဏ္ဌာန်မှာ အလွန်ဆင်းရဲပုံရသည်။ မိသားစုအခက်အခဲကြောင့် ပညာရေးတစ်ဝက်တစ်ပျက် နှင့် ကျောင်းထွက်ခဲ့ရသည် ထင်သည်။ အရောင်လွင့် ပြယ်၍ စုတ်ပြဲစပြုနေသော စွပ်ကျယ်အင်္ကျီချိုင်းပြတ် နှင့် အနားဖွာလန်လျက်ရှိသော ကျောင်းစိမ်းလုံချည် အဟောင်းလေးကိုအမြဲဝတ်ထား၏။ ကျွန်မအပါ အဝင် ဘူတာသို့ရောက်ရှိလာသည့်ခရီးသည်တိုင်းကို စံပယ်ပန်းရောင်းပြီး အသက်မွေးဝမ်းကျောင်းပြု နေရဟန်တူသည်။ တစ်ခါတစ်ရံ ကလေးငယ်ကောင် ကလေး၏ညီမလေးဟုထင်ရသည့် ငါးနှစ်ခန့်အရွယ် ကောင်မကလေးတစ်ယောက် ပါလာတတ်ပြီး မောင်နှမနှစ်ယောက်ပန်းများ ရောင်းချတတ်သည်။ ဘူတာကိုကျွန်မရောက်တိုင်း ကလေးငယ်ကောင် ကလေးကိုသတိထားပြီးကြည့်ဖြစ်ရာ အထုပ်ကိုယ်စီ ဖြင့် မနိုင်မနင်းရထားပေါ်ကဆင်းလာသည့် ခရီးသည် များကိုတွေ့လျှင်လည်း အတင်းပြေး၍ အထုပ်များကို ကူသယ်ပေးတတ်သည်။ အချို့အထုပ်များကိုလည်း ဆိုက်ကားပေါ်၊ ကားပေါ်ရောက်အောင် ကူညီပို့ ဆောင်တတ်သေးသည်။ ဘူတာဝင်းထဲရှိ အမှိုက် သရိုက်များကိုလည်း ဝန်ထမ်းများနှင့်အတူ ကူညီ ၍ရှင်းသေး၏။ ထို့ကြောင့် မီးရထားဝန်ထမ်းများကအစ ခရီးသည်များ၊ ဆိုက်ကားဆရာများ၊ ကားသမားများ အားလုံးက ပန်းရောင်းသည့်ကောင်ကလေးတို့ မောင်နှမနှစ်ယောက်ကို ချစ်ခင်သနားကြသလို နေ့စဉ် မုန့်ပဲသရေစာများ ဝယ်ကျွေးကြ၏။ ပန်းဝယ် တိုင်း သူတို့မောင်နှမနှစ်ယောက်ထံတွင်သာ ဝယ်ယူ အားပေးကြသည်ကို မြင်တွေ့ရသည်။

(၃)

တစ်နေ့ ဘူတာကို ကျွန်မရောက်သည့်အချိန်တွင် နေ့စဉ်ကျွန်မမြင်တွေ့ရသော ပန်းရောင်းသည့်ကလေး ငယ် ကောင်ကလေး၏ မြင်ကွင်းကို မတွေ့ရသည့် အတွက် ဘူတာဝင်းထဲရှိ နေရာအနှံ့ကို ကျွန်မမျက်စိ ကစား၍ရှာဖွေမိသည်။ ထိုကလေး၏ အရိပ်အယောင် မျှပင် မမြင်တွေ့ရသဖြင့်-

"အဲဒီကလေးလေး ဒီနေ့ဘာဖြစ်လို့မလာတာပါ လိမ့်။ နေများမကောင်းလို့လား"ဆိုသည့် အတွေးကို ရထားစီးရင်းလမ်းတစ်လျှောက်လုံးတွေးကာ ကျွန်မ ကျောင်းရှေ့သို့ရောက်ရှိလာခဲ့ရသည်။ ကျောင်းရှေ့ တွင် ထိုကလေးတို့မောင်နှမနှစ်ယောက်က ကျွန်မ အလာကိုစောင့်ကြိုနေကြသည့်အတွက် ကျွန်မ တအံ့တသြဖြစ်မိသည်။

"သားတို့မောင်နှမနှစ်ယောက် ဒီနေ့ဆရာမ ကျောင်းကို ပန်းလာရောင်းတာလားကွယ်။ ဆရာမက တော့ ဒီနေ့ဘူတာမှာ သားတို့မောင်နှမကိုမတွေ့ရလို့ ဘာဖြစ်လို့မလာတာပါလိမ့်ဆိုပြီး စိတ်မကောင်း ဖြစ်နေတာ"

"သားတို့ ဆရာမကျောင်းကို ပန်းလာရောင်းတာ မဟုတ်ပါဘူး"

ကလေးငယ်ကောင်ကလေး၏အဖြေစကားကို ကျွန်မ နားမရှင်းသလိုဖြစ်မိသည်။ ကလေးငယ် ကောင်ကလေးသည် သူ့ညီမလေး၏ လက်တစ်ဖက် ကို ဘယ်ဘက်လက်ဖြင့် ဆွဲထားပြီး ညာလက်တစ် ဖက်က စံပယ်ပန်းကုံးကလေးများကို ကိုင်ထား၏။

"သားစကားကို ဆရာမနားမလည်လို့ သေသေ ချာချာရှင်းပြပါအုံးကွယ်"

"ဟောဒီက သားညီမလေးကို ကျောင်းလာအပ် တာပါ။ ညီမလေးက ဒီနှစ် ငါးနှစ်ပြည့်ပြီလေ"

"သြော်. . . သားရယ် ကျောင်းအပ်တယ်ဆိုတာ လွယ်တဲ့ကိစ္စမဟုတ်ဘူးကွဲ့။ အိမ်ထောင်ဦးစီးကိုယ်တိုင် လာပြီး သားသမီးကိုအပ်ရတယ်။ ပြီးတော့ ကလေးရဲ့ မွေးစာရင်းတို့၊ အိမ်ထောင်စုစာရင်းတို့လဲ ပြည့် ပြည့် စုံစုံပါရတယ်ကွဲ့။ သားမှာ အဲဒါတွေပါရဲ့လား။ ပြီး တော့ သားရဲ့မိဘတွေကို သွားပြန်ခေါ်လေ"

ကျွန်မ၏စကားများကြောင့် ကလေးငယ်ကောင် ကလေးမှာ မျက်နှာကွက်ခနဲပျက်သွား၏။ ကလေးငယ် ကောင်မကလေးက ညှိုးငယ်နေသည့်မျက်လုံးလေးဖြင့် သူ့အစ်ကိုကို မော့ကြည့်နေသည်။

"သားတို့မောင်နှမမှာ အဖေနဲ့အမေ မရှိတော့ပါ ဘူးဆရာမ။ အဖေက ကျွန်တော့်အသက် ရှစ်နှစ် အရွယ်မှာ လယ်ထဲအလုပ်လုပ်ရင်း ပိုးထိလို့ဆုံးသွား တာ။ အမေက နောက်ယောကျ်ားရပြီး ဘယ်ရောက် သွားမှန်းမသိပါဘူးဆရာမရယ်"

ကလေးငယ်ကောင်ကလေး၏အဖြေစကားကြောင့် ကျွန်မရင်ထဲ နင့်ခနဲဖြစ်မိသည်။

"ဒါဆိုရင် သားတို့မောင်နှမက ဘယ်သူနဲ့ နေတာလဲ"

"အဘွားနဲ့နေရတာပါ ဆရာမ။ အဘွားကလဲ မျက်စိတိမ်စွဲရာကနေ မျက်စိနှစ်လုံးစလုံးမမြင်ရ တော့ပါဘူး"

ကလေးငယ်ကောင်ကလေးထံမှ ထပ်မံကြား သိရ သော စကားကြောင့် ကျွန်မရင်ထဲ ဒုတိယအကြိမ်နင့်ခနဲ ဖြစ်မိပြန်သလို မိဘမဲ့ကလေးနှစ်ယောက်ကို သနား ကရုဏာဖြစ်မိသည်။ ကျောင်းအပ်ရန်အတွက် အချက် အလက်များမပြည့်စုံသည့် အကြောင်းပြချက်ဖြင့် လူမမည်ကလေးနှစ်ယောက်ကို စိတ်ဒဏ်ရာမရစေလို ပါ။ အရွယ်ရောက်၍ပညာသင်ချင်သည့်ကလေးငယ် တိုင်းကို ပညာသင်ကြားပေးရမည့်တာဝန်က ကျွန်မလို ပညာရေးဝန်ထမ်းတိုင်း၏ တာဝန်ပင် မဟုတ်ပါလော။ စည်းကမ်းနှင့်မညီ၍ ကျောင်းသားစာရင်းတွင် တရား ဝင်မထည့်သေးသော်လည်း ကလေးငယ် ကောင်မကလေးကို ကျွန်မလက်ခံထားလိုက်သည်။

"ကဲ သားရေ ညီမလေးကို ကျောင်းမှာထားခဲ့ပေ တော့။ ညနေ ကျောင်းဆင်းရင် သားညီမလေးနဲ့အတူ ဆရာမလဲ သားတို့အိမ်ကို အလည်လိုက်လာ ခဲ့မယ်နော်"

ကျွန်မစကားကြောင့် ကလေးငယ်ကောင်ကလေး သည် ဝမ်းသာရွှင်မြူးစွာဖြင့် သူ့ညီမလေးကိုနှုတ်ဆက် ၍ ကျောင်းဝင်းထဲကပြေးထွက်သွားသည်။ အချိန်မီ ဘူတာကိုရောက်ပါမှ သူ့လက်ထဲက ပန်းလေးများ ရောင်းရမည် မဟုတ်ပါလား။

(၄)

"ကိုကြီးရေ ကိုကြီး။ ဒီမှာ ညီမလေးတို့အိမ်ကို ဆရာမပါ လိုက်လာတယ်"

ကလေးငယ်ကောင်မကလေး၏ အိမ်ရှေ့မှခေါ်သံ ကြောင့် ယိုင်နဲ့နဲ့ဝါးတဲအိမ်လေးအတွင်းကနေ ကလေး ငယ်ကောင်ကလေးပြေးထွက်လာသည်။ သူတို့ အိမ် လေးသည် ဒယ်ကုန်းရွာလေး၏အစွန်ဘက်တွင် ရှိ သည့် တဲသာသာအိမ်လေးငါးလုံးထဲမှ တစ်လုံးဖြစ် သည်။ အိမ်ခြံဟူ၍မရှိ။ ခြံထဲတွင် ငှက်ပျောပင်များက ဟိုတစ်ပင်သည်တစ်ပင်ရှိကြသည်။

"အိမ်ပေါ်တက်ပါအုံး ဆရာမရယ်။ အဘွားရေ အဘွား။ ဒီမှာ ညီမလေးတို့ကျောင်းကဆရာမ အိမ်ကို အလည်လိုက်လာလို့"

ကလေးငယ်ကောင်ကလေး၏ ပြောစကားသံ ကြောင့် အသက် ၇၀ ကျော်ခန့် ရှိမည်ထင်ရသည့် အဘွားအိုသည် အိပ်ရာထဲက လူးလိမ့်ကာ ထလာသည်။ အိမ်ကြမ်းခင်းများမှာ လူနေဖြစ်ရုံသာ ဝါးကိုတစ်ခြမ်း ခွဲပြီးဖြစ်သလိုခင်းထားသောကြောင့် ဟိုနားအပေါက် တစ်ပေါက် သည်နားအပေါက်တစ်ပေါက်နှင့်ရှိနေ၏။ အဘွားအိုကို ကျွန်မကပင် နှုတ်ဆက်စကားဆို၍ ကလေးငယ်ကောင်မကလေး ကျောင်းအပ်ရန်အတွက် လိုအပ်သည့် မွေးစာရင်း သို့မဟုတ် အိမ်ထောင်စုစာရင်း တစ်ခုခုရနိုင်ရန်အတွက် လာခဲ့ခြင်းဖြစ်ကြောင်း အဘွားအိုကိုပြောပြခဲ့သည်။

"ဆရာမကိုလဲ အားနာပါတယ်။ ဒီကျွန်မမြေးလေး နှစ်ယောက်က မိဘမဲ့တွေပါ။ ကျွန်မကလဲ မျက်စိ ကွယ်နေလို့ ဘာအလုပ်မှမလုပ်နိုင်ပါဘူး။ မြေးလေး ပန်းရောင်းလို့ရလာတဲ့ ငွေလေးရယ် သူများတွေ သနား လို့ ပေးကမ်းကြတဲ့ငွေလေးတွေနဲ့ ကျွန်မတို့မြေးအဘွား တွေ တစ်နေ့စာတစ်နေ့ထမင်းနပ်မှန်အောင်စားနေရ တာပါ။ အခုဆိုရင် မြေးအငယ်ကောင်မကလေးက ငါးနှစ်ပြည့်ပြီဆိုတော့ သူ့အစ်ကိုကသူ့ညီမလေးကို ပညာတတ်ကြီးဖြစ်အောင် ကျောင်းထားမယ်၊ သူလဲ အလုပ်ကို ပိုပြီးကြိုးစားမယ်ဆိုပြီး ဆရာမကျောင်းကို ရောက် လာတာပါပဲဆရာမရယ်"

အဘွားအိုထံမှစကားသံများကို နားထောင်ရင်း ကလေးနှစ်ယောက်၏မျက်နှာများကို ကျွန်မလှည့် ကြည့်မိသည်။ သူတို့၏မျက်လုံးထဲတွင် အားငယ်ခြင်း၊ သိမ်ငယ်ခြင်းများစွာကို မြင်တွေ့နေရသည်။

"ကလေးနှစ်ယောက်ရဲ့မိဘတွေရဲ့ သေတ္တာလေး တော့ ရှိပါတယ်။ အထဲမှာ ဆရာမပြောတဲ့ဟာတွေ ရှိ၊ မရှိတော့ ကျွန်မက စာမဖတ်တတ်တော့ ဘာမှမ သိပါဘူး။ မြေးရေ အဘွားအိပ်ရာဘေးက သေတ္တာ လေး မင်းဆရာမဆီကိုယူလာခဲ့ပါအုံး"

ကလေးငယ်ကောင်ကလေးက သေတ္တာလေးကို ယူပြီး ကျွန်မရှေ့တွင် လာချသည်။ ၁၃ နှစ်အရွယ်လူမ မည် ကောင်ကလေးတစ်ယောက်၏ ညီမဖြစ်သူ အပေါ်ထားရှိသော မေတ္တာတရားနှင့် ပညာရေးကိုအား ပေးသည့် စိတ်ဓာတ်ကို ကျွန်မရင်ထဲကနေ ချီးကျူးမိ သလို သေတ္တာထဲမှာ ကျွန်မလိုချင်သည့်အချက် အလက်များရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကလေး ငယ်ကောင်မကလေးကို ကျွန်မကျောင်းတွင် မဖြစ် မနေဝင်ခွင့်ရအောင် ကြိုးစား၍ ဘွဲ့ရပညာတတ် တစ်ယောက်ဖြစ်အောင် ကျွန်မကပင် တာဝန်ယူ၍ ပြုစုပျိုးထောင်သွားမည်ဟူ၍ ဆုံးဖြတ်လိုက် ပါတော့သည်။

# ရွှေဘိုမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၂၄၀၇ ဧက စိုက်ပျိုးပြီးစီး



**ရွှေဘို ဖေဖော်ဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၂၄၀၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံဧက ၂၃၁၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၄၀၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ရွှေဘိုမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ စားဖိုဆောင်သီးနှံဧက ၂၃၁၀ လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့ထိ ၂၄၀၇ ဧက စိုက်ပျိုးပြီးပြီဖြစ်လို့ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ စားဖိုဆောင်သီးနှံတွေကို GAP နည်းစနစ်တွေနဲ့စိုက်ပျိုးဖို့၊ စိုက်နည်းစနစ်တွေမှန်ကန်စေဖို့၊ ပိုးမွှားကျရောက်မှုမရှိစေဖို့အတွက် ဆောင်ရွက်ပေးပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် စားဖိုဆောင်သီးနှံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် ငရုတ် ၆၆ ဧက၊ ကြက်သွန်နီ ၂၃၁၃ ဧက၊ ကြက်သွန်ဖြူ ၂၈ ဧက စုစုပေါင်း ၂၄၀၇ ဧကဖြစ်ကြောင်း၊ သီးနှံအလိုက်လျာထားမှုအနေဖြင့် ငရုတ် ၆၅ ဧက၊ ကြက်သွန်နီ ဧက ၂၂၁၀၊ ကြက်သွန်ဖြူ ၃၅ ဧက စုစုပေါင်း ဧက ၂၃၁၀ ဖြစ်ကြောင်း သိရသည်။

ရွှေဘိုမြို့နယ်တွင် စားဖိုဆောင်သီးနှံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အထွက်နှုန်းကောင်းရန်၊ GAP စိုက်နည်းစနစ်များသိရှိစေရန်၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရန် နည်းပညာပေးခြင်းတို့ကိုဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (၂၀၆)

# မိုင်းလားမြို့နယ် နမ့်ပါးကျေးရွာ၌ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မိုင်းလား ဖေဖော်ဝါရီ ၁၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းလားခရိုင် မိုင်းလားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက နမ့်ပါး ကျေးရွာ၌ စိမ့်စမ်းရေသွယ်ယူခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းလားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဦးစိုးလွင်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်ညီညီနှင့် အင်ဂျင်နီယာ ဝန်ထမ်းများသည် နမ့်ပါးကျေးရွာ၌ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာ ရေပေးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးစီးသည့် ရေရရှိရေးလုပ်ငန်းကို ရေရှည်တည်တံ့အောင် စနစ်တကျ သုံးစွဲကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းသည် အရှည် နှစ်မိုင်ရှိပြီး ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၄၃ ဒသမ ၁၆၄ သန်း အသုံးပြုကာ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ကြီးကြပ်မှုဖြင့် တင်ဒါအောင်မြင်သည့် ချယ်ရီရတနာမွန်ကုမ္ပဏီက ၂၀၂၃ခုနှစ် ဇူလိုင်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါ စိမ့်စမ်းရေသွယ်ယူခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးရွာရှိ ကျေးလက်နေပြည်သူများအတွက် နွေရာသီရေရှားပါးသည့်ပြဿနာများ ပြေလည်ကာ သန့်ရှင်းသော သောက်သုံးရေများ ရာသီမရွေး ဖူလုံစွာရရှိနေပြီဖြစ်ကြောင်း ခေတ္တခရိုင်ဦးစီးမှူး ဦးစိုးလွင်ထံမှ သိရသည်။

**ချိုသန်းဥူနံ.**



# ဖြူးမြို့နယ် သာဓုကန်ကျေးရွာ၌ စတုတ္ထအကြိမ် VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဖြူး ဖေဖော်ဝါရီ ၁၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး မိသားစု ဝင်ငွေတိုးပွားလာကာ ကျေးလက်ဒေသ ဆင်းရဲမှုနှုန်း လျော့ကျလာစေရန် ရည်ရွယ်၍ သာဓုကန်ကျေးရွာ၌ စတုတ္ထအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၁၀ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်က သာဓုကန်ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး စတုတ္ထအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ အရင်းငွေ၊ အတိုးငွေများကို သတ်မှတ်ကာလအတွင်း ပေးသွင်းစေလိုကြောင်း၊ ကျေးလက်နေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါစီမံကိန်းနှင့် ပတ်သက်သော စည်းမျဉ်းစည်းကမ်းများ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံက စီမံကိန်း စက်ဝန်းကာလသတ်မှတ်ချက်များ၊ ချေးငွေသဘောတူစာချုပ်ပါ သတ်မှတ်စည်းမျဉ်းစည်းကမ်းများ၊ ချေးငွေထုတ်ပေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမတည် ရန်ပုံငွေစီမံကိန်းကော်မတီဝင်များထံ စီမံကိန်း ရန်ပုံငွေကျပ်၂၀၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များက သာဓုကန်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၃ ဦးကို ရန်ပုံငွေကျပ် ၂၀၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို**

## အလှစစ်ကို တွေ့ရှိခြင်း

- အလှပေါ် အယဉ်ဆင့်
  အသွင်တင့်လို့ နန်းထက်မော်၊
  မှုန်နံ့သာ ခြယ်ကာသတဲ့
  ဘဝမှာပျော်၊
  ခေမာမိဖုရား သတင်းကျော်
  တရားတော် မနာကြား၊
  အလှကို အပြစ်ပြော
  ဟောသည်ထင်မှား။

- မတွေ့လို မြတ်ဘုရားနဲ့
  ကျောင်းတော်သွားဖို့ ငြင်းဆို၊
  အလှဂုဏ် မာန်တွေယစ်
  ပျိုမျစ်ချိန်ကို၊
  တေးဂီတ သံစဉ်ချို
  ယာသာမှုပို့တဲ့ ဝေဠုဝန်ကျောင်း၊
  အလှရှင် နားဝမှာ
  ကြားရခါ အကြိမ်များတော့
  သွားမိပါကြောင်း။

- ဘုရားကို အသာချောင်းလို့
  ကျောင်းတိုက်ထဲ သူအဝင်၊
  ဘုရားရှင် ထံအပါးမှာ
  ဝပ်တွားပျိုစင်၊
  လူမက နတ်အသွင်
  မြင်ပြန်လျှင် သူရှုစား၊
  ရှုကြည့်စဉ် ချိန်ခဏမှာ
  ဇရာဓိဇရာ၊ မရဏရယ်ကြောင့်
  အလှတွေ ခဝါချလို့
  ပုပ်ပွတကား။

- ကြောက်လန့်ဖွယ် အရှိတရားကို
  သတိထား ရှုမြင်သော်၊
  ရုပ်နှင့်နာမ် ဖြစ်ပျက်
  ဆက်ဆက်သာပေါ်၊
  မြတ်ဘုရား တရားတော်
  ရှိခိုးကော်ရော် နာပွားကျင့်၊
  ဓမ္မအနှစ်ရယ်ကြောင့်
  အလှစစ် အဖြာဖြာနဲ့
  သာသနာဝယ် ပညာအရာတေဒဂ်ရယ်လို့
  ကြီးမြတ်ဂုဏ်ဆင့်။ ။

**စွန်းရန်ပုံစွင်း**

ကိုဗစ် -၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှုလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# အေးသောရာသီနှင့် တုပ်ကွေးရောဂါ

ပေါက်ပေါက်

ရာသီတုပ်ကွေးရောဂါ (Seasonal Flu) သည် တုပ်ကွေးရောဂါပိုးရပ်ပိုး (Influenza) ကြောင့် ဖြစ်ပွားပြီး အသက်ရှုလမ်းကြောင်းမှတစ်ဆင့် ကူးစက်နိုင်ပါသည်။ ၎င်းပိုးရပ်သည် အေးသောရာသီဥတု ပတ်ဝန်းကျင်တွင် ပေါက်ဖွားပြန့်ပွားနှုန်းများသည်။ ထို့ကြောင့် ပတ်ဝန်းကျင်ပြင်ပနှင့် ထိတွေ့ဆက်ဆံမှုများလျှင် ကူးစက်ရန်လွယ်ကူပြီး အကယ်၍ မိမိ၌ ကိုယ်ခံအားမကောင်းပါက အလွယ်တကူ ကူးစက်ခံရတတ်ပါသည်။

**မိမိကြောင့် အများကိုကူးစက်နိုင်**

ကမ္ဘာပေါ်တွင် ပျံ့နှံ့ကူးစက်မှု အမြန်ဆုံးနှင့်အဖြစ်များဆုံးသော ရောဂါများထဲတွင် ရာသီတုပ်ကွေးရောဂါ (Seasonal Flu)လည်း တစ်ခုအပါအဝင်ဖြစ်သည်။ အထူးသဖြင့် အာရှတိုက်ဒေသရှိ လူတစ်ဦးတွင် မိုးဦးရာသီ သို့မဟုတ် ဆောင်းရာသီမှာ ပျမ်းမျှအားဖြင့် အနည်းဆုံး တစ်နှစ်လျှင်တစ်ကြိမ် တုပ်ကွေးရောဂါ ဖြစ်တတ်သည်။ အအေးမိ တုပ်ကွေးဖြစ်နေသူ တစ်ဦးသည် တစ်ရှူးအုပ်၍ နှာချေ၊ ချောင်းဆိုးသင့်ပြီး ထိုတစ်ရှူးကို အမှိုက်ပုံးထဲသို့ စနစ်တကျ စွန့်ပစ်သင့်သည်။ လက်ကိုင်ပဝါဖြင့်အုပ်၍ နှာချေ၊ ချောင်းဆိုးသောအခါ ပိုးရပ်ပိုးက ထိုလက်ကိုင်ပဝါထဲတွင် နှစ်နာရီ သုံးနာရီကြာသည်ထိ အသက်ရှင်နိုင်သည်။ အကယ်၍ လူအများကြားထဲတွင် နှာချေ၊ ချောင်းဆိုးပါက တုပ်ကွေးပိုးရပ်ပိုးများ တစ်ပေ နှစ်ပေခန့်ထိ ပျံ့နှံ့သွားပြီး ထိုအချိန်၌ ပတ်ဝန်းကျင်မှ ကိုယ်ခံအားနည်းသူထံသို့ ၎င်းပိုးရပ်ပိုးများ အလွယ်တကူ ကူးစက်နိုင်သည်။

**ရောဂါလက္ခဏာများ**

ဖျားခြင်း၊ နှာချေခြင်း၊ လည်ချောင်းနာခြင်း၊ ခေါင်းကိုက်ခြင်း၊ နှာရည်ယိုခြင်း၊ ချောင်းဆိုးခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ အစားအသောက်ပျက်ခြင်း စသည်တို့သည် ရာသီတုပ်ကွေးရောဂါလက္ခဏာများ ဖြစ်ကြသည်။ ရံဖန်ရံခါ အဖျားဝင်လာပြီး သလိပ်များ ပျစ်ခဲလာခြင်း၊ ချွဲသလိပ်များဝါလာခြင်းဖြစ်နိုင်သည်။ ထိုအခြေအနေမျိုးတွင် ပိုးသတ်ဆေးသောက်မှရောဂါ ပျောက်နိုင်ပါသည်။ လူအများစုက မိမိအိမ်မှာပင် သာမန်အကိုက်အခဲပျောက်ဆေးပြားသောက်၍ ရောဂါကို ကုစားတတ်ကြသော်လည်း၊ တော်တော်နှင့် မပျောက်နိုင်ဘဲ ရောဂါပြင်းမှသာ ဆေးရုံ၊ ဆေးခန်းသို့ ရောက်လာတတ်ကြသည်။ အခန့်မသင့်ပါက အသက်ဆုံးရှုံးရနိုင်သည့် သာဓကများစွာ တွေ့ရသည်။ အမှန်စင်စစ်တုပ်ကွေးရောဂါသည် သာမန်အအေးမိရောဂါထက် ပိုမိုပြင်းထန်၍ အဖျားကြီးကာ အဖျားတာရှည်စေသည်။ ပျမ်းမျှအသက်ခြောက်လနှင့်အထက်မှစ၍ ဖြစ်နိုင်သည်။ ထို့ကြောင့် ကာကွယ်ဆေးကြိုတင်ထိုးထားသင့်သည်။

တုပ်ကွေးရောဂါသည် လူကြီးလူငယ်မရွေးဖြစ်နိုင်ပြီး အဆုတ်ရောင်ရောဂါ၊ နားပြည်ယို၊ ထိပ်ကပ်နာနှင့် ရေဓာတ်ခန်းခြောက်ရောဂါအခံရှိသူများတွင် ရာသီတုပ်ကွေးဖြစ်လာပါက အသက်အန္တရာယ်ဖြစ်စေနိုင်သည်။ ကူးစက်လွယ်ရောဂါတစ်မျိုးဖြစ်သဖြင့် လူနာကို ထိတွေ့ကိုင်တွယ်ခြင်း၊ တံတွေးနှင့်သလိပ်ကို ထိတွေ့မိခြင်း၊ လူနာက နှာချေ၊ ချောင်းဆိုးစကားပြောစဉ် ပိုးရပ်ပါလာသော လေကိုရှူရှိုက်မိခြင်းတို့မှ တစ်ဆင့် အလွယ်တကူကူးစက်နိုင်သဖြင့် ကာကွယ်ခြင်းဖြင့် လက်ဦးမှုကိုအရယူရပါမည်။ အထူးသဖြင့် ရာသီတုပ်ကွေးရောဂါကို ပြင်းထန်စွာခံစားရနိုင်သည့် ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါအခံရှိသူများနှင့် ရောဂါကူးစက်မှုခံရနိုင်ခြေများပြားသည့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် နှစ်စဉ် ရာသီတုပ်ကွေးရောဂါ ကာကွယ်ဆေးထိုးနှံမှုကို ခံယူထားသင့်ပါသည်။

**ရှောင်ရန်ဆောင်ရန် နည်းလမ်းကောင်းများ**

ကိုယ်ခံအားကောင်းသူများနှင့် ကြိုတင်ကာကွယ်ဆေးများဖြင့် လက်ဦးမှုအရယူနိုင်သူများမှာ ရာသီတုပ်ကွေးဖျားနာခြင်းကြောင့် အသက်အန္တရာယ် မစိုးရိမ်ရသော်ငြား၊ အဖျားပျောက်ပြီးချောင်းဆိုးရောဂါ စွဲကျန်ရစ်ခဲ့ကာ မိသားစုဝင်များနှင့်ပတ်ဝန်းကျင်ရှိသူများကို လက်ဆင့်ကမ်းမကူးစက်ရလေအောင် နည်းလမ်းများကို ဖော်ပြလိုက်ပါသည်။

**အစိမ်းရောင်၊ အဝါရောင်များများစားပါ**

အစိမ်းရောင်ဟင်းသီးဟင်းရွက်များ စားပေးခြင်းက ကိုယ်ခံစွမ်းအားကို တိုးတက်မြင့်မားစေသည်။ အထူးသဖြင့် ပန်းဂေါ်ဖီစိမ်းထဲတွင်ပါရှိသော ဓာတုဓာတ်ပေါင်းစုက အအေးမိ၍ တုပ်ကွေးနှင့် ကူးစက်ဖျားနာများကို ကောင်းစွာတိုက်ထုတ်ပေးနိုင်သည်။ ထို့ကြောင့် ပန်းဂေါ်ဖီစိမ်းထဲကို ဂျင်း(ချင်း) ဓားပြားရိုက်၍ ရောနှောကြော်စားရန် Cambridge တက္ကသိုလ်ရှိ အာဟာရဗေဒပညာရှင်များက အကြံပြုထားကြသည်။ ထိုနည်းတူစွာပင် အဝါရောင်သီးနှံများဖြစ်ကြသော လိမ္မော်သီးနှင့် သံပုရာသီးတို့ကို ဖျော်ရည်အဖြစ် လည်းကောင်း၊ လိမ္မော်ခွံ သို့မဟုတ်



သံပုရာခွံတို့ကို ရေနွေးစိမ်၍လည်းကောင်း သောက်သုံးခြင်းဖြင့် တုပ်ကွေးဖျားနာခြင်းမှ ကြိုတင်ကာကွယ်ရာရောက်သည်။

**အားဆေးမှီဝဲပါ**

ဗီတာမင်စီက ကိုယ်ခံအားကို မြင့်တက်စေ၍၊ ဗီတာမင်ဒီက အအေးမိခြင်းမှ ကာကွယ်ပေးနိုင်သည်။ အအေးမိတုပ်ကွေးဖျားနာခြင်းအတွက် ဗီတာမင်စီ တစ်ခုတည်း မလုံလောက်နိုင်ပေ။ ဗီတာမင်ဒီ အပါအဝင် အခြားဗီတာမင်နှင့် သတ္တုဓာတ်တို့ပါဝင်သော အစားအသောက်တို့ကို မျှတစွာစားပေးရမည်။ မိမိနေ့စဉ် စားသောက်နေသောအစားအစာများထဲတွင် ၎င်းဓာတ်များ တစ်ပြိုင်နက်တည်း လုံလောက်စွာ မရနိုင်သဖြင့် ဖြည့်စွက်အဖြစ် အားဆေးမှီဝဲပေးရန် လိုပါသည်။

**အိပ်ရေးဝဝအိပ်ပါ**

တစ်နေ့လျှင် ပျမ်းမျှ ၈ နာရီခန့်အိပ်ရေးဝဝအိပ်စက်ခြင်းက သွေးတိုးရောဂါနှင့် အဝလွန်ခြင်းကိုကာကွယ်ပေးရုံသာမက အအေးမိနှာစေးကဲ့သို့ အသက်ရှူလမ်းကြောင်းမှ ကူးစက်ရောဂါပိုးများကိုလည်း တိုက်ထုတ်ပေးနိုင်သည်။ ထို့ပြင် အိပ်စက်မှုကြာမြင့်ချိန် ခြောက်နာရီခန့် လျော့နည်းစွာအိပ်စက်သူများကို ရှစ်နာရီခန့် အိပ်စက်သူများနှင့် နှိုင်းယှဉ်ပါက အိပ်ချိန်နည်းသူများမှာ အအေးမိကူးစက်ရောဂါဖြစ်နိုင်ခြေအလားအလာသုံးဆမျှပိုကြောင်း အမေရိကန်ဆေးသုတေသီများက အကြံပြုထားသည်။

**ပဋိဇီဝဆေးဆောင်ထားပါ**

ချမ်းအေးသော ရာသီများတွင် ကိုယ်ခံအားနည်းသောကလေးများနှင့် သက်ကြီးရွယ်အိုများ၌ ပိုးရပ်ပိုးကူးစက်လွယ်သဖြင့် အအေးမိတုပ်ကွေးဖျားနာပျောက်ဆေးများကို အိမ်တွင်အဆင်သင့်ဆောင်ထားသင့်ပါသည်။ လိုအပ်ပါက အသက်ရှူလမ်းကြောင်းမှ ကူးစက်ပိုးများကို ၂၀ ရာခိုင်နှုန်းမျှကာကွယ်ပေးသည့် Actimel ခေါ် ပဋိဇီဝဆေးကြိုတင်တိုက်ကျွေးပေးပါ။

**နံနက်စာစားပါ**

နံနက်စာပုံမှန်စားသူများသည် နံနက်စာလုံးဝမစားသူများထက် အအေးမိကူးစက်ရောဂါဖြစ်နိုင်ခြေ နည်းပါးကြောင်း အမေရိကန်ဆေးတက္ကသိုလ် (Cardiff University) မှ အကြံပြုထားသည်။ အထူးသဖြင့် ကိုယ်ခံအားကောင်းစေရန် နံနက်စာထဲတွင် ဗီတာမင်ဘီအုပ်စုများ၊ သံဓာတ်နှင့် သွပ်ဓာတ်ပါရှိသော အစားအစာများကို စားပေးကြရန် ဆေးသုတေသီများက ထပ်လောင်းအတည်ပြုထားသည်။

**လက်ဆေးပါ**

ဆေးသိပ္ပံပညာရှင်များ၏ ဓာတ်ခွဲစမ်းသပ်ချက်များအရ အအေးမိပိုးရပ်ပိုးရှိသူ ကိုင်တွယ်ထားသည့် တံခါးလက်ကိုင်များပေါ်တွင် ကျန်ရှိခဲ့သည့် ပိုးရပ်ပိုးမွှားများသည် ၂၄ နာရီကျော်သည်ထိ အသက်ရှင်နိုင်ကြောင်း သိရသည်။ ထို့ကြောင့် အများသုံးတံခါးလက်ကိုင်များ၊ အရောင်းစင်တာများရှိ ပစ္စည်းထည့်တွန်းလှည်းများ၊ တံခါးလက်ရန်းများ၊ ဓာတ်လှေကားခလုတ်များကို တစ်ခါသုံးတစ်ရှူးဖြင့် ကိုင်တွယ်ပါ။ ၎င်းတို့ကို ကိုင်တိုင်တွယ်ပြီးနောက် မိမိ၏ မျက်စိ၊ နှာခေါင်းတို့ကို မတို့ထိဘဲ ဆပ်ပြာသုံး၍ လက်ကို စင်ကြယ်စွာဆေးကြောပါ။

**ပလုတ်(အာလုတ်)ကျင်းပါ**

ရေနွေးဖြင့် ပလုတ် (အာလုတ်)ကျင်းခြင်းက လည်ချောင်း၊ လည်မျိုတို့မှ အချွဲအကျိများနှင့် ပိုးရပ်များကို သန့်စင်ပေးသဖြင့် ချောင်းဆိုးခြင်းကို သက်သာစေပါသည်။ ဂျပန်ရိုးရာ ကုထုံးများတွင် နံနက်အိပ်ရာထ သွားမတိုက်မီ၊ နေ့လယ်စာနှင့် ညစာစားပြီးချိန် စုစုပေါင်း တစ်နေ့ သုံးကြိမ် ရေနွေးကြက်သီးနွေးခန့်ဖြင့် အာလုတ်ကျင်းလေ့ရှိသည်။ ထိုသို့ ပြုကျင့်ခြင်းက အအေးမိနှာစေး၊ ချောင်းဆိုးခြင်းကို ၃၆ ရာခိုင်နှုန်း လျှော့ချပေးနိုင်ကြောင်း ဂျပန်ဆေးသုတေသီများက ဆိုထားသည်။

**ဟင်းစတ်အမွှေးအကြိုင်သုံးဆောင်ပါ**

ငရုတ်သီးအခြောက်မှုန့်ထဲတွင်ပါရှိသော Capsaicin ဓာတ်က အင်းဆက်ပိုးမွှားများကို သေစေသည့်အပြင် အသက်ရှူလမ်းကြောင်းကို ပွင့်လန်းလာစေသည်။ ထို့အတူ ကြက်သွန်ဖြူထဲရှိ Allicin ဓာတ်ကလည်း ကိုယ်ခံအားစနစ်ကို ကောင်းစေသည့် သဘာဝ ပဋိဇီဝဓာတ်တိုးဆန့်ကျင်ပစ္စည်းတစ်မျိုးဖြစ်၍ အအေးမိစေတတ်သော ပိုးရပ်ပိုးများကို တိုက်ဖျက်ပေးသည်။

**ရေသောက်မပျင်းပါနှင့်**

ခန္ဓာကိုယ်တွင်းရေဓာတ်အလုံအလောက်ရရှိမှသာ စားထားသမျှ အာဟာရများကို စုပ်ယူနိုင်ပြီး ခွန်အားအဖြစ် ပြောင်းလဲပေးရုံသာမက ခန္ဓာကိုယ်တွင်း မသန့်စင်သောအညစ်အကြေးများကို ချွေး၊ သွေး၊ သလိပ်၊ ဆီး၊ ဝမ်းအဖြစ် ကူညီစွန့်ထုတ်ပေးသည်။ မိမိခန္ဓာကိုယ်တွင် ဓာတ်ကြီးလေးပါးညီညွတ်မျှတနေပါက ကိုယ်ခံအားကောင်းကာ ပြင်ပကူးစက်ရောဂါများလည်း အလွယ်တကူဝင်မလာနိုင်တော့ပေ။

**လက်ဖက်ရည်ကြမ်း(ရေနွေးကြမ်း)သောက်ပါ**

လက်ဖက်ရည်ကြမ်းသောက်ခြင်းက တုပ်ကွေးဖြစ်စေသော ပိုးရပ်ပိုးများကို နှိမ်နင်းနိုင်ပါသည်။ ထို့ကြောင့် အအေးမိတုပ်ကွေးရောဂါကို ကြိုတင်ကာကွယ်သည့်အနေဖြင့် ကော်ဖီအစား လက်ဖက်ရည်ကြမ်း ပူပူသောက်ပါ။ ၎င်းရောဂါခံစားနေရချိန်တွင်လည်း ရေအေးမသောက်ဘဲ ရေနွေးကြမ်းသောက်ပါ။

**လမ်းမှန်မှန်လျှောက်ပါ**

တစ်နေ့လျှင် အနည်းဆုံးနာရီဝက်ခန့် လမ်းမှန်မှန်လျှောက်ခြင်းက ဇီဝကမ္မလုပ်ဆောင်ချက်ကို ကောင်းကျိုးပြုပြီး ပြင်ပရောဂါများကိုလည်း တိုက်ထုတ်ပေးနိုင်ပါသည်။

**ဆေးလိပ်ရှောင်ပါ**

ဆေးလိပ်သောက်ခြင်းက နှာခေါင်းနှင့် အဆုတ်အတွင်းရှိ ရောဂါကာကွယ်ပေးနိုင်သော အမြွေးပါးလေးများကို ထိခိုက်ပျက်စီးစေနိုင်သည်။ ထို့ကြောင့် တုပ်ကွေးဖြစ်စေသော ပိုးရပ်ပိုးများကို ရှူရှိုက်မိသောအခါ ပျက်စီးပြီးဖြစ်နေသော ထိုအမြွေးပါးလေးက မည်သို့မျှ ခုခံကာကွယ်မပေးနိုင်တော့ပေ။

**ကိုဗစ်လား၊ ရာသီတုပ်ကွေးလား၊**

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါမပေါ်မီက ရာသီတုပ်ကွေးရောဂါ နှစ်စဉ်အဖြစ်များသည်။ ထို့ပြင် ဆောင်းရာသီ Seasonal Fluကာလနှင့်တိုက်ဆိုင်နေ၍ ပတ်ဝန်းကျင်ရာသီဥတု၌ ယခင်ကတည်းက ရှိပြီးသား Influenza တုပ်ကွေးပိုးရပ်များ ထကြွလာသည်။ ထို့ကြောင့် ရာသီတုပ်ကွေးဖြစ်ပေါ်လာကြသည်။ သို့သော် လူအများက ဖျားနာသည့်အခါ ကိုဗစ်-၁၉ ရောဂါလား၊ ရာသီတုပ်ကွေးလား ဝေခွဲမရဖြစ်တတ်ကြသည်။ ထို့ကြောင့် ကွဲကွဲပြားပြားသိစေရန် ၎င်းရောဂါနှစ်မျိုး၏ ထင်သာမြင်သာ လက္ခဏာတချို့ကို အောက်ပါအတိုင်းအကြံပြုလိုပါသည်။

ကိုဗစ်-၁၉ ရောဂါသည် လည်ချောင်းနာခြင်း၊ ချမ်းတုန်ခြင်း၊ မျက်စိနီခြင်း၊ အသက်ရှူကျပ်ခြင်း စသည်တို့ဖြစ်စေပြီး အဖျား ၁၀၀ ဒီဂရီပတ်ဝန်းကျင်ရှိသည်။ ရာသီတုပ်ကွေးသည် ခေါင်းကိုက်ခြင်း၊ နှာရည်ယိုခြင်း၊ ချောင်းဆိုးခြင်း၊ တစ်ကိုယ်လုံး အဆစ်အမျက်ကိုက်ခဲခြင်း စသည်တို့ဖြစ်စေပြီး ကိုယ်အပူချိန်မှာ ၁၀၁၊ ၁၀၂ ဒီဂရီထိ အဖျားကြီးသည်။ သွေးစစ်ကြည့်ရာ၌ သွေးထဲတွင် ပိုးရပ်ဝင်သော လက္ခဏာမျိုးတွေ့ရသော်လည်း အဆုတ်ထိခိုက်မရှိပေ။ ကိုယ်ခံအားကောင်းလျှင် ပျမ်းမျှသုံးရက်နှင့် ငါးရက်ကြား ရောဂါပျောက်ကင်းသွားနိုင်သည်။

အချုပ်အားဖြင့်ဆိုသော် ရာသီတုပ်ကွေးရောဂါသည် ကိုဗစ်-၁၉ ရောဂါကဲ့သို့ အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်တတ်ပြီး ကိုဗစ်ကာကွယ်ဆေးကဲ့သို့ပင် ရာသီတုပ်ကွေးကာကွယ်ဆေးကို ကြိုတင်ထိုးနှံထားခြင်းဖြင့် ရောဂါဖြစ်နိုင်ခြေအလားအလာ လျော့ကျသွားစေပါမည်။ အထူးသတိပေးလိုသည်မှာ ရာသီတုပ်ကွေးဖြစ်ပွားလေ့ရှိသောဆောင်းကာလနှင့် ယခုလို ကိုဗစ်-၁၉ ကာလများတွင် အအေးဓာတ်က လူ့ကိုယ်ခံအားကျစေပါသည်။ ထို့ကြောင့် နွေးနွေးထွေးထွေးနေပါ၊ အအေးမခံပါနှင့်။ တိုက်ရိုက် လေထိတွေ့နေရာတွင် မနေပါနှင့်။ ထိုနေရာတွင်မအိပ်ပါနှင့်။ သတိဖြင့် ရေချိုးပါ။ ညအိပ်လျှင် နွေးနွေးထွေးထွေး အိပ်ပါ။ လူသားအားလုံး ကျန်းမာချမ်းသာကြပါစေ။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ဖြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလတွင် အုန်းသီးအနုအလုံးရေ ၃၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**ဘိုကလေး ဖေဖော်ဝါရီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇန်နဝါရီလတွင် ဒေသထွက် အုန်းသီးအနုအလုံးရေ ၃၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဘိုကလေးမြို့နယ်မှ အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလက အုန်းသီးအနုအလုံးရေ ၂၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် အုန်းသီးအနုအလုံးရေ ၃၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့ရသည့် အုန်းသီးအနုအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၇၃၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်က ဧရာဝတီမြစ်ဝကျွန်းပေါ်မှာ တည်ရှိပြီး စီးပွားရေးလုပ်ငန်းအနေနဲ့ဆန်စပါးလုပ်ငန်းနဲ့ပင်လယ်ငါးဖမ်းလုပ်ငန်းတွေအပြင် အုန်းသီးစိုက်ပျိုးတဲ့ လုပ်ငန်းကိုလဲ လုပ်ကိုင်ကြပါတယ်။ အုန်းပင်စိုက်ပျိုးတောင်သူတွေဆီကနေ ပွဲရုံပိုင်ရှင်တွေက အုန်းသီးတွေကိုဝယ်ယူပြီး ရန်ကုန်ဈေးကွက်ကို ပြန်လည်တင်ပို့ရောင်းချတာပါ။ ရန်ကုန်ဈေးကွက်ကိုဒေသထွက်အုန်းသီးတွေ အများအပြားတင်ပို့ရောင်းချခဲ့ရတယ်။ လက်ရှိ ဖေဖော်ဝါရီလထဲမှာလဲ အုန်းသီးအနုတွေ ဝယ်လိုအားကောင်းနေပါတယ်။ အခုလို ဒေသထွက်အုန်းသီးအနုတွေ ဝယ်လိုအားတက်လာတဲ့အတွက် စိုက်ပျိုးတဲ့သူတွေအနေနဲ့ အုန်းသီးတွေကိုရင့်တဲ့ထိ စောင့်စရာမလိုဘဲ ဝင်ငွေရရှိနေပါတယ်"ဟု ဘိုကလေးမြို့နယ်မှ အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် အုန်းစိုက်ပျိုး ၁၀၇၄၉ ဧကရှိပြီး အုန်းသီးစိုက်ပျိုးရေးလုပ်ငန်းကို မစိမ်းကျေးရွာ၊ တယ်ပင်(၃) ကျေးရွာ၊ ဖိုးရွှေလုံးကျေးရွာ၊ ကံစုကျေးရွာ၊ ဟိုင်းစီကျေးရွာ၊ ကွမ်းသီးချောင်ကျေးရွာ၊ ဆင်ချောင်းကျေးရွာ စသည့်ကျေးရွာများတွင် အများဆုံးစိုက်ပျိုးကြကြောင်း ဒေါ်နီနီဝင်းက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မိုင်းတုံမြို့နယ် ဟောင်လီကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**မိုင်းတုံ ဖေဖော်ဝါရီ ၁၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံခရိုင် မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖာချယ်ကျေးရွာအုပ်စု ဟောင်လီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်နှင့် တာဝန်ရှိသူများသည် ဟောင်လီကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအသင်းသား၊ အသင်းသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဟောင်လီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ အသင်းသား၊ အသင်းသူများကို နဝမအကြိမ်အဖြစ် ရန်ပုံငွေကျပ် သိန်း ၄၃၀ ထိ ထုတ်ချေးနိုင်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်ထံမှ သိရသည်။

**ချိုသန်းညွန့်**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# ရာမလေးတင်ခန်း

ကိုဇော်ဌေး(ယဉ်ကျေးမှု)



ရာမလေးတင်ခန်းသည် ရာမမင်းသားနှင့် ဒသဂီရိဘီလူးမင်းတို့ စတင်တွေ့ဆုံရာနေရာဖြစ်သည်။ အားပြိုင်ကြမည့်ဇာတ်ရုပ်နှစ်ရုပ်တို့သည် အကြောင်းအရာတစ်ခုကိုမူတည်၍ ရုပ်ဝန်းတစ်ခုတည်းအတွင်း၌ လာရောက်တွေ့ဆုံကြသည်။ တွေ့ဆုံသည့်ရုပ်ဝန်းမှသည် ရင်ဖိုလှိုက်မောစရာ ဇာတ်ကွက်တို့ကို သယ်ဆောင်သွားတော့သည်။ လေးတင်ခန်းသည် အခင်း၊ အခက်၊ အပြည့်ဟူသောကဏ္ဍတို့အနက် ဇာတ်အခက်ကိုပျိုးရာ နေရာလည်းဖြစ်တော့သည်။

ရာမဇာတ်လမ်းကိုမူ အမျိုးမျိုးဖြင့် ကပြနေကြသော်လည်း လေးတင်ခန်း၏ဖြစ်တည်မှုသည် တူညီနေကြသည်ချည်းဖြစ်သည်။ လေးတင်ခန်းကို ဆို၊ ငို၊ ပြောဖြင့် တင်ဆက်ကြသည်။ ကဇာတ်အသွင်လည်း တင်ဆက်ကြသည်။ ရာမလေးတင်ခန်းသက်သက်ကိုကောက်နုတ်ချက်ဖြင့်လည်း တင်ဆက်ကြသည်။ မည်သို့တင်ဆက်ဆက် အနှစ်ချည်းဖြစ်သည်ကို တွေ့မြင်ရသည်။ ဇနက္ကမင်းကြီးသည် သမီးတော် သီတာဒေဝီအတွက် ကြင်ရာဖက်ရှာပေးလို၍ တစ်ရာ့တစ်ပါးသော မင်းတို့ကိုဖိတ်ကြားကာ လေးတင်ပွဲကို ကျင်းပခြင်းဖြစ်သည်။ တင်ရမည့်လေးသည် "မဟေသရနတ်မင်းကြီး"ပေးခဲ့သော ဗိုလ်ခြေတစ်ထောင်တင်ရသည့် နတ်လေးညို့ဖြစ်သည်။ ထိုနတ်လေးကိုတင်၍ မြားသုံးစင်းဖြင့်ပစ်နိုင်သောမင်းကို သမီးတော် သီတာဒေဝီနှင့် ထိမ်းမြားပေးတော်မူမည်ဖြစ်သည်။ မင်းတို့အထဲတွင် ရာမမင်းသားနှင့် ညီတော် လက္ခဏမင်းသား၊ ဒသဂီရိတို့လည်း ပါဝင်လာကြခြင်းဖြင့် လေးတင်ခန်းသည် သိုက်မြိုက်မြိုင်ဆိုင်သွားတော့သည်။

ဤဆောင်းပါးကို ကဇာတ်အသွင်တင်ဆက်မှုနှင့် ရေးသားချဉ်းကပ် ကပြမည်ဖြစ်သည်။ ကောက်နုတ်ချက်ဖြင့်ကပြပါက အစီအစဉ်တင်ဆက်သူက ဇာတ်ကြောင်း (Narration) ကို ရှင်းလင်းပြောပြပြီးချိန်ဝယ် စောင်းသံကို စတင်ကြားရမည်ဖြစ်သည်။ စောင်း၏သံစဉ်သည် ညှင်းလုံးသံစဉ်ပင်ဖြစ်သည်။ စောင်းသံနှင့်အတူ ပြည်ဖုံးကားကို ဖြည်းညင်းစွာဖွင့်သည်။ ပရိသတ်မြင်လိုက်ရမည့်မြင်ကွင်းသည် အံ့သြဘနန်းပင်ဖြစ်သည်။ ဇာတ်ခုံ၏ (နိုင်ငံတကာသုံးအခေါ်)အထက်ပိုင်း၌ လေးတိုင်နန်းပန်းချီကားကို ချိတ်ထားသည်။ လေးပင်သုံးခန်းဖြစ်သော လေးတိုင်နန်းသည် ဟာလာဟင်းလင်းဖြစ်၍ မိုးပြာရောင်နောက်ခံကောင်းကင်ကြီးကို လှမ်းမြင်နေရသည်။ ကောင်းကင်ကြီး၏အောက်ပိုင်း၌ နန်းမြို့မျှော်စင်၏ အထက်ပိုင်းကိုလည်း မြင်နေရသည်။ အနီးအဝေးကို မျှတစွာချိန်ညှိပေးထားသဖြင့် ရှုခင်းသည်စွဲမက်ဖွယ်ဖြစ်သည်။ ဇာတ်စင်အထက်ပိုင်း၊ မြင်ကွင်းသည် လေးတင်ခန်းကို အစအဆုံးကြည့်ပြီးမှ သဘောပေါက်စေသည်။ ဆက်တင်အထူးပြုလုပ်ချက်တစ်ခုသည် လေးတင်နန်းနှင့် နောက်ခံမိုးကောင်းကင်အကြား ဇာတ်အတွင်း၌ ဖြစ်ပွားပေါ်ပေါက်လာခြင်းကို မြင်စေလို၍ဖြစ်သည်။

ဇာတ်စင်၏အထက်ပိုင်း၊ လေးတိုင်နန်း၏အလယ်ခန်းတွင် ပဒိုင်ခုံတစ်လုံးချထားသည်။ ဇနက္ကမင်းကြီးထိုင်ရန်ဖြစ်သည်။ ပဒိုင်ခုံ၏ဝဲဘက်တွင် သလွန်တစ်လုံးခင်းထားသည်။ သီတာဒေဝီထိုင်ရန်ဖြစ်သည်။ ပဒိုင်ခုံ၏ယာဘက်တွင် ကနုတ်သန်းသော ခုံနှစ်လုံးချခင်းပေးထားသည်။ ရာမနှင့်လက္ခဏတို့ ထိုင်ရန်ဖြစ်သည်။ ထိုခုံနှစ်လုံး၏ယာဘက်တွင် ဇာတ်စင်၏အထက်၊ အောက် ခပ်စောင်းစောင်းပုံသဏ္ဌာန်ဖြင့် ခုံခြောက်လုံး ခင်းပေးထားသည်။ အပြည်ပြည်ထောင်မင်းတို့ ထိုင်ရန်ဖြစ်သည်။

ဇာတ်စင်အောက်ပိုင်း၌ အလယ်မျဉ်းကြောင်းကို ဗဟိုပြု၍ လေးတင်ခုံကိုချခင်းထားသည်။ လေးတင်ခုံ၏အောက်ပိုင်းသည် ကြာမှောက်ပုံဖော်ထားသည်။ အထက်ပန်းကိုမူ ကနုတ်တို့ဖြင့် အလှဆင်ထားသည်။ လေးတင်ခုံအပေါ်၌ လေးကိုတင်ထားသည်။ အခင်းအထိုင်တို့သည် ရွှေရောင်သန်းနေကြသည်။ ကနုတ်တို့အကြားဝယ် ဆေးဒန်းအနီရောင်စွက်ဖက်ထားခြင်းဖြင့် ရွှေရောင်ကိုပိုမိုဖိတ်ကွဲစေတော့သည်။ လေးတင်ခုံ၏ဝဲဘက်သည် ကွက်လပ်ဖြစ်နေသည်။ ထိုကွက်လပ်သည် ဇာတ်ကသောအခါ ဒသဂီရိ၏ရထားပျံဝင်လာရာနေရာဖြစ်နေပြန်သည်။ ဇာတ်စင်ကိုခမ်းနားမှုအပြည့်ဖြင့် ဖမ်းစားထားသည်ကိုတွေ့ရသည်။

နောက်ခံစောင်းသံနှင့်အတူ ဝန်အဖြစ် သရုပ်ဆောင်သူတစ်ဦးက လေးတင်ပွဲအခမ်းအနား ပြင်ဆင်ထားမှုကို လိုက်လံကြည့်ရှုပြင်ဆင်ရင်း ဘုရင်မင်းမြတ်ထွက်တော်မူလာချိန်ကို စောင့်မျှော်ဟန် သရုပ်ဆောင်သည်။ ဆိုင်းမှ ပဟိုရ်စည်သံ နောင်-ဒိုင်း တီးလိုက်သည်။ တစ်ဆက်တည်းပင် စမုတ်ခံတီးလုံးတိုလေး တီးပေးလိုက်သည်။ ဇနက္ကမင်းကြီးသည် စမုတ်ခံတီးလုံးနှင့်အတူ နောက်ပါများလိုက်ပါလျက် ယာဘက်မှထွက်လာသည်။ ဝန်က ဘုရင်ကိုကြိုဆိုဟန်ပြုသည်။ ဘုရင်က ဝန်ကို သမီးတော်အားခေါ်ရန်ပြောသည်။ ဝန်က သမီးတော်သီတာဒေဝီအား ကြွချီပါရန် ဇာတ်စင်၏ ဝဲဘက်အတွင်းသို့ လျှောက်ဟန်ပြုသည်။

စောင်းသံဖြင့် "အတိုင်းမသိ"အစချီ မင်္ဂလာသြဘာဘွဲ့မှ "အခါတော်ပေးတာက၊ နတ်ရေးငယ်ရွှေစာ၊ သာသနာရောင်လင်း၊ ကောင်းခြင်းခုသည်ချိန်ခါ" အပိုဒ်ကို တီးပေးလာသည်။ သီတာဒေဝီသည် ရံရွှေတော်တစ်ဦးနှင့်အတူထွက်လာ၍ ခမည်းတော်အားရှိသေသမှုပြုကာ သလွန်အထက်ဝယ် နေရာယူလိုက်သည်။ သီတာဒေဝီကို အချွေတော်များက ဖျော်ဖြေရန် ဝန်က ဆောင်ရွက်ပေးလာသည်။ ယိမ်းတီးလုံးတစ်ခုဖြင့် အချွေတော်များက သီတာဒေဝီကို ပန်းများကြဲဖြန့်ကာ ဂုဏ်ပြု(ပန်းကြဲယိမ်းဖြင့်) ကပြကြသည်။ တီးလုံးဆုံးသည်နှင့် ဖျော်ဖြေသူများ အတွင်းသို့ဝင်သွားကြသည်။

ဆိုင်းမှ "တေဇာအာဏာထန်ပြင်း" အစချီ တျာသံကြိုးသီချင်းမှ "မှူးကြီးမတ်ပေါင်း၊ အံ့လာခညွှတ်ပြောင်း"ထိကို နောက်ခံတီးပေးလာချိန်ဝယ် ဘိုးတော်၊ ရာမ၊ လက္ခဏနှင့် တစ်ရာ့တစ်ပါးသောမင်းအပေါင်းတို့သည် လေးတင်ပွဲအခမ်းအနားသို့ ဝင်ရောက်လာကြတော့သည်။ ဝန်က ထိုမင်းတို့ကိုကြိုဆိုဟန်ပြုသည်။ ဇနက္ကမင်းကြီးက ဘိုးတော်ကိုကြိုဆိုသည်။ လေးတင်ပွဲကို ဘိုးတော်ကိုလွှဲအပ်ကာ လေးတင်နန်းမှထွက်ခွာသွားသည်။ ဘိုးတော်နှင့်မင်းအပေါင်းသည် ခင်းထားသည့် နေရာများ၌ဝင်ထိုင်ကြသည်။ မင်းသားတစ်ပါးက မေး၍ ဝန်က လေးတင်ပွဲအကြောင်းကို ရှင်းလင်းပြောပြဟန်ပြုသည်။ စတင်ယှဉ်ပြိုင်နိုင်ပြီဟုလည်း လျှောက်ထားဟန်ပြုသည်။ ဆိုင်းက လေးခင်းသံ၊ ဗိန်းတောင်းတီးသံများ ပေးလာသည်။ မင်းသားတစ်ဦးထွက်လာကာ လေးတင်မည့်ဟန်ရေးပြသည်။ လေးတော်ကိုမသည်။ လေးတော်ကိုမ မရ၍ အားလျော့သွားသည်။ ဆိုင်းတီးလုံးနှင့်အတူ အပြည်ပြည်မင်းသားတို့ လေးတင်ကြသည်။ လေးတင်၍မရကြဟန်ကို သရုပ်ဖော်ကြသည်။ လေးခင်းသံရပ်သွားသည်နှင့် ဆိုင်းမှစည်တိုသံ "ဒုံး" ကို ကြားလိုက်ရသည်။ စည်တိုရိုက်သံ(ကရောင်းရိုက်သံ)သည် ဒုံး . . . ဒုံး . . . ဒုံး . . . ဟူ၍ တစ်ချက်ချင်းရိုက်မြည်သံမှ အသံစိပ်လာသည်။ ကဇာတ်၏သဘောတွင် ဂီတသည် အချက်အချာဖြစ်သည်။ တစ်ချက်ချင်းရိုက် မြည်သံသည် အဝေးမှလာနေသံကို ကြားရခြင်းဖြစ်သည်။ အသံစိပ်လာခြင်းဖြင့် အနီးသို့ရောက်လာပြီဟု ခန့်မှန်းနိုင်ရန် ဖော်ကျူးပေးခြင်းဖြစ်သည်။ စည်တိုရိုက်သံစိပ်လာချိန်တွင် လေးတင်နန်းနှင့် နောက်ခံမိုးကောင်းကင်အကြား၊ ဇာတ်စင်၏ယာအထက်မှ ဝဲအောက်သို့ ဒသဂီရိဘီလူးမင်းစီးလာသော ရထားပျံ (ဆက်တင်အထူးပြုလုပ်ချက်၊ အဝေးမြင်) ဆင်းသက်လာလေသည်။ ထိုနှယ် ဆင်းသက်လာသည်ကို ထင်သာစွာမြင်ရရန် ရထားပျံငယ်ကို ဘေးမီးဖြင့်ကူပံ့ထိုးပေးထားလေသည်။ စည်တိုသံအဆုံးတွင် ဘီလူးကရောင်းသံဖြင့် ရထားပျံ(အနီးမြင်)သည် ဇာတ်စင်၏ဝဲဘက်ကွက်လပ်အတွင်းသို့ ဝင်ရောက်လာသည်။

ဒသဂီရိသည် ရထားပျံမှဆင်းသက်ကာ သီတာဒေဝီကို ပြေးလွှားကြည့်ရှုဟန်ပြုသည်။ သီတာဒေဝီက သူ့မျက်နှာကိုပဝါဖြင့် အမြန်ဖုံးကာလိုက်ဟန် ပြုရသည်။ ဝန်က ဘီလူးမင်းကို လာရသည့်အကြောင်းရင်းကိုမေးရာ လေးတင်ပွဲကိုဆင်နွှဲပြီး သီတာဒေဝီကို ရယူလိုကြောင်း သီတာဒေဝီ၏ ရုပ်ပုံလွှာပါသဝဏ်လွှာကို ပြသည်။ ဘိုးတော်ကခွင့်ပြု၍ လေးတင်ဟန်ပြုသည်။

ဆိုင်းက မြမန်းဂီရိသီချင်းကို တီးပေးသည်။ "အောင်ဇေယျာပြည့်မင်း"ထိ သီချင်းနှစ်ကျော့အတွင်းဝယ် ဒသဂီရိသည် သီချင်းတေးသွားနှင့်အတူ လေးတင်ခုံကို အဝေးကြည့်ဟန်၊ အနီးကြည့်ဟန်ဖြင့် ကသည်။ တေးသွားကိုမှိန်လိုက်ပြီး ဗိန်းတောင်းတီးသံကျယ်လာသည်။ ဘီလူးမင်းသည် လေးကိုမတင်ဟန်ပြုသည်။ ခွန်အားစိုက်၍မရ၊ အရ မ ဟန်ပေါ်လွင်သည်။ မရုံသာ မနိုင်ပြီး လေးမတင်နိုင်သည့်ဟန်ဖြင့်ကသည်။ လေးကို လေးတင်ခုံပေါ်ပြန်တင်၍ ထပ်ပြီး မပြန်သည်။ လေးမတင်နိုင်ဖြစ်ပြန်သည်။ အရှက်ဖြင့် ရမ္မက်ဖြင့် သီတာဒေဝီကိုလှည့်ကြည့်သည်။ သီတာဒေဝီက ပဝါကွယ်ကာလိုက်သည်။ ဒသဂီရိသည် နောက်ဆုံးအကြိမ် လေးကို မ သည်။ ဆိုင်းက လေးခင်းသံဖြင့် ပံ့ပိုးပေးထားသည်။ နောက်ဆုံး လက်လျှော့ဟန်ဖြင့် လေးကိုလေးတင်ခုံပေါ် ပြန်တင်လိုက်သည်။

ဒသဂီရိက ဘိုးတော်ကို "ဘယ်မင်းမှငါကဲ့သို့မစွမ်းငါသာစွမ်းသည်။ သီတာအားပေးလော့"ဟုတောင်းဟန်ပြုသည်။ ဘိုးတော်က"မင်းအသာဘေးဖယ်၊ ငါ့မြေးများလေးတင်ပြမယ်ရှုကြည့်"ဟု ပြန်ပြောဟန်ပြုသည်။ ထို့နောက် မြေးများကို လေးတင်ခိုင်းမည်။ ဒသဂီရိက "ဒီကလေးတွေလား"ဟုပြောဟန်၊ ရယ်မောလှောင်ပြောင်ဟန်ပြုသည်။ ရာမမင်းသားက ညီတော်လက္ခဏကို လေးကိုတင်စေသည်။ အားပေးဟန်ပြုသည်။ လက္ခဏသည် ဘိုးတော်ကိုအရိုအသေပြုကာ လေးတင်ခုံကို မလှမ်းမကမ်းက ရှုကြည့်ဟန်ပြုသည်။ ဆိုင်းက "ဝေဇယန္တာ" ယိုးဒယားသီချင်းကို "ရွှန်းရွှန်းဝေ"ထိ တီးပေးသည်။ လက္ခဏသည် ထိုတေးသွားဖြင့်ယိုးဒယားအကများကို အလှ၊ အက၊ သဘာဝတို့ရောစွက်ကာကပြသည်။ ဆိုင်းကချွတ်ဝင်လိုက်သည်နှင့် လက္ခဏသည် လေးတော်ကို အားစိုက်၍ မလိုက်သည်။ ဒသဂီရိသည် အံ့သြထိတ်လန့်ပြနေသည်။ လက္ခဏသည် လေးညို့ကို တင်နေရင်းမှ ဝဲဘက်ရှိ သီတာဒေဝီကို လှည့်ကြည့်သည်။ တစ်ဖန် ယာဘက်ရှိ နောင်တော် ရာမကို လှည့်ကြည့်သည်။ ခေါင်းကိုအသာခါရမ်းသည်။ လေးကို လေးတင်ခုံပေါ်ပြန်တင်လိုက်သည်။ ဒသဂီရိသည် ရင်မထားဟန်မှ "တော်သေးရဲ့"ဟု သက်ပြင်းချဟန်ပြုသည်။ စည်တိုမွှေချက်နှင့်အတူ ဘိုးတော်က လက္ခဏကို တောင်ဝှေးဖြင့်ရိုက်ဟန်ပြုသည်။ လက္ခဏက ကြောက်ရွံ့ဟန်ဖြင့် ရာမမင်းနောက်ဝင်ကာ ပုန်းဟန်ပြသည်။ ရာမမင်းသားက ဘိုးတော်ကိုတောင်းပန်သည်။ ထိုမှ "ညီငယ် ဘာကြောင့် လေးကိုမတင်တာလဲ"ဟု ဟန်ဖြင့်မေးသည်။ လက္ခဏက "နောင်တော်နှင့်သာထိုက်တန်သည်မို့ လေးမတင်ခြင်းဖြစ်သည်"ဟု ပြန်ဖြေသည်။ ထိုဟန်ကြောင့် ရာမမင်းက ခွင့်လွှတ်ဟန်ပြမည်။

ရာမမင်းသားသည် ဘိုးတော်ကိုရှိသေဟန်ပြုမည်။ လေးတင်ရန် ကိုယ်ဟန်ကို ပြင်လိုက်ဟန်ပြသည်။ ဆိုင်းမှ "နန်းဘုံသီဟာဇွေ"ယိုးဒယားကို တီးပေးလာသည်။ တီးချက်တေးသွားနှင့်အတူ လေးကိုရှုဟန်၊ အဝေးမျှော်၊ အနီးကြည့်ကဟန်၊ သမင်လည်ပြန်ကဟန်ဖြင့် ယိုးဒယားအကများကို လှပစွာကမည်။ ဆိုင်းမှ ဗိန်းတောင်းဝင်လိုက်သည်နှင့် လေးကို မသည်။ လေးညို့ကို သက်သောင့်သက်သာဟန်ဖြင့် ရစ်တင်သည်။ ဒသဂီရိက ကြောက်လန့်တုန်လှုပ်ဟန်ပြုသည်။ ထိုမှ အဆူတီးလုံးဖြင့် ရာမနှင့် ဒသဂီရိတို့ တိုက်ခိုက်ဟန်အလှကကြသည်။ ဒသဂီရိက သီတာဒေဝီကို လုဟန်ပြုသည်။ သီတာဒေဝီ၏ရံရွှေတော်က မောင်းထုတ်လိုက်ဟန်ပြသည်။ ဒသဂီရိသည် သူ၏ရထားပျံပေါ်သို့ တက်ပြေးဟန်ပြသည်။ ရထားပျံသည် ကခွင်အတွင်းမှထွက်သွားသည်။ ရာမမင်းက ရထားပျံနောက်သို့ လေးပစ်လိုက်ဟန်ပြုသည်။

လေးတင်နန်းနှင့် နောက်ခံမိုးကောင်းကင်အကြား၊ ဇာတ်စင်၏ ဝဲဘက်အောက်မှ ယာဘက်အထက်သို့ ဒသဂီရိဘီလူးမင်းစီးနင်းသွားသော ရထားပျံ(ဆက်တင်အထူးပြုလုပ်ချက်၊ အဝေးမြင်၊ ထိုမှနောက်ဝယ် ရာမမင်း ပစ်လွှတ်လိုက်သည့်မြားတံ)တို့ကို ပရိသတ်တို့ မြင်လိုက်ရသည်။ ပြည်ဖုံးကားသည် ဖြေးညင်းစွာပိတ်သွားတော့သည်။

အဆို၊ အပြောလုံးဝမပါဘဲ အကပညာဟန်သရုပ်ဖြင့် ပြောင်မြောက်စွာ ထုတ်ဖော်တီထွင်တင်ဆက်ထားခြင်းဖြစ်၍ ပရိသတ်သည် ကြိုက်နှစ်သက်ကြသည်။ ဇာတ်လမ်းသဘောကို နားလည်ထားကြခြင်းကလည်း ပရိသတ်၏စိတ်ကို နှစ်သက်စေသည်။ ဂီတတေးသွားသည် ဆိုင်ရာတေးသီချင်း(မဟာဂီတသီချင်းကြီး)များဖြင့် ရစ်သိုင်းထားသဖြင့် နွေးထွေးနေပြန်သည်။ ဇာတ်ရုပ်တို့၏ လှုပ်ရှားမှုတိုင်းကို အာရုံအမြတ်မခံဘဲ စေ့စေ့စပ်စပ်လိုက်လံကြည့်ရှုခြင်းဖြင့် ပြည့်ဝသောခံစားမှုရသည်။ ဇာတ်လမ်းနှင့်ဟပ်၍ ဦးနှောက်ကိုအသုံးချပြီး စဉ်းစားတွေးတောကာ အရသာခံယူနိုင်သည်။ ထိုကဟန်သည် မြန်မာတို့၏ ရာမကဟန်ဖြစ်သည်။ မရှိုးနိုင်သောမြန်မာတို့၏ ရာမ လေးတင်ခန်းဖြစ်သည်။ ထိန်းသိမ်းစောင့်ရှောက်အပ်၍ တင်ပြလိုက်ခြင်းဖြစ်ပါတော့သည်။

# ရခိုင်ပြည်နယ်မြောက်ပိုင်းက ထင်ရှားသောရေတံခွန်များ

အောင်ကြည်မိုး(စစ်တွေ)

ရေတံခွန်ဆိုတာ သဘာဝတရားကပေးတဲ့အရာဖြစ်တယ်။ ရေတံခွန်တွေဟာ လူအများနှစ်သက်ရာ၊ ပျော်ရွှင်ကြည်နူးစရာနေရာတွေ၊ အပန်းဖြေစရာနေရာတွေဖြစ်လို့ သွားရောက်လည်ပတ်လေ့ရှိပါတယ်။ စာရေးသူတို့အဖွဲ့ သွားရောက်လည်ပတ်ခဲ့တဲ့ ရခိုင်ပြည်နယ်မြောက်ပိုင်းက ထင်ရှားတဲ့ရေတံခွန်တွေကို ဖော်ပြလိုက်ပါတယ်။

**တန်းတင်ရေတံခွန်**

ရခိုင်ပြည်နယ်မြောက်ပိုင်းက ဘူးသီးတောင်မြို့နယ်ရှိ စိုင်းတင်ရေတံခွန်၊ ကျောက်တော်မြို့နယ်ရှိ တန်းတင်ရေတံခွန်နဲ့ ပုဏ္ဏားကျွန်းမြို့နယ်ရှိ ပိုးရှိုပြင်ရေတံခွန်တွေက လူသိများပြီး ထင်ရှားပါတယ်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီလက စာရေးသူအနေနဲ့ တစ်ခါမှမရောက်ဖူးသေးတဲ့ ကျောက်တော်မြို့နယ် ယိုးချောင်းဒေသရှိ တန်းတင်ရေတံခွန်ကို အပေါင်းအဖော်တွေနဲ့ ခရီးထွက်ဖြစ်ခဲ့ပါတယ်။

ဘဝရဲ့ပျော်ရွှင်ကြည်နူးစရာနဲ့ စိတ်ကျေနပ်မှုကို ရရှိစေတဲ့အရာတွေထဲမှာ ခရီးသွားတာကလဲတစ်ခုအပါအဝင်ဖြစ်လို့ စာရေးသူကတော့ ခရီးသွားရတာကို သဘောကျပါတယ်။ ရေတံခွန်ဆိုတာက သဘာဝက ပေးထားတဲ့ လက်ဆောင်မွန်တစ်ခုဖြစ်ပါတယ်။



ကျောက်တော်မြို့နယ်ရှိ တန်းတင်ရေတံခွန်ကိုတွေ့ရစဉ်။

တချို့အကြောင်းအရာတွေက တစ်စုံတစ်ယောက် ပြန်ပြောပြတာပဲဖြစ်ဖြစ်၊ စာအုပ်စာပေတွေထဲမှာ ဖတ်မှတ်ခဲ့ရတာပဲဖြစ်ဖြစ် အပြင်မှာကိုယ်တိုင်တွေ့မြင်ခဲ့ရတာလောက်တော့ မပြည့်စုံဘူးလို့ထင်မိပါတယ်။ ကိုယ်လေ့လာရင် လေ့လာနိုင်သလောက်၊ ကိုယ်ဗဟုသုတရှိရင်ရှိသလောက်၊ ကိုယ်ယူနိုင်ရင် မှတ်သားယူနိုင်သလောက် သက်ဆိုင်ရာနေရာဒေသနဲ့ပတ်သက်တဲ့သိသင့်သိထိုက်တာတွေကိုသိရှိစေနိုင်ဖို့ ရခိုင်ပြည်နယ်မြောက်ပိုင်း ကျောက်တော်မြို့နယ် ယိုးချောင်းဒေသရှိ တန်းတင်ရေတံခွန်ကို စာရေးသူတို့က အရောက်သွားခဲ့ပါတယ်။

လူတွေဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတွေနဲ့ပတ်သက်တဲ့ စိတ်ဖိစီးမှုမျိုးစုံနဲ့ ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ စိတ်ဖိစီးမှုကို အကောင်းဆုံး လျှော့ချပေးနိုင်တဲ့နည်းလမ်းတစ်ခုကတော့ ခရီးသွားတာပါပဲ။ ခရီးသွားတာဟာ စိတ်ရွှင်လန်းပြီး ပျော်ရွှင်မှုကိုရရှိစေလို့ စိတ်ဖိစီးမှုကိုလျော့နည်းစေပါတယ်။

တန်းတင်ရေတံခွန်ကိုသွားရောက်ဖို့ မနက် ၆ နာရီကစပြီး စစ်တွေမြို့ကနေ ကားနဲ့ စာရေးသူတို့ အပေါင်းအဖော်တစ်စု ကျောက်တော်မြို့နယ် ဝါးတောင်ကားဂိတ်ကို စထွက်ကြပါတယ်။ မနက် ၈ နာရီလောက်မှာ ဝါးတောင်ကားဂိတ်ကို ရောက်ရှိပါတယ်။ တန်းတင်ရေတံခွန်ကိုသွားရောက်ဖို့ ဝါးတောင်ကားဂိတ်အနီး လှေဆိပ်မှာ လူ ၁၀ယောက် လိုက်ပါနိုင်တဲ့စက်တပ်လှေငယ်တစ်စီးကို ငှားကြတယ်။ တန်းတင်ရေတံခွန်နဲ့ ဝါးတောင်ကားဂိတ်က ရေမိုင် ၂၀ ကျော်ဝေးပြီး ကျောက်တော်မြို့ကဆိုရင် မိုင် ၄၀ လောက်ဝေးကွာပါတယ်။

မနက် ၉ နာရီခွဲအချိန်မှာ ဝါးတောင်ကားဂိတ်အနီး လှေဆိပ်ကနေ တန်းတင်ရေတံခွန်ကို စက်တပ်လှေ စထွက်ပါတယ်။ စက်တပ်လှေဟာ ယိုးချောင်းတစ်လျှောက်ရှိ ကြိမ်ချောင်း၊ ရွှေပန်းခိုင်၊ သံချောင်း၊ မင်းခူးချောင်း၊ ဖက်ဝန်းချောင်း၊ ခရုသစ်၊ ပါချေ၊ လမုန်းကိုင်း၊ သလူချောင်း၊ ငစွယ်၊ ချင်းမဝန်တောင်းစတဲ့ကျေးရွာတွေကို ဖြတ်ကျော်သွားရတယ်။စက်တပ်လှေနဲ့တန်းတင်ရေတံခွန်သွားချိန်မှာ ယိုးချောင်းကမ်းစပ်တစ်လျှောက် နီစွေးနေတဲ့မြေသားထက်မှာ ပြောင်းခင်း၊ ပဲခင်း၊ ပန်းနှမ်းစိုက်ခင်းတွေက စိမ်းတစ်ကန့်၊ နီတစ်ကန့်၊ ဝါတစ်ကန့်နဲ့ အလွန်လှပတဲ့ရှုခင်းတွေအဖြစ် မြင်တွေ့နေရတယ်။

ယိုးချောင်းဘေးဝဲယာမြင်ကွင်းတွေက မျက်စိအမြင်ကိုအေးစေပြီး သဘာဝအလှတွေနဲ့ လွှမ်းခြုံထားပါတယ်။ ရေချိုဒေသဖြစ်လို့ မြေပဲကိုအဓိကထားပြီး စိုက်ပျိုးကြသလို နှစ်ရှည်ပင်ဖြစ်တဲ့ သံပရာခြံတွေကိုလဲ ရွာတိုင်းလိုလိုရဲ့ကုန်းမြင့်ပေါ်မှာ တွေ့မြင်ခဲ့ရပါတယ်။

အဲဒီနေ့ မွန်းတည့် ၁၂ နာရီအချိန်မှာတော့ ကျွန်းသာယာရွာရဲ့ကမ်းစပ် ရွာဇရပ်မှာ အသင့်ချက်ယူလာတဲ့ နေ့လယ်စာထမင်းကို စားသောက်ကြပါတယ်။ နေ့လယ်စာထမင်းစားသောက်ပြီးနောက် ခဏတဖြုတ်နားပြီး နေ့ခင်းတစ်နာရီအချိန်မှာ ခရီးစထွက်ကြတော့ ညနေ ၃ နာရီ ကျော်လောက်မှာ စက်တပ်လှေကိုထားခဲ့ရမဲ့ကင်ဘီရွာကို ရောက်ရှိပါတော့တယ်။ ကင်ဘီရွာကို စက်တပ်လှေထားခဲ့ပြီး တန်းတင်ရေတံခွန်ရှိရာကို တစ်နာရီလောက် လမ်းလျှောက်သွားရပါတယ်။ ညနေ ၅ နာရီလောက်မှ တန်းတင်ရေတံခွန်ကိုရောက်ရှိပါတယ်။ တန်းတင်ရေတံခွန်ရဲ့လှပတဲ့မြင်ကွင်းကို စာရေးသူတို့အနီးကပ်တွေ့မြင်ကြရပါတော့တယ်။ တန်းတင်ရေတံခွန်ကို သဘာဝတရားကြီးက လက်ဆောင်အဖြစ်ပေးထားတယ်လို့ထင်ရအောင် ရောက်ရှိလာသူတိုင်းကို သဘောကျနှစ်သက်စေမှာဖြစ်ပါတယ်။

စာရေးသူတို့အဖွဲ့ တန်းတင်ရေတံခွန်ကို သွားရောက်ခဲ့တဲ့အချိန်က ဇန်နဝါရီလဖြစ်နေလို့ ရေစီးဆင်းအား အတော်အသင့်ပြင်းထန်နေပါသေးတယ်။ နွေရာသီမှာဆိုရင် ရေစီးဆင်းမှုနည်းပါးကြောင်းကို ဒေသခံတွေဆီကနေ ကြားသိခဲ့ရပါတယ်။ ရေတံခွန်ရဲ့အနီးနားမှာ စာရေးသူတို့အဖွဲ့ တဲထိုးပြီးညအိပ်ကြပါတယ်။ ညဘက်မှာ တဝေါဝေါကျနေတဲ့ရေစီးသံတွေက စာရေးသူတို့အတွက် သာယာနာပျော်ဖွယ်ကောင်းတဲ့ဂီတသံစဉ်တွေလိုဖြစ်နေခဲ့တော့ အိပ်စက်ရတာ နှစ်ခြိုက်အေးချမ်းမှုရှိလှပါပေတယ်။ သဘာဝရှုခင်းအလှကို ခံစားချင်သူတွေအတွက် တန်းတင်ရေတံခွန်က တကယ့်ကိုသဘောကျစေမဲ့နေရာတစ်ခုအဖြစ်ရှိနေပါတယ်။

**စိုင်းတင်ရေတံခွန်**

ဘူးသီးတောင်မြို့နယ်ရှိ စိုင်းတင်ရေတံခွန်က အလွန်သာယာလှပပြီး ရခိုင်ဒေသမှာ အကြီးမားဆုံးနဲ့အမြင့်ဆုံးရေတံခွန်ဖြစ်ပါတယ်။ ဘူးသီးတောင်မြို့ စိုင်းတင်ချောင်းရဲ့အနီးနားမှာတည်ရှိနေလို့ စိုင်းတင်ရေတံခွန်လို့ ခေါ်တွင်ကြတာဖြစ်တယ်။ စိုင်းတင်



ဘူးသီးတောင်မြို့နယ်ရှိ စိုင်းတင်ရေတံခွန်ကိုတွေ့ရစဉ်။

ရေတံခွန်က ဘူးသီးတောင်မြို့ရဲ့ အရှေ့မြောက်ဘက် မိုင် ၃၀ အကွာအဝေးမှာ တည်ရှိနေတယ်။ စိုင်းတင်ရေတံခွန်ကို ဘူးသီးတောင်မြို့ ဒုံးသိမ်ဘုရားအနီးကျေးရွာကနေ စက်တပ်လှေနဲ့ နှစ်နာရီလောက် သွားရပါတယ်။ စိုင်းတင်ရေတံခွန်က ပေ ၇၀လောက်မြင့်ပြီး အကျယ်ပေ ၇၀၀ လောက်ရှိပါတယ်။ ပေ ၅၀၀ ကျော်မြင့်တဲ့ တောင်တန်းကြီးနှစ်ခုကြား ကျောက်လွှာပြတ်ကနေ ရေလုံးကျဆင်းတာဖြစ်ပါတယ်။ ရေဖမ်းနယ်မှာ အလျားမိုင် ၃၀၊ အနံ ၁၅ မိုင်ကျယ်ဝန်းတယ်။ စိုင်းတင်ရေတံခွန်မှာ အဆင့်ခုနစ်ဆင့်ရှိတယ်။ ရေတံခွန်အနီးတစ်ဝိုက်မှာ သဘာဝဝါးတောကြီးတွေရှိနေပြီး ဘူးသီးတောင်မြို့ရဲ့မျှစ်အထွက်ဆုံး နေရာတစ်ခုလဲဖြစ်နေပါတယ်။ စိုင်းတင်ရေတံခွန်ရှိရာဒေသက သဘာဝအလှတရားတွေနဲ့ပြည့်စုံနေပြီး ကျောက်ဆောင်၊ ကျောက်တုံးတွေနဲ့ အလှဆင်ကာ ဆေးဖက်ဝင်အပင်မျိုးစုံပေါက်ရောက်ရာနေရာဖြစ်ပါတယ်။

**ပိုးရှိုပြင်ရေတံခွန်**

ပိုးရှိုပြင်ရေတံခွန်က ပုဏ္ဏားကျွန်းမြို့နယ် ပိုးရှိုပြင်ကျေးရွာရဲ့အနီးနားမှာတည်ရှိပါတယ်။ ပုဏ္ဏားကျွန်းမြို့နဲ့ ငါးမိုင်လောက်ပဲဝေးကွာတယ်။ ပိုးရှိုပြင်ရေတံခွန်ကို ရသေ့တောင်-ပုဏ္ဏားကျွန်း ကားလမ်းပေါ်ရှိ ပေါက်တောပြင်ကျေးရွာကနေတစ်ဆင့် စက်တပ်လှေနဲ့ မိနစ် ၂၀လောက်စီးရင် ရောက်ရှိပါတယ်။ ပိုးရှိုပြင်ရေတံခွန်က အမြင့် ပေ ၅၀လောက်သာ မြင့်မားပေမဲ့ မိုးတွင်းမှာ ရေစီးဆင်းမှုများပြားလို့ ခရီးသွားတွေလာရောက်ကြတာဖြစ်တယ်။ အရင်က အဲဒီရေတံခွန်ကို သွားရောက်ဖို့ ရေလမ်းတစ်ခုကိုပဲ အားကိုးခဲ့ရပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲလို့ လူသိနည်းခဲ့တယ်။ ဒီကနေ့အချိန်မှာ ပုဏ္ဏားကျွန်း-ရသေ့တောင်- ဘူးသီးတောင်ကားလမ်းကို ဖောက်လုပ်ထားပြီးဖြစ်လို့ သွားလာရလွယ်ကူတဲ့အတွက် သွားရောက်လည်ပတ်မှုများပြားနေတာဖြစ်တယ်။ ပိုးရှိုပြင်ရေတံခွန်ကို စစ်တွေ၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြားနဲ့ ရသေ့တောင်မြို့ကနေ နေ့ချင်းပြန်သွားလာလို့ရပါတယ်။ ရေတံခွန်ကို လာရောက်လည်ပတ်သူတွေက အစားအစာတွေကိုစားသုံးပြီး သူတို့ရဲ့အမှိုက်တွေကို စနစ်တကျ သိမ်းဆည်းမှုရှိနေကြလို့လဲ စည်းကမ်းကောင်းတဲ့နေရာတစ်ခုအဖြစ် မြင်တွေ့နေရပါတယ်။

ပိုးရှိုပြင်ရေတံခွန်တည်ရှိရာ ပိုးရှိုပြင်ကျေးရွာက ရွာကြီးတစ်ရွာဖြစ်ပြီး အသီးအနှံအလွန်ထွက်တဲ့ဒေသတစ်ခုအဖြစ် ထင်ရှားပါတယ်။ တညင်းသီး၊ ကွမ်းရွက်၊ ငရုတ်ကောင်းစေ့၊ မျှစ်နဲ့ဟင်းသီးဟင်းရွက်တွေအများအပြားထွက်ရှိလို့ ရေတံခွန်ကိုသွားရောက်ပြီး အပြန်မှာ ဒေသထွက်ပစ္စည်းတွေကို ဝယ်ယူနိုင်တဲ့အတွက် ပိုးရှိုပြင်ရေတံခွန်ဟာ ခရီးသွားတွေနဲ့ အမြဲစည်ကားနေပါတယ်။

ရခိုင်ဒေသက သံတွဲမြို့ရှိ ငပလီ၊ တောင်ကုတ်မြို့ရှိ မအီစက်တော်ရာ၊ ကျောက်တော်မြို့ရှိ မဟာမြတ်မုနိဘုရားနဲ့ မြောက်ဦးမြို့ရှိ လည်ပတ်စရာနေရာများစွာရှိသလို သဘာဝတောတောင်ကို ချစ်မြတ်နိုးသူတွေအနေနဲ့ ဘူးသီးတောင်မြို့က စိုင်းတင်ရေတံခွန်၊ ကျောက်တော်မြို့နယ်၊ ယိုးချောင်းဒေသက တန်းတင်ရေတံခွန်နဲ့ ပုဏ္ဏားကျွန်းမြို့နယ်က ပိုးရှိုပြင်ရေတံခွန်တွေကိုလဲ ခရီးသွားတွေအနေနဲ့ လည်ပတ်မှုရှိနေခဲ့ကြပါတယ်။

နိဂုံးချုပ်ရရင် ရေတံခွန်တွေဆိုတာ ကမ္ဘာပေါ်ရှိ လူအများနှစ်သက်ရာ၊ ပျော်ရွှင်စရာနေရာ၊ အပန်းဖြေစရာနေရာတစ်ခုလို့ဆိုရင် မှားနိုင်မယ်မထင်ပါဘူး။ ရေတံခွန်ဆိုတာ သဘာဝတရားကပေးတဲ့အလှပဆုံးလက်ဆောင်တွေထဲကတစ်ခုဖြစ်ပြီး လူတွေအနှစ်သက်ဆုံးလက်ဆောင်တစ်ခုဖြစ်ပါတယ်။ လူတိုင်းနီးပါး ရေတံခွန်တွေကိုနှစ်သက်ကြပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံအရပ်ရပ်က ခရီးသွားပြည်သူတွေအနေနဲ့ ရခိုင်ပြည်နယ်ကိုရောက်ခဲ့ရင် တန်းတင်ရေတံခွန်၊ စိုင်းတင်ရေတံခွန်၊ ပိုးရှိုပြင်ရေတံခွန်တွေကိုသွားရောက်လည်ပတ်နိုင်ဖို့ ဖော်ပြလိုက်ရပါတယ်။



ပုဏ္ဏားကျွန်းမြို့နယ်ရှိ ပိုးရှိုပြင်ရေတံခွန်ကိုတွေ့ရစဉ်။

**ကိုးကား**

- **ရေတံခွန်များသို့ ကိုယ်တိုင်သွားရောက်သောခရီးစဉ်မှတ်တမ်း။**
- **စိုင်းတင်ရပ်ဝန်း (မင်းသိန်းစံ)။**

# ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဗိုလ်ကိတ်ပဲ ၂၃၄၂ ဧက စိုက်ပျိုးပြီးစီး



ငပုတော ဖေဖော်ဝါရီ ၁၁

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဗိုလ်ကိတ်ပဲ ၂၃၄၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ငပုတောမြို့နယ်တွင် ဗိုလ်ကိတ်ပဲ ၂၃၁၂ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဗိုလ်ကိတ်ပဲ ၂၃၄၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငပုတောမြို့နယ်အနေဖြင့် ဗိုလ်ကိတ်ပဲများကို လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ငပုတောမြို့နယ်အတွင်း ဗိုလ်ကိတ်ပဲ ၂၃၁၂ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာတော့ ၂၃၄၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဗိုလ်ကိတ်ပဲကို လျာထားဧကထက် ပိုမို စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီလို စိုက်ပျိုးနိုင်ဖို့အတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးနည်းပညာတွေနဲ့ အခြားလိုအပ်တာတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။ စိုက်ပျိုးတဲ့ သီးနှံတွေကို အပင်ပေါက် အားကောင်းစေဖို့၊ အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားရောဂါမကျရောက်စေဖို့ စတဲ့နည်းပညာပေးတာတွေကိုလဲ ဆောင်ရွက်နေပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးထားသည့် ဗိုလ်ကိတ်ပဲများအပါအဝင် ဆောင်းသီးနှံများအားလုံး အထွက်နှုန်းကောင်းစေရေး၊ အရည်အသွေးကောင်းစေရေး၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရေး၊ ပိုးသတ်ဆေး၊ အပင်အားဆေးများ စနစ်တကျအသုံးပြုတတ်စေရေးစသည့် နည်းပညာပေး လုပ်ငန်းများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ဗိုလ်ကိတ်ပဲအပါအဝင် ဆောင်းသီးနှံများ လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ရန်အတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ် စက်မှုလယ်ယာဦးစီးဌာန၊ မြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ဖောင်းပြင်မြို့နယ် အောက်တောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ဖောင်းပြင် ဖေဖော်ဝါရီ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အောက်တောင်းကျေးရွာ၌ပထမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၁၀ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ ဖောင်းပြင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းညွန့်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများဆင်းရဲမှုလျော့ကျစေရန်၊ မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ စီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ အသင်းသားများအနေဖြင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ချေးငွေရယူသည့် လုပ်ငန်းများ အမှန်တကယ် အကောင်အထည်ဖော် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၂၉၄ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အောက်တောင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၄ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၂၉၄ သိန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သက်မာ**

**စာပေမြင့်မှ လူမျိုးတင့်မည်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂-၂-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၈၅ | ၂၇၃၀ | ၂၇၂၅ | ၂၆၉၀ | ၂၇၃၀ | ၂၇၅၅ | ၂၇၄၀ | ၂၇၁၅ | ၂၈၁၅ | ၂၈၃၀ | ၂၇၂၀ | ၂၇၃၀ | ၂၇၇၀ | ၂၇၇၀ | ၂၇၇၀ | ၃၀၀၀ | ၃၁၅၀ |
| 95 Ron | ၂၈၀၅ | ၂၈၅၅ | ၂၈၅၀ | ၂၈၁၅ | ၂၈၅၀ | ၂၈၇၅ | ၂၈၆၀ | ၂၈၄၀ | ၂၉၃၅ | ၂၉၅၀ | ၂၈၄၅ | ၂၈၆၀ | ၂၈၉၀ | ၂၈၉၀ | ၂၈၉၅ | ၃၁၂၀ | ၃၂၅၀ |
| HSD (500 ppm) | ၂၅၂၅ | ၂၅၇၀ | ၂၅၆၅ | ၂၅၃၀ | ၂၅၇၀ | ၂၅၉၅ | ၂၅၉၀ | ၂၅၅၅ | ၂၆၇၅ | ၂၆၇၀ | ၂၅၆၅ | ၂၅၇၀ | ၂၆၁၀ | ၂၆၁၀ | ၂၆၁၀ | ၂၈၄၀ | ၃၅၄၀ |
| HSD (50 ppm) | ၂၅၇၀ | ၂၆၂၀ | ၂၆၁၅ | ၂၅၈၀ | ၂၆၂၀ | ၂၆၄၀ | ၂၆၄၀ | ၂၆၀၅ | ၂၇၂၅ | ၂၇၂၀ | ၂၆၁၀ | ၂၆၂၅ | ၂၆၅၅ | ၂၆၆၀ | ၂၆၆၀ | ၂၈၉၀ | ၃၅၉၅ |
| HSD (10 ppm) | ၂၅၈၅ | ၂၆၃၅ | ၂၆၃၀ | ၂၅၉၅ | ၂၆၃၀ | ၂၆၅၅ | ၂၆၅၀ | ၂၆၁၅ | ၂၇၃၅ | ၂၇၃၀ | ၂၆၂၅ | ၂၆၃၅ | ၂၆၇၀ | ၂၆၇၀ | ၂၆၇၅ | ၂၉၀၀ | ၃၅၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၅၉ | ၂၆၄၄ |
| 95 Ron | ၂၆၇၇ | ၂၇၆၄ |
| HSD (500 ppm) | ၂၄၀၄ | ၂၄၈၂ |
| HSD (50 ppm) | ၂၄၅၁ | ၂၅၃၀ |
| HSD (10 ppm) | ၂၄၆၄ | ၂၅၄၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်ပေါင်းမြောက်မြားစွာ အသုံးပြုနေသော

# ပြင်ဦးလွင် နန်းမြိုင်ကော်ဖီ






ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၀၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

100% PURE ARABICA COFFEE



## Myanmar Mobile Money(MMM) မှ လက်ရှိရယူနိုင်သောဝန်ဆောင်မှုများအပြင်

Digital Mobile Money-DMM(App) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများကိုထပ်မံရယူနိုင်ပါပြီ။

Myanmar MOBILE MONEY

- ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း
- နှစ်အတွင်းကာလတိုချေးငွေလျှောက်ထားခြင်း
- ဒီဂျစ်တယ်လူမှုဘဝဆိုင်ရာဝန်ဆောင်မှုများပေးခြင်း
- မြန်မာအာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း
- e-Topup ဖုန်းပြောခဖြည့်သွင်းခြင်း
- လျှပ်စစ်မီတာခများပေးဆောင်ခြင်း
- ပြည်တွင်း/ပြည်ပမှ ပြည်တွင်းငွေလွှဲခြင်း
- E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း




ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

အငြိမ်းစား လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။


## ဝန်ထမ်းအလိုရှိသည်

1. မြို့တွင်း Driver (2) ဦး
2. အိမ်နေ Driver (2) ဦး

- အမှတ်စဉ် (1), (2) အတွက် လိုင်စင်သက်တမ်း (3)နှစ်နှင့်အထက် ရှိရမည်။ အသောက်အစားကင်းရှင်းသူဖြစ်ရမည်။ စာရိတ္တကောင်းမွန်ရမည်။
- အလုပ်ကို အမှန်တကယ် စိတ်ပါဝင်စားသူဖြစ်ရမည်။ စိတ်ဝင်စားပါက CV Form၊ အိမ်ထောင်စုဇယားမိတ္တူ၊ လိုင်စင်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ ဓါတ်ပုံ(2)ပုံ၊ ထောက်ခံစာတို့နှင့်တကွ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်။ အမှတ်(14)၊ 85 လမ်း၊ 28×29လမ်းကြား၊ မန္တလေးမြို့။
02-4069291 , 09-5069199

## ပျောက်ဆုံးကြောင်း

တောင်သာမြို့နယ်၊ ထန်းပင်ခြံရွာမကျေးရွာနေ မောင်ကောင်းမြတ်သူ (ဘ) ဦးဖြူဝင်း (၉/တသန(နိုင်)၁၈၉၃၀၀)၏ နိုင်ငံကူးလက်မှတ်အမှတ် (ME-028534) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၈၀၇၆၅၅၈၉

## ပျောက်ဆုံးကြောင်း

တောင်သာမြို့နယ်၊ ထန်းပင်ခြံရွာမကျေးရွာနေ မောင်ဌေးရှိန် (ဘ) ဦးချစ်တင် (၉/တသန(နိုင်)၂၁၄၂၀၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (ME-792558) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၇၈၀၇၇၅၉၈

## သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းပြေ၏

## သင့်သွေးဖြင့် အသက်ကယ်ပါ

## မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

### ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## အသုဘရှုပိတ်ကြားလွှာ

မန္တလေးမြို့၊ ကုက္ကိုစုရပ်နေ (ဦးမောင်မောင်+ဒေါ်ထိုက်ထိုက်) တို့၏ သား၊
မြင်းကလေးရပ်နေ (ဦးတင်မောင် + ဒေါ်မြမြ) တို့၏ သမက်၊
မောင်ဟိန်းစန့်ကိုကို၊ မောင်မင်းစန့် ညီညီ တို့၏ ကျေးဇူးရှင်ဖခင်၊
ဒေါ်သင်းသင်းရီ ၏ ခင်ပွန်း၊
ဘုရား၊ ရဟန်း၊ ကျောင်း၊ ဒါယကာ

**ဦးကျော်မျိုးမင်း**

အသက် (၅၃)နှစ် သည်

၁၃၈၅-ခုနှစ်၊ တပို့တွဲလဆန်း(၁) ရက် ၊ ၁၀.၂.၂၀၂၄ (စနေနေ့) ည (၉း၁၂) နာရီအချိန်တွင် (၉၆) ပါးသောရောဂါဝေဒနာဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို ၁၃၈၅ခုနှစ်၊ တပို့တွဲလဆန်း(၃) ရက်၊ ၁၂.၂.၂၀၂၄ (တနင်္လာနေ့) နေ့လည် (၁း၀၀) နာရီတွင် အထက်ပါနေအိမ်မှ တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသုဘရှုပို့ဆောင်နိုင်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူ မိသားစု

❖ ဖက်ဒရယ်စနစ်ကျင့်သုံးခြင်းနှင့်ပတ်သက်၍ လူမျိုးကို အခြေခံသည့် ဖက်ဒရယ်ကို ဆောင်ရွက်ခြင်းမဟုတ်ဘဲ ဒေသကို အခြေခံသည့် ဖက်ဒရယ်စနစ်ကို ဆောင်ရွက်ရမည်ဖြစ်...

❖ နိုင်ငံတကာတွင်လည်း ဖက်ဒရယ်စနစ်ကို ကျင့်သုံးလျက်ရှိသည့် နိုင်ငံများရှိသော်လည်း တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကျင့်သုံးမှုခြင်းတူညီမှုမရှိ...

❖ မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံ၏အခြေအနေနှင့် လိုက်လျောညီထွေရှိသည့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးရမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၈ ရက်တွင်ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၄/ ၂၀၂၃)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ထံမှ ၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

စာမျက်နှာ - ၁၈

## မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စည်းကမ်းထိန်းသိမ်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**မြန်မာနိုင်ငံရဲတပ်ဖွဲ့စည်းကမ်းထိန်းသိမ်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၁၆ / ၂၀၂၄)**

၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်

(၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာနိုင်ငံရဲတပ်ဖွဲ့စည်းကမ်းထိန်းသိမ်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံရဲတပ်ဖွဲ့စည်းကမ်းထိန်းသိမ်းရေးဥပဒေပုဒ်မ ၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃။ ဤဥပဒေတွင်ပါရှိသော စကားရပ်များသည် ရာဇသတ်ကြီးတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

**စာမျက်နှာ ၁၉ ကော်လံ ၁** ☞

## (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ထုတ်ကုန်ပြပွဲနှင့် ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ ပွဲတော်လာပြည်သူများဖြင့် စည်ကားလျက်ရှိ



**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ထုတ်ကုန်ပြပွဲနှင့် ရိုးရာအစားအစာများခင်းကျင်းပြသရောင်းချပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဆက်လက်ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများ၊ လူငယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့်မိသားစုများ၊ ပြည်သူများ စိတ်ပါဝင်စားစွာဖြင့် တစ်ခဲနက်လာရောက်လေ့လာကြည့်ရှု ဝယ်ယူကြသည်။ **စာမျက်နှာ ၂၂ ကော်လံ ၁** ☆

**မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဘားအံမြို့နယ်နှင့် လှိုင်းဘွဲ့မြို့နယ်တို့မှ အငြိမ်းစားဝန်ထမ်းဟောင်းများ ဖူးမြော်ကြည်ညို**

စာမျက်နှာ - ၂၀

**နိုင်ငံတော် လုံခြုံရေးနှင့် ကာကွယ်ရေး တာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ လာရောက်ပေးအပ်**

စာမျက်နှာ - ၁၇